www.burmeseclassic.com

# လင်းညိုသွေး

## နယ်ခြားမှတ်တိုင်

LINN NYOUT THWAY

BOUNDARY POST

BURMESE CLASSIC



DESIGN THEIN SH… KYI

www.burmeseclassic.com

www.burmeseclassic.com

## လင်းညို့သွေး ရေးသားထုတ်ဝေပြီးသော စာအုပ်များ

၁။ အသည်းခွဲ ဖက်ရှင်
၂။ တိမ်တိုက်တို့ရဲ့ အသွင်ကွဲရာသီ
၃။ ကိုယ်တိုင်ရိုက်ချိုးတဲ့ ပဥ္စမံနံရိုး
၄။ ဒဏ်ရာစက်လက် ဒိုင်ယာရီ
၅။ ရွှေမင်းသမီးရဲ့ ပျော်တော်ဆက်
၆။ ဂျစ်ပစီ သင်ခန်းစာ
၇။ မာယာ ကစားပွဲ
၈။ ရင်ခုန်သံ စီးချင်း
၉။ နတ်သမီးချည်တိုင်
၁၀။ အလင်းဖျောက်ကြယ်
၁၁။ ရည်စားရဲ့ ရည်းစား
၁၂။ ချစ်သူခိုင်းဖတ်
၁၃။ ရင်ဗုက်တမ်း ကဗျာ
၁၄။ အနမ်းစက်ဝိုင်း
၁၅။ ရယ်သံထွက်နေတဲ့ မျက်ရည်စက်
၁၆။ အရိပ်စစ် ကကြိုး

**ယခုလ ထွက်ရှိသည့်စာအုပ်**

၁၇။ နယ်ခြားမှတ်တိုင်

**နောက်လထွက်ရှိမည့်စာအုပ်**

၁၈။ တေလေမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၂၂၀၆၁၁**

**မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၈၁၀၇၁၁**

**ထုတ်ဝေသည့်ကာလ**

[ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၁]

**အုပ်ရေ**

၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း**

သိန်းရွှေကြည်

**ထုတ်ဝေသူ**

ဦးမောင်မောင်မြင့်အေး၊ 'လာဘ်မိုးဆွေ'စာပေ

(၂၀၅) ပိတောက်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

**ကွန်ပျူတာစာစီ**

ကြယ်စင်သစ်

**အတွင်းဖလင်**

ပုံရိပ်ရှင်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးရှိန်ဝင်းအောင်၊ 'မိဘအေးရိပ်'ပုံနှိပ်တိုက်၊ (၁၅၀) ၄၈-လမ်း၊ ရန်ကုန်မြို့။

**တန်ဖိုး**

၁၈၀၀ ကျပ်

**ဖြန့်ချိရေး**

**'သိမ့်ထိုက်စာပေ'**

အမှတ် (၂၀၁)၊ ၄-လွှာ(ညာ)၊ ၃၂လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်။ ဖုန်း - ၀၁ ၂၄၅၂၅၈

လင်းညိုမြသွေး ၈၉၅.၈၃

နယ်ခြားမှတ်တိုင် / လင်းညိုမြသွေး။ - ရန်ကုန်၊

လာဘ်မိုးဆွေစာပေ၊ ၂၀၀၉။

၁၈၀-စာ၊ ၁၃.၅ × ၂၁.၅စင်တီမီတာ၊

(၁) နယ်ခြားမှတ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

# လင်းညို့သွေး

## နယ်ခြားမှတ်တိုင်

Linn Nyout Thway

BOUNDARY POST



www.burmeseclassic.com

www.burmeseclassic.com

လူသားတစ်ယောက် မွေးဖွားလာသည့်အခါ...

တန်ခိုးရှင်တစ်ဦးသည် ကောင်းကင်ဘုံမှ ဆင်းသက်လာပြီးနောက် မွေးကင်းစကလေးငယ်ကို နမ်းရှိုက်သည်ဟု အဆိုရှိ၏။

ထိုသို့ တန်ခိုးရှင် နမ်းရှိုက်သည့်နေရာကို လိုက်၍ ကလေးငယ်၏ အနာဂတ်သည် ဖွဲ့စည်းဖြစ်တည်သည်ဟု ကြားနာမှတ်သားဖူးပါသည်။

ခေါင်းကိုနမ်းလျှင် သုတေသီ (သို့မဟုတ်) တွေးခေါ်ရှင် ဖြစ်မည်။ လက်ကိုနမ်းလျှင် ခွဲစိတ်ဆရာဝန် (သို့မဟုတ်) ဂီတပညာရှင် ဖြစ်မည်။ ခြေထောက်ကိုနမ်းလျှင် အားကစားသမား (သို့မဟုတ်) ကချေသည် ဖြစ်မည်ဟု ဆိုကြ၏။

ဤအတိုင်းသာမှန်လျှင်...

ထိုတန်ခိုးရှင်သည် သူမအား မည်သည့်နေရာဌာနသို့ နမ်းရှိုက်ဖြစ်ခဲ့လေသနည်း...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ထိုနေ့ညနေခင်းက ရန်ပွဲတစ်ခုနှင့် သူကြုံသည်။

အမိပတိလမ်းပေါ်တွင် အတွေးတွေနှင့် မျောလွင့်လျှောက်လှမ်းချင်သဖြင့် အလာ... တက္ကသိုလ်ရိပ်သာ လမ်းပေါ်မှာ လူနှစ်စု ခိုက်ရန်ဖြစ်ပွားနေကြတာ ဖြစ်သည်။ တိုက်ခိုက်ရေးတွေကို သူ စိတ်မဝင်စားပါ။ ထိုထက်ပို၍ ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် ရန်ဖြစ်ရမှာကို သူ အလွန်ရှက်၍ ကြောက်လည်း ကြောက်ပါသည်။ သူ့ဘဝတွင် ရန်ဖြစ်ဖူးဖို့ဝေးစွ... ရန်ပွဲတွေ့လျှင်ပင် ခပ်ကင်းကင်းက ရှောင်ကွင်းသွားလေ့ရှိတာ သူ့ဓလေ့ ဖြစ်သည်။ ဒါကြောင့်ပဲ ခြေဦးတည်ချက် ပြောင်းလဲ၍ အင်းလျားဘက်သို့ ရောက်ခဲ့ရလေသည်။

ထိုနေ့က အပြာရောင်မိုးသားများ အထူးပင်လှပနေပါသည်။

ရာသီအလိုက် လေညင်းသည် အင်းလျားကန်တစ်ဝိုက်တွင် သိမ်မွေ့လတ်ဆတ်စွာ ခရီးနှင်လျက်ရှိ၏။ နေမင်းဟု လူတို့ ခေါ်ဆိုသတ်မှတ်ကြသည့် မှုလောင်သော ကြယ်ကြီးသည်လည်း မိုးကုတ်စက်ဝိုင်းအတွင်းသို့ ပြိုဆင်းလုနီးလေပြီ။

ဝတ္ထုတစ်ပုဒ်၏ အဖွင့်စကားပြေကို လှပအောင် ဘယ်လိုရေးရင်



www.burmeseclassic.com

www.burmeseclassic.com



တောင်းမလဲဟု စဉ်းစားရင်း မင်းခ တစ်ယောက်တည်း အတွေးနယ်ချဲ့ကာ လမ်းလျှောက်နေချိန်တွင် ဖြစ်သည်။

အဲသည်အခိုက်မှာပဲ ကမ်းစပ်မှာ ခြေစုံရပ်နေသော သူမကို မထင်မှတ်သော မြင်ကွင်းနှင့် စတွေ့လိုက်ရခြင်း ဖြစ်၏။

ရွှေအိုရောင်ဆံနွယ် အတွန့်အခွေတွေက လေစီးမှာ တသုန်သုန် တောင်ပံခတ်နေပါသည်။ ကပိုကရိုဝတ်စုံကလည်း လေပြည်အတိုးအဝှေ့မှာ တဖျပ်ဖျပ်လွင့်ခါလျက် ရှိ၏။ ဆည်းဆာနေဝင် အရိပ်ထင်နေသော တန်ရေပြင်နောက်ခံနှင့် နွဲ့နှောင်းသော စွဲမက်ဖွယ် သူမကိုယ်ဟန်ကို တွေ့မြင်ရသည်မှာ အနုပညာဆန်လှသဖြင့် မင်သက်ငေးမော ဖြစ်သွားလေသည်။ တကယ်ကို လျှပ်တစ်ပြက်ပါပဲ။

မင်းခ နှစ်လိုစွာ ငေးမောကြည့်ရှုနေစဉ်မှာပင်-

သူမသည် တစ်စုံတစ်ရာကို ယတိပြတ် စိတ်ပိုင်းဖြတ်လိုက်ဟန်ဖြင့် ကိုယ်ခန္ဓာကို ရိပ်ခနဲ လှုပ်ရှားလိုက်၏။

"ပွမ်း..."

"ဟာ..."

ရေထုအတွင်း လှပစွာသော သူမခန္ဓာ နစ်မြုပ်ကျဆင်းသွားပုံက အသည်းယားစဖွယ်။

မင်းခ အလွန် အံ့အားသင့်သွားသလို အရမ်းလည်း ထိတ်လန့်တုန်လှုပ်သွားမိ၏။ ပထမတော့ ပူအိုက်မှုကြောင့် ဒင်းကလေး ရေ ဆင်းကူးတာများလားဟု တွေးမိသေးသည်။

သို့သော်... အခြေအနေက မဖြစ်နိုင်။

လူသားဆန်သော စိုးရိမ်စိတ်က ရုတ်တရက် ချက်ချင်း မင်းခထံတွင် လာရောက်ပူးကပ်လေသည်။ တွေဝေမနေတော့ဘဲ ကိုယ်ပေါ်မှ အင်္ကျီကို ချွတ်ခွာကာ ရေထဲသို့ အလျင်အမြန် ဖိုင်ဗင်ပစ်ဆင်း၍ သူမအား ဆယ်ယူသမှု ပြုလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



(ပထမဆုံး စတွေ့တဲ့နေ့မှာပဲ မင်းဟာ ငါ့ကို ဒုက္ခအသေးစားလေးနဲ့ မိတ်ဆက်ပေးခဲ့တာပါ မိန်ကလေးရယ်...)

ရေနစ်သူကို ကယ်ဆယ်ရင်း ကိုယ်ပါ ရေနစ်တတ်တယ်ဆိုသော စကားမှာ အပိုပြောတာမဟုတ်မှန်းလည်း ကိုယ်တွေ့ကြုံမှ ပိုယုံသွား၏။

တွန်းထိုးရုန်းကန်မှုများနှင့် ရင်ဆိုင်ရပြီးနောက် ရေစိုအလှနှင့် သူမကို တမ်းစပ်ပေါ် ချအပြီးမှာတော့ သူ အလွန် နုံးချိမောဟိုက်နေပါပြီ။ သူမကို ကြည့်ရသည်မှာလည်း ရေမွန်းထားပုံရ၏။ သူမအလှက ရမ္မက်ဆန်တာလည်း သတိပြုမိလိုက်သည်။

အမွေးပွ ခွေးစုတ်ဖွားကလေးတစ်ကောင် လည်ဆံမွေးတွေကို ပရမ်းပတာ ရမ်းခါနေသလိုမျိုး သူမက ခေါင်းကလေးလှုပ်၍ ရေစိုဆံပင်တွေကို ဆတ်ခနဲ ဆတ်ခနဲ သပ်ခါနေသည်။

"မင်း ဘာဖြစ်လို့ အခုလိုလုပ်ရတာလဲကွာ၊ ဟူး..."

လေပူတွေကို မှုတ်ထုတ်ရင်း ပြောလိုက်သော အပြစ်တင်သံပါသည့် သူ့စကားကို သူမက ထုံပေပေ ဘုဆတ်ဆတ်ပင် တုံ့ပြန်၏။

"သေချင်လို့ပေါ့"

ရှင်းရောပဲ။

သူမ အဖြေစကားကြောင့် မင်းခစိတ်ထဲ မချင့်မရဲ ဖြစ်သွားမိ၏။

"မင်းသေချင်တာက အရေးမကြီးဘူး။ ကန်ရေပြင် ညစ်ပတ်သွားလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာကလည်း..."

"ဘာလဲ အဖန်ငါးရာ ငါးကမ္ဘာလို့ ပြောမလို့လား။ အဲဒီစကားကြီး ကျွန်မ ကြားဖူးပါတယ်"

သူမက သူ့စကားကိုဖြတ်၍ ဘုဆတ်ဆတ် လုပြော၏။ မင်းခ ခေါင်း ကို ဘယ်ညာ ယမ်းခါလိုက်မိပါသည်။

"အဲဒါဆိုရင်တော့ မင်း မှားနေပြီ"

"ဘာမှားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကို သတ်သေရင် အဖန်ငါးရာဆိုတဲ့ ဘဝငါးရာ ငါးကမ္ဘာ ခံရမယ်ဆိုတဲ့စကားဟာ ကျမ်းဂန်တွေမှာ ဖော်ပြထားခြင်း မရှိပါဘူး။ အဖန် ငါးရာ ငါးကမ္ဘာဆိုတဲ့စကားဟာ ဇကကနိပါတ်၊ မတကသတ္တဇာတ်ကနေ လာတဲ့ စကားပါ။ တစ်စုံတစ်ယောက်ဟာ ပါဏာတိပါတကံ လွန်ကျူးခဲ့ရင် အဲဒီကံကြောင့် သေသည်၏ အခြားမဲ့၌ အပါယ်ငရဲမှာ ဆင်းရဲဒုက္ခခံစား ရတယ်။ ငရဲမှလွတ်လာရင်လည်း တူသောအကျိုးပေးတဲ့အနေနဲ့ သူတစ်ပါး ရဲ့ သတ်ခြင်းကို ဘဝပေါင်းငါးရာတိုင်တိုင် ခံရတယ်လို့ ဖော်ပြထားတယ်။ သူတစ်ပါးအသက်ကို သတ်ရင် အဲဒီလိုအပြစ်တွေ ခံရတတ်ကြောင်း ဖော် ပြထားပြီး မိမိကိုယ်ကို သတ်လို့တော့ အဖန်ငါးရာ ငါးကမ္ဘာခံရကြောင်းကို ဖော်ပြထားခြင်း မရှိဘူး"

မျက်လုံးအဝိုင်းသားနှင့် သူမ ငြိမ်သက်စွာ နားထောင်နေတာ တွေ့ ရ၏။ လူထုကြားမှာ တွင်ကျယ်စွာ အရိုးစွဲ ပျံ့နှံ့နေသော သတင်းစကား တွေနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အံ့ဩသွားတာလည်း ဖြစ်နိုင်၏။

"အမှန်က ပါဏာတိပါတကံဆိုတာ သူတစ်ပါးအသက်ကို သတ်တဲ့ ကံသာဖြစ်တယ်။ မိမိကိုယ်ကို သတ်တဲ့ကံမဟုတ်ဘူး။ ပါဏာတိပါတကံ ဟာ အင်္ဂါငါးပါးပြည့်စုံမှသာ ကမ္မပထမြောက်ပြီး အပါယ်ကျစေနိုင်တာ။ အင်္ဂါငါးပါးအနက် တစ်ပါးပါးချို့ယွင်းခဲ့ရင် ကမ္မပထ မမြောက်တာကြောင့် အပါယ်မကျနိုင်ဘူး။ မိမိကိုယ်ကို သတ်သေခြင်းဟာ ပါဏာတိပါတကံ မြောက်ကြောင်း အင်္ဂါငါးပါးအနက်က ပါဏသည်တာ- သတ္တဝါဟု အမှတ် ရှိခြင်းဆိုတဲ့ အင်္ဂါနဲ့ မပြည့်စုံတာကြောင့် ပါဏာတိပါတကံမထိုက်ကြောင်း ဝိမတိဝိနောဒနီ (ပ-၂၂၈)မှာ အတိအလင်း ဖော်ပြထားတယ်"

ရုတ်တရက် သူမ မျက်ဝန်းတွေ လက်ခနဲဖြစ်သွားတာ-

"ဒါဆို ကျွန်မ ကိုယ့်ကိုကိုယ် သတ်သေလို့ အပြစ်မရှိဘူးပေါ့။ အဲဒါ နဲ့များ ရေစိုခံပြီး ဘာလို့ ဆင်းဆယ်နေသေးလဲရှင်။ ကဲ ဖယ် ကျွန်မလည်း စိတ်ဖြောင့်လက်ဖြောင့်နဲ့ ပြန်သေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရေထဲပြန်ဆင်းဖို့ ပြင်လိုက်သည့် သူမ လှုပ်ရှားမှုကြောင့် မင်းခ သူ့ အမှားသူ သတိပြုမိသွားတော့သည်။ ငါ့နှယ်နော် မြှောက်ပေးသလို ဖြစ်နေ ပါရောလား။

သူမလက်ကို ဖမ်းဆွဲပြီး-

"မင်းက ငါ့စကားကို ဆုံးအောင်မှ နားမထောင်တာပဲကိုး။ ကိုယ့်ကို ကိုယ် သတ်သေရင် အဖန်ငါးရာ ငါးကမ္ဘာခံရတယ်ဆိုတာ မဟုတ်မှန်ပေမယ့် ဒီဌီနဲ့ တဏှာက တွန်းပို့လို့ မိမိကိုယ်မိမိ သေကြောင်းကြံစည်မိရင်တော့ စောန်မလွဲ အပါယ်ငရဲကျလိမ့်မယ်ကွ။ နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ သေချင်နေရ တာလဲ"

"ဒါကတော့ ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့ရှင်"

သူမက ထီမထင်ဟန်ဖြင့် မျက်နှာပြင်ထက်မှ ကပိုကယို ရွှေအိုရောင် ဆံနွယ်မျှင်တွေကို သပ်တင်နေသည်။ ရေစိုအဝတ်တွေက သူမ အသားစိုင် အချို့မှာ ကပ်ငြိနေသဖြင့် မင်းခ မျက်နှာလွှဲထားလိုက်ပါ၏။

"မင်းမှာလည်း မင်းအကြောင်းနဲ့မင်း ရှိလိမ့်မယ်ဆိုတာ ငါ သိပါ တယ်။ ဒါပေမယ့် ကိုယ့်အသက်ကို စတေးရလောက်တဲ့အထိတော့ မဖြစ်သင့် ဘူးလို့ ငါထင်တယ်"

သူမ မာန်ပါပါနှင့် ဆံပင်ကောက်ကောက်တွေကို ခါလိုက်ပြန်ပြီ ထင် ပါသည်။ ရေစက်ရေမှုန်ကလေးများက အကာအကွယ်ကင်းမဲ့နေသော အပေါ်ပိုင်း သူ့ခန္ဓာတစ်ခြမ်းအား လာစင်၏။

"ရှင်ဘယ်လိုလူလဲ၊ သူများသေမှာကိုလည်း လာပြီး ကဖျက်ယဖျက် လုပ်တယ်။ ဩဝါဒတွေလည်း လာခြွေနေတယ်။ ရှင်နဲ့ဘာဆိုင်လို့ ဆရာ ကြီး ဝင်လုပ်နေရတာလဲ"

ဟာ... တော်တော်စွာပါလား။

ကျေးဇူးမတင်သည့်အပြင် စကားလုံးတွေနှင့်ပါ အန္တရာယ်ပေးနေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ခင်းခစိတ်ထဲ တင်းခနဲတော့ ဖြစ်သွားမိသေးသည်။ သို့သော် လက်တလော မှာ သူမ စိတ်ရှုပ်နေလို့ပဲဟုတွေးကာ နားလည်ပေးလိုက်ပါသည်။

"မင်းကို အနှောင့်အယှက်ပေးသလိုဖြစ်သွားရင် ငါ တောင်းပန်ပါတယ်။ ဒါပေမယ့် ဘယ်ပြဿနာမှာမဆို ထွက်ပေါက်ဆိုတာ ရှိတယ်။ အဲဒီ ထွက်ပေါက်ကို မင်းတွေ့အောင်ရှာပါ။ ကိုယ့်ကိုယ်ကို သတ်သေတဲ့နည်းနဲ့တော့ ပြဿနာကို မဖြေရှင်းပါနဲ့"

ထိုသို့ပြောပြီးတာနှင့် အင်္ကျီကို ကောက်ယူပြီး မင်းခ ထွက်လာခဲ့ပါသည်။ ကျောအခိုင်းမှာ ဝိုင်းစက်သော သူမ မျက်ဝန်းတွေက သူ့အား ငေးကြည့်နေမလားဟုတော့ တွေးဖြစ်သေး၏။

အဲသည်နေ့ ညနေခင်းသည် အလွန်သာယာတာတော့ ကောင်းစွာ အမှတ်ရမိနေပါသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အိမ်ခန်းရှေ့ မင်းခပြန်ရောက်ချိန်တွင် ကောင်းကင်ယံမှာ ကြယ်ပူကြီးလည်း ပျောက်ဆုံးနေချေပြီ။ သူ၏စွမ်းအင်ဖြင့် လင်းသောလခြမ်းကွေးလေးကိုတော့ မှုန်မှုန်ရေးရေး မြင်တွေ့နေရပါ၏။

အခန်းတံခါး ဖွင့်ဝင်လိုက်သောအခါ-

ခုတင်ပေါ်မှာ ပိုးလက်ပက်လက် အိပ်ပျော်နေသော ဇာနည်အောင်ကိုမြင်တော့ မင်းခ နှာခေါင်းရှုံ့မိသည်။ ဒီကောင် နေ့လယ်ကတည်းက ပြန်နှပ်နေတာ အခုထိ ထသေးပုံမရ။ ဒါနှင့်များတောင် ကူဖော်လောင်ဖက်ရအောင် လာနေပေးတာဟု ဆိုသေးသည်။ (အမှန်က အလုပ်မရှိ အကိုင်မရှိနှင့် မိဘပူညံပူညံလုပ်တာကို မခံနိုင်၍ ဒီမှာ လာနေတာဖြစ်သည်)

မုဒိတာ မပွားနိုင်သဖြင့်-

"ဟိတ်ကောင် ဇာနည်အောင်၊ ပျင်းကောင် ဝက်သိုး ထ ထ ထတော့"

လှုပ်နိုးလိုက်မှ တအင်းအင်း တအဲအဲနှင့် သကောင့်သား မျက်စိနှစ်လုံး ပွင့်လာသည်။

"ညစာအတွက် မင်းဘာလုပ်ထားလဲ"

"ဘာမှ မလုပ်ရသေးဘူး။ ဝါး... အိပ်ကောင်းလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



တေိကား ဝက်မှိန်း, မှိန်းနေပြန်သည်။ (ဇာနည်အောင်သည် ဝက်အစ်ကောင်လို ဝသူ ဖြစ်၏)

"မင်းဟာလေ တော်တော်ဖျင်းတာပဲ၊ သူဖုန်းစားထက် ဆိုးတဲ့ကောင်"

"ဟမ်... ဟာ"

ကကျိုးကကြောင်နှင့် ထထိုင်သည်။

"ငါက ဘာကိစ္စ သူတောင်းစားထက် ဆိုးရမှာလဲကွ။ ပြောစမ်းပါဦး"

"မင်း အချိန်ပြည့်အိပ်နေလို့ ပြောတာလေ"

"အိပ်တာနဲ့ ဘာဆိုင်လို့လဲ"

သူထိတော့ နာသည်။

"ဆိုင်တာပေါ့ကွ၊ အိပ်တိုင်းကောင်းတယ် ထင်မနေနဲ့။ အိပ်တာမှာ အတိုင်းအတာဆိုတာ ရှိတယ်။ တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ဆိုရင် ညဉ့်မှာ တစ်ယံပဲ အိပ်ရတယ်။ ပညာရှိသုခမိန်ဆိုရင် ညဉ့်နှစ်ယံပဲ အိပ်ရတယ်၊ အိမ်ယာထောင်တဲ့လူတွေဆိုရင် သုံးယံပဲ အိပ်ရတယ်။ သူဖုန်းစားဆိုရင်တော့ လေးယံလုံး အိပ်လို့ရတယ်။ အခု မင်းက ညဘက်တင်မဟုတ်ဘဲ နေ့ဘက်မှာပါ အိပ်နေတော့ သူတောင်းစားထက်တောင် ဆိုးနေတာပေါ့ကွ"

"ဟာကွာ... မင်းပြောပုံကြီးကလဲ"

အနှုတ်မခံရပါဘဲ ဇာနည်အောင် နည်းနည်းတော့ ကျွတ်ကျဲသွားပုံရသည်။ သနားသောအားဖြင့်-

"ကာလနဂါးနဲ့စာရင်တော့ မင်းက အများကြီး သာပါသေးတယ်"

"အဲဒီကောင်ကြီးကကော တော်တော်အိပ်လို့လား"

ဝါသနာတူချင်းမို့ သိချင်သွားပုံရ၏။

"သိပ်အိပ်တာပေါ့ကွာ။ ပက်စက်ကော အိပ်တာ"

"ဒီကောင်ကြီး အိပ်ပုတ်ကြီးတာတော့ ကြားဖူးပါတယ်။ ဒါနဲ့ ဘယ်လောက်များ အိပ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား သမ္ဗုဒ္ဓဉာဏ်တော်ရပြီး နေရဉ္ဇရာမြစ်မှာ ယနာနို့ဆွမ်း ဘုန်းပေးတယ်။ ပြီးတော့ ရွှေခွက်ကို မျှောတယ်။ အဲဒီအခါမှာ ရှေးဘုရားရှင်တွေရဲ့ ရွှေခွက်မြုပ်ရာအရပ်ကိုရောက်တော့ ရွှေခွက်က နစ်ပြီး ရှေးက ရွှေခွက်တွေနဲ့ထိတော့ အသံမြည်တယ်။ အဲဒီအသံကို ကြားတော့မှ ကာလနဂါး က "သြော်... ဘုရားတစ်ဆူ ပွင့်ပြန်ပြီပဲ"ဆိုပြီး အိပ်ပျော်နေရာက နိုးတယ်တဲ့။ ဘုရားတစ်ဆူပွင့်မှ တစ်ခါပဲနိုးတဲ့ ငပျင်းကြီးပေါ့ကွာ"

"ဟာ... တော်တော်အိပ်ပုပ်ကြီးတဲ့ကောင်ကြီးပဲ ဒီကောင်ကြီး ဒိုင်ယာဇီပင် (Diazepan) တွေများ ချသလား မသိဘူးနော်"

အတွေးအခေါ်က စူးလက်သည်။ ပြီးနောက် မျက်မှောက်ကြုတ်၍-

"ပြီးတော့ကော ဒီကောင်ကြီး ဘာလုပ်သလဲကွ"

"ဘာမှမလုပ်ဘူး၊ ပြန်အိပ်တယ်လေ"

"ဟေ... ဟုတ်လား"

ဇာနည်အောင် ခေါင်းတညိတ်ညိတ်ဖြစ်သွားသည်။ သဘောကျသွားပုံပါပဲ။ တစ်ခုခုကို ပြတ် သားစွာ ဆုံးဖြတ်လိုက်ဟန်ဖြင့်-

"ဘုရားပွင့်တာနဲ့ကြုံတဲ့ ဒီကောင်ကြီးတောင် ဘုရားကို သွားမဖူးဘဲ ပြန်အိပ်သေးတာ... ငါလည်း ထပ်အိပ်ဦးမယ်ကွာ"

"ဟာ... ဒီကောင်"

ဇာနည်အောင်က အိပ်ရာပေါ် အိခနဲ လှဲချလိုက်ပြန်ပါသည်။ မင်းခ စိတ်ထဲမှ ကာလနဂါးကြီးကိုသာ မေတ္တာပို့သလိုက်မိတော့၏။

ဒင်းကြောင့် ဒီနေ့ ညစာငတ်တော့မယ်ထင်ပါရဲ့။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နေ့သစ်၏ အလင်းရောင်မှာ ရှင်းသန့်တောက်ပလို့နေပါသည်။

စာရေးစားပွဲမှာမြကာ မင်းခ အပျော်ဖတ် အချစ်လုံးချင်းဝတ္ထုတစ်ပုဒ် ရေးနေ၏။ အပျော်ဖတ်ဝတ္ထုတစ်ပုဒ်ကို အပျော်ဖတ်ထက် လေးနက်စေလိုသော ဆန္ဒနှင့် စိတ်ကူးတွေကို အမွန်တမြတ် စိုက်ပျိုးနေမိပါသည်။

ထိုစဉ်အခိုက်မှာပဲ ဖုန်းသံက မြည်လာသည်။ ဇာနည်အောင်က သူ ကြောင်နေသော ကောင်မလေးဆီ သွားဦးမယ်ဟုပြောကာ ထွက်သွားသဖြင့် မင်းခ ထကိုင်လိုက်ရ၏။

"ဟယ်လို"

"ကိုမင်းခနဲ့ ပြောချင်လို့ပါ"

"ကျွန်တော် မင်းခပါခင်ဗျာ။ ဘာကိစ္စရှိလို့လဲ မသိဘူး"

"ကျွန်မ ရူးရူးပါ"

အသိမိန်းကလေးတွေထဲမှာ ရူးရူးဆိုတာ မရှိသဖြင့် မင်းခ ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်။

"မနေ့က ရှင့်ရေထဲ ဆင်းဆယ်ခဲ့တဲ့ တစ်ယောက်လေ"

ဒီတော့မှ ရွှေအိုရောင်ဆံပင်ကောက်ကောက်တွေနှင့် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို အမှတ်ရမိလိုက်၏။ ဒင်းကလေးနဲ့ငါ ရေစက်မကုန်သေးဘူး ထင်ပါရဲ့...။

"မနေ့က ကန်စပ်မှာ ရှင့်ပိုက်ဆံအိတ် ကျကျန်ခဲ့တာ။ အဲ့ဒါ ပြန်ပေးမလို့"

"ဪ..."

မင်းခ တော်တော်စိတ်ချမ်းသာသွားမိလေသည်။

မနေ့က ပိုက်ဆံအိတ် ကျကျန်ခဲ့တာကို ညစာထွက်စားရန်ပြင်မှ သိ သည်။ ပိုက်ဆံက သိပ်မများပေမယ့် မှတ်ပုံတင်နှင့် အရေးကြီးသော စာ ရွက်စာတမ်း တချို့တလေ ပါသွားသဖြင့် နှမြောနေမိ၏။

"ဘယ်ကို လာပေးရမလဲဟင်"

သူမနှင့် ကော်ဖီဆိုင်တစ်ဆိုင်မှာ ချိန်းဆိုလိုက်ပါသည်။ ပြီးနောက် သွားရန်အတွက် ပြင်ဆင်လိုက်၏။

မင်းခက ပိုက်ဆံအိတ်ထဲတွင် မိမိ၏ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင် အမှတ်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် သွေးအမျိုးအစားကိုပါ ရေး၍ ထည့်ထားလေ့ ရှိသည်။ မတော်တဆမှုတွေ များပြားသောလောကမှာ ဘာ မဆို အချိန်နေရာမရွေး ဖြစ်ပျက်လာနိုင်လေသည်။

အခုတော့ ထိုအကျင့်ကလေး၏ကျေးဇူးကြောင့် လတ်တလောမှာ ပိုက်ဆံအိတ် ပြန်ရပေတော့မည်။

ကောင်းကင်ယံမှာ တိမ်ညိုတွေ အုံ့ဆိုင်းနေရာ ရာသီဥတုက နေရ ထိုင်ရတာ တစ်မျိုးတစ်ဖုံ အရသာရှိနေပါသည်။ ကော်ဖီဆိုင်မှာ စောင့်မျှော် နေလိုက်ရာ ခဏအကြာမှာ အတိုင်းထက်အလွန် ပြင်ဆင်ခြယ်သမှုများနှင့် ရွှေဝါရောင် ဆံကောက်မလေး ရောက်လာ၏။

တွေ့တွေ့ချင်းပဲ သူ့စကားက ဖွဲ့သလိုတော့ ဖြစ်သွားသည်။

"မင်းကို ကြည့်ရတာ ပန်းချီကားထဲက ခုန်ဆင်းလာတဲ့ အတိုင်းပဲ"

"ဘာလဲ သိပ်လှနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရောင်တွေ သိပ်များလွန်းနေလို့"

မျက်နှာပြင်ထက်မှာ ဆေးရောင်စုံ ရောစပ်လိမ်းခြယ်ထားသော သူမထံမှ သူ မနှစ်သက်သော ရေမွှေးနံ့ ခပ်စူးစူးကိုပါ ရှူရှိုက်မိလိုက်သဖြင့် အနည်းငယ်တော့ စိတ်ကသိကအောင့် ဖြစ်ရလေသည်။

အမှိုက်ကားတစ်စီး အနီးမှာရှိနေတာနှင့် အလွန်အကျွံ ဆွတ်ဖျန်းထားသောကြောင့် ရေမွှေးနံ့တထောင်းထောင်းထနေသူတစ်ဦး အနီးမှာ ရှိနေတာ သိပ်မကွာဘူးဟု သူကတော့ ထင်သည်။

"ရော့ အသက်သခင်ကျေးဇူးရှင်ကြီး ရှင့်ပိုက်ဆံအိတ်"

သူမ ကမ်းပေးသဖြင့် ပိုက်ဆံအိတ်ကို မင်းခ ယူလိုက်သည်။

"ဘာတွေပျောက်သွားသေးလဲ၊ စစ်ကြည့်လိုက်ပါဦး"

အားနာမှုဆိုတာ နေရာတကာမှာ မကောင်းသဖြင့် ပိုက်ဆံအိတ်ကို ဖွင့်ပြီး စစ်ဆေးကြည့်လိုက်၏။ ထိုအခါ နဂိုအတိုင်းပင် ပစ္စည်းပစ္စယာတွေ ထို စုံစုံလင်လင်ပဲ တွေ့ရှိပါ၏။

"မင်း ဘာသောက်မလဲ၊ တစ်ခုခုသောက်လေ"

သူမက ကော်ဖီတစ်ခွက် မှာသောက်သည်။ ပြီးနောက် ရွှေအိုရောင် ဆံနွယ် လိမ်ကောက်ကောက်တွေကို အနီရောင်လက်သည်းချွန် ရှည်မျောမျောတွေ တပ်ဆင်ထားသော လက်ချောင်းသွယ်သွယ်လေးတွေနှင့် ပွတ်သပ်ရင်း ဆိုင်အတွင်းမှာ ကျိုးကန်းတောင်မျှော် မျက်စိကစားနေပြန်သည်။

"ဘယ်လိုလဲ မင်းကိုယ့်ကိုကိုယ် သတ်သေချင်စိတ် ပျောက်သွားပြီလား"

စကားစလိုက်တော့မှ သူမအကြည့်က မင်းခထံ ပြန်ဝဲလာသည်။

"ဒီလိုပါပဲ"

"ဘယ်လို ဒီလိုပါပဲလဲ"

"ဩော် ကိုယ့်စိတ်ကို ဖြေနေရတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



လှပနုနယ်သော မျက်နှာကလေးမှာ နွမ်းလျသိမ်ငယ်ရိပ်တွေ စွန်းထင်နေသဖြင့် မင်းခရင်မှာ သနားစိတ်ကလေးပင် ဝင်လာသည်။ သူမမှာ ဘယ်လိုဘဝအမောတွေများ ရှိနေပါလိမ့်...။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုကိုယ်တော့ သတ်မသေပါနဲ့ကွာ။ လူ့ဘဝဆိုတာ အင်မတန် ရခဲပါတယ်။ မင်းကိုငါ ဆရာကြီးလုပ်တာ မဟုတ်ပါဘူး။ လူသားချင်း စာနာစိတ်နဲ့ သတိပေးတာပါ"

ဒီတစ်ခါတော့ ပြန်လည်နှုတ်လှန်မထိုးဘဲ ငြိမ်သက်စွာ နားထောင်နေတာ တွေ့ရ၏။

"လူတွေဟာ ဘဝမှာ ရုန်းကန်ရင်း အခက်အခဲ အကြပ်အတည်းတွေ တွေ့တဲ့အခါ ပျင်းရိငြီးငွေ့တဲ့အခါ စိတ်ထွက်ပေါက်ရှာချင်ကြတယ်။ ဒါပေမယ့် ကိုယ်ရွေးချယ်လိုက်တဲ့ စိတ်ထွက်ပေါက်ဟာ မမှားဖို့ အရမ်းအရေးကြီးတယ်။ တချို့ဆို ဦးနှောက်ဆေးတဲ့အနေနဲ့ ဖျော်ဖြေရေးတွေ လုပ်ကြတယ်လေ။ ဒါကြောင့်လည်း အရက်တို့၊ ဆေးလိပ်တို့၊ ဘိန်းတို့ မူးယစ်ဆေးဝါးတွေဟာ ကမ္ဘာမှာ ဒီကနေ့အထိ တည်မြဲနေတာပေါ့"

"အင်းနော်... ဒါပေမယ့် လူတွေရဲ့ ဖျော်ဖြေမှုတွေထဲမှာ လူတွေကိုယ်တိုင် အသုံးချခံပြန်ဖြစ်နေတာကတော့ တော်တော်ကြေကွဲဖို့ကောင်းတာပဲ"

သူမက ကော်ဖီခွက်ကလေးကို လက်မှာကိုင်ရင်း တွေဝေစွာဖြင့် ခပ်ညည်းညည်းကလေး ပြော၏။ ပြီး မင်းခကို မျက်လွှာပင့်၍ ကြည့်ကာ-

"ရှင်ပြောတဲ့ စိတ်ထွက်ပေါက်ဆိုတဲ့စကားကို ဖူး သဘောကျတယ်။ ဖူးလည်း တင်းကြပ်နေတဲ့ ဖူးရဲ့စိတ်တွေကို ထွက်ပေါက်ပေးချင်တယ်"

"ဘယ်လိုပုံစံမျိုးနဲ့လဲ"

သူမက မေးခွန်းကို မဖြေသေးဘဲ ပိုက်ဆံအိတ်အား လက်ညှိုးညွှန်၍-

"ရှင့်မှတ်ပုံတင်ထဲမှာ တွေ့တယ်။ အလုပ်အကိုင်ဆိုတဲ့နေရာမှာ စာ



www.burmeseclassic.com

www.burmeseclassic.com



ရေးခြင်းလို့ ရေးထားတော့ ရှင်က စာရေးဆရာထင်တယ် ဟုတ်လား"

မင်းခ ခေါင်းညိတ်ပြလိုက်သည်။ ထိုအခါ ကြယ်စင်သဖွယ် သူမ မျက်လုံးဝိုင်းဝိုင်းလေးတွေ တောက်ပသွားကာ-

"ဖူး အသိထဲမှာ စာရေးဆရာ မရှိသေးဘူး။ အသစ်အဆန်းဖြစ်သွားအောင် ဖူး ရှင်နဲ့ အပေါင်းအသင်းလုပ်ချင်တယ်"

"မင်းရဲ့ စိတ်ထွက်ပေါက် ဖျော်ဖြေရေးက အဲ့ဒါလား"

"အင်းလေ ဘာလဲ မရဘူးလား"

မျက်လုံးဝိုင်းဝိုင်းကလေးတွေဖြင့် ဝင်ကြည့်နေလေသည်။ စိတ်ညစ်နေသူလေး၏ လိုအင်ကို စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးချင်စိတ်တ မင်းခရင်မှာ ရုတ်တရက် ဖြစ်တည်လာ၏။

သံလိုက်စက်ကွင်းသဖွယ် ညှို့ဓာတ်မိနေသလို အသိစိတ်ကလည်း ရုန်းမထွက်ချင်ဘဲ ဖြစ်နေ၏။ ဒါကြောင့်မို့-

"ရပါတယ်ကွာ၊ ငါ့အတွက် ဘာအပန်းကြီးတာမှတ်လို့"

(အဲဒီစကားကို အလွယ်တကူ ပြောထွက်လိုက်မိတာကိုက ငါ့ရဲ့ အပြစ်လား...)

"ရှင်တကယ်ပြောတာနော်"

"တကယ်ပေါ့ကွ"

(ငါဟာ သိပ်ကို ရူးနှမ်းဖူးပါရဲ့...)

"ဒါဆို အခုချိန်ကစပြီး ဖူးနဲ့ရှင် အပေါင်းအသင်းတွေ ဖြစ်သွားပြီပေါ့နော်"

"ဒါပေါ့"

"ဟာ... ပျော်စရာကြီး"

အဲသည်အချိန်တုန်းက-

သူမ မျက်နှာလေး ပြုံးရွှင်သွားပုံကိုကြည့်၍ မင်းခရင်မှာ ကြည်နူးချမ်းမြေ့သည်။ အနန္တစကြာဝဠာရှိ အက်တမ်များနှင့် မော်လီကျူးများ

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း ဆွဲငင်ကြသည်ဆိုသော ဓာတ်သဘောကိုလည်း ခံစားမိသလို ရှိလာ၏။

သူမက ပြုံးရွှင်နေရာမှ ရုတ်တရက် မျက်မှောက်ကြုတ်၍-

"ဒါနဲ့ မေးရဦးမယ်၊ ရှင့်မှာ မိန်းမရှိလား"

"ဘာဖြစ်လို့လဲကွ"

"ဩော်... ရှိနေရင် မကောင်းဘူးလေ၊ ပေါင်းရသင်းရတာ ဘယ်လွတ်လပ်မလဲ"

သူမအပြောကြောင့် မင်းခ သဘောကျစွာ ရယ်လိုက်မိပါသည်။

"မရှိပါဘူးကွာ၊ ငါက တစ်ယောက်တည်းသမားပါ"

"တစ်ယောက်တည်းသမားဆိုတော့ မိဘတွေကကော"

"နယ်မှာ"

"ဒါဆို ရှင်က ဒီမှာ တစ်ယောက်တည်းနေတာပေါ့၊ ဟုတ်လား"

မင်းခ ခေါင်းညိတ်ပြလိုက်၏။ ပြီးမှ-

"အခုလောလောဆယ်တော့ နယ်ကသူငယ်ချင်းတစ်ယောက် ငါနဲ့ အတူလာနေတယ်"

"ယောက်ျားလေးလား၊ မိန်းကလေးလား"

"ယောက်ျားလေးပေါ့ကွ၊ မိန်းကလေးသူငယ်ချင်းနဲ့ တစ်အိမ်ထဲမှာ အတူနေလို့ သင့်လျော်မလား"

"အင်းနော်၊ ဟုတ်သားပဲ"

သူမက မျက်လုံးဝိုင်းဝိုင်းလေးတွေကို ပြူးလျက် ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ပြီးမှ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်-

"ယောက်ျားလေးတွေပဲနေတာဆိုတော့ စားရေးသောက်ရေး ဘယ် အဆင်ပြေမလဲနော်"

"ကသိကအောက်တော့ နိုင်တာပေါ့ကွာ"

"ဘာပဲဖြစ်ဖြစ်လေ၊ မနက်ဖြန်ကျရင် အပေါင်းအသင်းဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အထိမ်း အမှတ်အနေနဲ့ ရှင့်အိမ်မှာ ဖူးတို့ နေ့လယ်စာ အတူစားကြမယ်လေ၊ ဘယ်လိုလဲ”

“အင်း... ကောင်းသားပဲ”

တစ်နပ်ကောင်းကောင်းစားရ နည်းလားဆိုပြီး မင်းခ ကျေကျေနပ်နပ်ကြီး လက်ခံလိုက်မိသည်။ ပြီးမှ သူမပုံစံကိုကြည့်၍ သက်ာမကင်းဖြစ်မိသဖြင့်-

“မင်းက ထမင်းဟင်းကော ချက်တတ်လို့လား”

“အို... ချက်တော့ ဘယ်ချက်တတ်မလဲ”

“ဟင်... ဒါနဲ့ပဲ မနက်ဖြန်ကျရင် နေ့လယ်စာ အတူစားမယ်ဆို၊ မင်းချက်ကျွေးမှာ မဟုတ်ဘူးလား”

“ဘယ်ကလာ... မဟုတ်ပါဘူး... ဖူးက ရှင်တို့ချက်တာ လာစားမှာကို ပြောတာလေ”

“ဩော်... ဩော်”

သံဝေဂတွေလည်း ရမိပါသည်။ သူမက ခေါင်းစုတ်ဖွားကို တဆတ်ဆတ်ခါပြီး-

“စိတ်ထွက်ပေါက်တစ်ခုအနေနဲ့ပေါ့ရှင်၊ ဘယ်လိုလဲ၊ ဖူးရဲ့ရွေးချယ်မှုက ကောင်းတယ်မလား”

မသက်မသာဖြင့် မင်းခ ခေါင်းညိတ်ပြလိုက်ရသည်။ စိတ်ထဲမှတော့ ဒင်းကလေးကို နှားပန်ပိတ်ကျင်းပစ်လိုက်ချင်နေမိသည်။

 တော်တော်လူလည်ကျတဲ့ ကောင်မလေး...

ငါ့လက်နက်နဲ့ ငါ့ပြန်ပစ်တယ်...

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကပ်သီးကပ်ဖဲ့ ချိန်းကျူးရမည်ဆိုလျှင် ထိုကောင်မလေးကို စကားတည်သူ အဖြစ် အမှတ်ပေး၍ ရ၏။

ဝတ်ချေးလေးက နံနက်ဆယ်နာရီခန့်မှာ ပျားအုံကိုတွေ့သော ဝက်ဝံကလေးသဖွယ် အားကောင်းသော အပူဒဏ်ကို အန်တုပြီး မင်းခ နေထိုင်ရာတိုက်ခန်းသို့ အသွင်သစ်ဖြင့် တက်ကြွစွာ ရောက်ရှိလာပါသည်။ (မာန်နတ်၏ သမီးပျိုသည် ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းတတ်ကြောင်း ထိုစဉ်ကဖြင့် သူ မသိရှိခဲ့ပါ)

သူမသည် အရင်နေ့က တွေ့ခဲ့ဖူးသည့် ရွှေအိုရောင် ဆံနွယ် လိမ်ကောက်ကောက်တွေကို အနက်ဆေးဆိုးပြီး စင်းနေအောင် ဖြောင့်ထားတာ မြင်ရသဖြင့်-

"ဘယ်လိုလဲ၊ ဒီဇိုင်းပြုပြင်ထားပါလား"

"အင်း ဟုတ်တယ်၊ ဘဝကို လူသစ်စိတ်သစ် အားမာန်အသစ်တွေနဲ့ ပြန်စချင်လို့လေ"

သူမက အပြုံးနှင့် ဗလလေးညွှစ်ပြပြီးပြောတော့ မင်းခလည်း ပြုံးဖြစ်သွားရသေးသည်။ မီးလျှံလို ဆံနွယ်ခက်တွေ ပပျောက်သွားတော့ သူ့ကို မြင်ရသည်မှာ ငြိမ်းအေးမှုအား ခံစားရ၏။ ဂရုတစိုက် ရှုစိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ သူမနှင့်အတူ စူးရှပြင်းအီသော ရေမွှေးနံ့ ကပ်ငြိပါမလာသဖြင့် မင်းခ စိတ် သက်သာရ ရမိ၏။

ယောက်ျားလေးနှစ်ယောက်တည်းနေသော အခန်းကို အဖော်မခေါ်ဘဲ တစ်ကိုယ်တည်းလာဝံ့သည့် သူမသတ္တိကိုတော့ အနည်းငယ် အံ့အားသင့်မိလေသည်။

လေးလွှာအထိ တက်လာရသဖြင့် မောနေဟန်ဖြစ်သော သူမက-

"ရှင်တို့ တိုက်ခန်းလှေကားတက်ရတာလည်း ဒေါင်လိုက်ထောင်ထားတဲ့ ငါးမန်းစွယ်လွှသွားတွေပေါ် ဖြတ်လျှောက်ရတဲ့အတိုင်းပဲ။ မသက်သာလိုက်တာ"

သူမ ပြောတာ မလွန်ပါ။

လှေကားလမ်းကြားက ကျဉ်းမြောင်းကာ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးမှုနည်းခြင်းကြောင့် အများအားဖြင့် မှောင်နေတတ်၏။ လှေကားတက်ရတာလည်း တစ်လွှာနှင့်တစ်လွှာကြားမှာ ဘာဂျာခေါက်ကဲ့သို့သော အချိုးအကွေ့မျိုး မရှိဘဲ တောက်လျှောက်သွယ်ဆက်ထားသဖြင့် မတ်စောက်လှ၏။

အလေ့အကျင့် မရှိသူအဖို့ ဂရုမမူလျှင် အန္တရာယ်ပင် ရှိနိုင်လေသည်။

"သူ့နာမည်က ဖူးဖူးတဲ့။ သူက ငါ့ရဲ့ငယ်သူငယ်ချင်း... နာမည်က ဇာနည်အောင်တဲ့"

ဇာနည်အောင်နှင့် သူမကို မိတ်ဆက်ပေးလိုက်သည်။ မင်းခ ပြောပြထားသဖြင့် ဇာနည်အောင်လည်း သူမအကြောင်းကို မင်းခနှင့်ထပ်တူ သိရှိ နေပြီဖြစ်၏။

"ကိုဇာနည်အောင်ကြီးက ချောသားပဲ"

"ဟဲ ဟဲ"

ဝါးတီးဖွင့်ဖို့အရေးအတွက် ငတိမလေးက ဖော်လံဖားနေသောကို ဇာနည်အောင်က သဘောတွေ ခွေ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြည့်တော့ဖြင့် မျက်နှာတောင် မသစ်ရသေးချေ။

"ဟိတ်ကောင် ဇာနည်အောင်... ချောတယ်လို့ပြောတိုင်း အကောင်းထင်မနေနဲ့ကွ"

"ဘာလို့လဲ"

"ချောတယ်ဆိုတဲ့စကားက မွန်ဘာသာ 'ချိုတ်'ကလာတာ။ အသံထွက်ကတော့ 'ချော'ပဲ"

"အေးလေ အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"အဲဒီချောတယ်ဆိုတာ သေတယ်လို့ အဓိပ္ပာယ်ရတယ်ကွ၊ သိလား"

"ဟင်..."

ဇာနည်အောင် မမြိုမစို့ရဘဲ နင်သွားလေသည်။ ငတိမလေးကတော့ အားနာဟန်မရှိဘဲ တခွိခွိနှင့် သဘောတွေကျနေသည်။ သူမကိုကြည့်ရတာ ဒီကနေ့ အူမြူးနေပုံရ၏။

သူမရယ်သံက အတော်ကျယ်လောင်လေသည်။

"ရယ်တဲ့အခါ သတိလက်လွတ် မရယ်သင့်ဘူးကွ၊ ရယ်တာမှာ သူမြတ်ရယ်ခြင်း၊ သူလတ်ရယ်ခြင်း၊ သူယုတ်ရယ်ခြင်းဆိုပြီး သုံးမျိုးသုံးစား ခွဲခြားထားတယ်"

ဘုရိတ်အုပ်ခြင်း ခံလိုက်ရသောကားကဲ့သို့ သူ့စကားကြောင့် သူမ ရယ်သံ ရုတ်တရက် ရပ်တန့်သွား၏။

"သူမြတ်ရယ်ခြင်း (၂)ပါးမှာ (၁) သတိ= မျက်လုံးနှုတ်ခမ်းစဉ်းငယ် အနေပျက်ရုံ ပြုံးကာပြုံးလျက်ရယ်ခြင်း၊ (၂) ဥပဟာသိတ= စဉ်းငယ်သွားပေါ်ရုံသာ ရယ်ခြင်းဆိုပြီး ဖွင့်ဆိုထားတယ်။ သူလတ်ရယ်ခြင်း (၂)ပါးမှာ (၁) ဝိဟာသိတ= ပကတိသော အသံညင်းညင်းထွက်ရုံ ရယ်ခြင်း၊ (၂) ဥပဟာသိတ= ပခုံး ဦးခေါင်းလှုပ်အောင် ရယ်ခြင်းဆိုပြီး ပြဆိုထားတယ်။ သူယုတ်ရယ်ခြင်း (၂)ပါးမှာတော့ (၁) အပဟာသိတ= မျက်ရည်ထွက်အောင်ရယ်ခြင်း၊ (၂) အတိဟာသိတ= ခြေပစ်လက်ပစ် မရှုမရှိုက်နိုင်အောင် ရယ်ခြင်းဆိုပြီး သု



www.burmeseclassic.com

www.burmeseclassic.com



ဆောစာလက်ဘာထဲမှာ ရေးသားထားတယ်"

ဟင်းခနဲ သူမသက်ပြင်းချ၍-

"စာရေးဆရာနဲ့ အပေါင်းအသင်းလုပ်မိတာ ရယ်တာတောင်မှ လွတ် လွတ်လပ်လပ် မရယ်ရပါလားနော်"

ခိုကလေးသဖွယ် သူမ ညည်း၏။ မျက်နက်ဝိုင်းတွေကို တောင်မြှောက် လေးပါးဆီ ပြေးဆော့ပြီးနောက်-

"ရှင်က ပါးစပ်ကသာ ကျမ်းဂန်တွေနဲ့ ကြီးကြီးကျယ်ကျယ်တွေ လေ ဆေါနေတာနော်။ ရှင်နေတဲ့အခန်းကျတော့လည်း ရွာက နွားတင်းကုတ်တွေ ထက်တောင်မှ ရှုပ်ပွနေပါလား"

"အဲ..."

မင်းခ ရွဲ့နေအောင် ခံလိုက်ရသည်။ ဒါမလေးက သူတစ်ပါးကို ဖွဲ့ဖို့ ရွဲ့ဖို့ အနိုင်ပိုင်းဖို့အတွက်ဆို စကားလုံးတွေ သိပ်ထူးချွန်ထက်မြက်တာပဲ။

"ငါတို့က ဒီလိုမျိုး ကဗျာဆန်ဆန်ပဲ နေတတ်တယ်ဟ"

ဇာနည်အောင်က သူ့ဘက်လွင့်စင်ကျလာမည့် မီးပွားစကို လေဖြင့် မှုတ်ထုတ်သည်။ အခန်း၏ ရှုပ်ပွနှုန်းကလည်း သူမ ပြောသလောက်နီးနီး ပါပဲလေ။

မိဘနှင့်ခွဲနေမှ အိမ်မှုကိစ္စဆိုတာ ဘယ်လောက် ကရိကထများမှန်း သိတော့သည်။ စားဖို့သောက်ဖို့ ချက်ရပြုတ်ရ အဝတ်လျှော်ရ အိမ်သန့် ရှင်းရေးလုပ်ရနှင့် စာရေးစာဖတ်ဖို့ပင် အချိန်သိပ်မပေးနိုင်တော့ချေ။

ဆိုင်ထမင်းဆိုင်ဟင်း အမြဲမစားတတ်သည့်အကျင့်နှင့် ကိုယ့်အဝတ် တို သူများလျှော်ဖွတ်တာ စိတ်တိုင်းမကျသည့်အကျင့်တွေရှိတော့ ပိုဆိုး သည်။

ရေစောင့်တင်ရတာကလည်း အလုပ်ကြီးတစ်ခု ဖြစ်၏။ ရေလာ ချိန်မှာ မီးမလာလျှင် တကယ့်ပြဿနာ။ လျှပ်စစ်မီးမရှိလျှင် မြို့ပြသည် ရေဲဘုံခန်း တစ်ခုသဖွယ် ဖြစ်၏။ (အထူးသဖြင့် ပျားအုံနှင့်တူသော တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခန်းနေ လူတန်းစားများအဖို့ သာ၍အဆိုးဆုံး)

မီးမလာလျှင် စာရေးသောက်ရေး နေရေးထိုင်ရေးတွေ ဘေးဖယ်လို့ ထားအုံး၊ အိမ်သာတက်ဖို့ပင် မလွယ်။

စပယ်ရှယ်အထူးစီစဉ်ထားသော ပါကင်ပိတ်သောက်ရေသန့်ဘူးကြီးများကို ဝယ်ယူသုံးစွဲပြီး အိမ်သာတက်ရသည့်အဖြစ်က ဘဝ၏ ရင်နာစရာကောင်းသော ကိစ္စရပ်တွေထဲမှာ တစ်ခုအပါအဝင် ဖြစ်လေသည်။

"နှစ်ယောက်စလုံး ငပျင်းချည်းပဲ ဟွန်း"

ဇူးဇူးက ပွစိပွစိပြောပြီး အမြင်မတော်ဟန်ဖြင့် တိုးလိုးတွဲလောင်းဖြစ်နေသော အဝတ်အထည်တွေကို စီစီရီရီ ခေါက်သိမ်းပေး၏။ မလုပ်ဖို့တားသော်လည်း မရ။ တစ်စက်ကလေးမှ ရှုံ့တိုးရှန့်တန်းမဖြစ်ဘဲ ရဲရဲဝင့်ဝင့်ဝင် အိမ်သန့်ရှင်းရေးတွေကို သူမဘာသာ လျှောက်လုပ်နေလေသည်။

ထိုအချိန်တွင် ဇာနည်အောင်က လက်ကိုင်ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေ၏။ နံပါတ်တွေနှိပ်ပြီး ဖုန်းခေါ်လိုက်၊ နား,နားကပ်နားထောင်လိုက်၊ ပြီးလျှင် ဘာတွေသဘောကျသည်မသိ၊ ပြုံးပြုံးကြီးနှင့်။

ထိုသို့ ထပ်ခါထပ်ခါ မြင်နေရသဖြင့်-

"ဟိတ်ကောင် ဘာဖြစ်နေတာလဲ၊ ဖုန်းခေါ်မရလို့လား"

"မဟုတ်ပါဘူးကွာ၊ ဖုန်းက တမင်မရှိတဲ့ နံပါတ်ကို နှိပ်ခေါ်နေတာ"

"ဟင်... ဘာဖြစ်လို့လဲ"

မင်းခ စိတ်ဝင်စားသွားသည်။ ဇာနည်အောင် ပြုံးပြုံးကြီးနှင့်ပဲ-

"ငါ့ဘဝမှာ ဘယ်မိန်းကလေးကမှ ငါ့ကို သောက်ဖက်လုပ်ပြီး ချိုချိုသာသာ လေးလေးစားစားဆက်ဆံတာ မခံဖူးဘူးကွ။ အဲဒါကြောင့် အာသာပြေ နံပါတ်မှားခေါ်ပြီး နားထောင်နေတာ။ ဖုန်းထဲက ကောင်မလေးက "လူကြီးမင်းခေါ်ဆိုသောဖုန်းနံပါတ်မှာ တပ်ဆင်ထားခြင်း မရှိသေးပါရှင်" ဆိုပြီး နူးနူးညံ့ညံ့ ချိုချိုသာသာအသံလေးနဲ့ ငါ့ကို တလေးတစားပြန်ပြောတော့ ငါ အရမ်းကြည်နူးမိတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... သောက်ရှူး သောက်ရှူး ပေါင်းနေတာကြာပြီ။ မင်း တကယ့် သောက်ရှူးမှန်း အခုမှပဲ ငါသိတော့တယ် ဇာနည်အောင်ရယ်"

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တစ်နေ့တာ၏ အပူချိန်မှာ တရှိန်ရှိန် မြင့်တက်လျက်ရှိပါသည်။

မင်းခ၊ ဇာနည်အောင်၊ ဖူးဖူးတို့ သုံးဦးသားမှာ မြန်မာထမင်းဆိုင်တစ်ဆိုင်တွင် ရောက်ရှိနေကြလေသည်။ အိမ်မှာလည်း ဟုတ်တိပတ်တိ မယ်မယ် ရရ ဘာမှမရှိသဖြင့် နေ့လယ်စာကို ဆိုင်မှာသာ လာစားကြတာဖြစ်၏။

ထမင်းစားပြီးနောက် အအေးမှာသောက်ရင်း သူတို့တွေ ရောက်တတ်ရာရာ စကားတွေ ပြောဆိုနေမိကြ၏။

ဇာနည်အောင်က အအေးကို ပိုက်နှင့် တပြွတ်ပြွတ်စုတ်မြိုပြီးနောက်-

"ဟိတ်ကောင် မင်းခ... ကိုဝေမူးကြီး အခု သူ့မိန်းမနဲ့ ကွဲသွားပြီတဲ့"

"ဟေ... ဘယ်လိုဖြစ်တာလဲ"

"သူ့မိန်းမရဲ့ ကာရိုက်တာကို မကြိုက်လို့ သူ့ဘက်ကနေ စကွာပစ်လိုက်တာလို့ ပြောတာပဲ"

"သူ့မိန်းမကတော့ တင်းမယ်နော်"

"တင်းတာပေါ့ ငါနဲ့ လမ်းမှာ တွေ့တာတောင် ပြောနေသေးတယ်"

"ဘာပြောတာလဲ"

"အဲဒီလူကြီး ကျွန်မကို လက်ထပ်တာ ချစ်လို့မဟုတ်ဘူး၊ ကာယသျှတ္တရကျမ်းကို ဖတ်ပြီး လက်တွေ့စမ်းသပ်ချင်လို့ လက်ထပ်တာတဲ့"

"ဟေ... ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဟုတ်ပါ့မလားလို့ ပြောတော့ သက်သေအနေနဲ့ ကလေး ငါးယောက်ကိုပဲ ကြည့်လေတဲ့"

"အမ် ဒါဆို ဟုတ်တယ်ပေါ့"

ဖုံးဖုံးက လျှာလေးပြွတ်လွတ်ပြွတ်လွတ်နှင့် တခွိခွိရယ်သည်။ ပြီးမှ မင်းခကိုကြည့်ကာ ပါးစပ်ကို လက်နှင့် ပိတ်လိုက်၏။

ကိုဝေမူးဆိုတာ မင်းခတို့နှင့် ရင်းနှီးခင်မင်သော လမ်းထဲမှ လူတစ်ဦး ဖြစ်သည်။ ဝေလေလေနှင့် အမြဲလိုမူးနေတတ်သောကြောင့် အမည်ရင်း ပျောက်ကာ 'ဝေမူး'ဟုပင် လူသိများ၏။

ဇာနည်အောင်က-

"ကလေးတွေရမှ ကွဲရကွာရတယ်လို့ကွာ၊ မဖြစ်သင့်ပါဘူး"

"ဖြစ်သင့်ပါတယ်ကွ"

ဖုံးဖုံးက မင်းခကို မျက်စောင်းထိုးသည်။

"ရှင်က သူများလင်မယားကွဲတာကို အားရနေတယ်ပေါ့လေ"

"မဟုတ်ပါဘူးကွာ"

"အဲဒါဆို ဘာလို့ဖြစ်သင့်ပါတယ်လို့ ပြောလဲ"

"ဒါက ဒီလိုပါ"

"ရှင်းစမ်းပါဦး"

"အကြင်မိန်းမသည် ငြင်းခုံတတ်သော အလေ့ရှိ၏။ ပြူစူစောင်း မြောင်း၍ ပြောဆိုလေ့ရှိ၏။ မြင်တိုင်းကိုလည်း တပ်မက်၏။ များစွာလည်း ချက်၍ စားတတ်၏။ လင်၏ အဦးစားတတ်သော အလေ့ရှိ၏။ ထိုမိန်းမကို သားတစ်ရာပင် မြင်ငြားသော်လည်း ယောက်ျားသည် စွန့်အပ်၏တဲ့။ အဲဒါကြောင့်မို့ ကလေးရှိပေမယ့် မိန်းမပုံမကျလို့ ကွာတာဆိုရင် ဖြစ်သင့် ပါတယ်လို့ ပြောတာ"

"ဪ... ဒီလိုလား"

"ဟုတ်တယ် ဒီလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇူးဇူး ငြိမ်ကျသွားသည်။ ဇာနည်အောင်က-

"ဒါဆိုရင် ဘယ်လိုမိန်းမမျိုးကိုကော ယူသင့်လဲကွ၊ လင်းစမ်းပါဦး"

"အကြွင်မိန်းမသည် ရွှေသောအသားအရည်လည်း ရှိ၏။ သမင်မျက်စိကဲ့သို့ ညိုသော မျက်စိလည်း ရှိ၏။ ခါးသေးတင်ကျယ် ငယ်သော ဝမ်းလည်း ရှိ၏။ ဆင်နှာမောင်းကဲ့သို့ အရင်းမှသည် အဖျားတိုင်အောင် သွယ်သောပေါင်ရှိ၏။ ဖြေ၍ နောက်သို့လှန်သော် ရှည်သော အဖျားတော့တက်သော ဆံလည်း ရှိ၏။ ကြီးငယ်မထင် ညီညွတ်သော သွားအစဉ်လည်း ရှိ၏။ နက်သော ချက်လည်း ရှိ၏။ ကောင်းသော အလေ့အကျင့်လည်း ရှိ၏။ ထိုသို့သော မိန်းမမျိုးကို ယုတ်သောအမျိုးတို့၌ ဖြစ်သော်လည်း ဆက်ဆံ ထိမ်းမြားရာ၏တဲ့"

"ဩော်..."

"ပြီးတော့ မိန်းမတစ်ယောက်ဟာ ယောကျ်ားယူတော့မယ်ဆိုရင် အိမ်ထောင်မှု နိုင်နင်းရတယ်ကွ၊ ထမင်းဟင်းတောင် မချက်တတ်သေးရင်တော့ ယောကျ်ားယူလို့ မဖြစ်သေးဘူး"

"ရှင်နော်"

ဇူးဇူး မခံချိ မခံသာ ဖြစ်သွားပုံရသည်။

"အကောင်းပြောတာ ယောကျ်ားယူပြီဆိုရင် ,အဲဒီမိန်းမဟာ စားတဲ့သောက်တဲ့အခါမှာ အဝတ်တန်ဆာ ဆင်ယင်တဲ့အခါတွေမှာ မိခင်ကဲ့သို့ နှစ်သက်ဖွယ် ပြုပြင်တတ်ရတယ်။ လျှို့ဝှက်အပ်တဲ့အရာတွေမှာလည်း နှမ ကဲ့သို့ ရိုသေစွာ ပြုတတ်ရတယ်။ ဘေးတွေ့တဲ့အခါမှာလည်း တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်ရတယ်။ အိပ်စက်တဲ့အခါမှာလည်း မွေ့လျော်စေတတ်ရတယ်။ အရောင်အဆင်းကို ပြုပြင်ရာမှာလည်း တင့်တယ်ရတယ်။ အမျက်ထွက်တဲ့အခါမှာလည်း သည်းခံတတ်ရတယ်တဲ့"

"ပြီးပြီလား"

"ကျန်သေးတယ်။ အဲဒီလို ပြုမူဆောင်ရွက်တတ်တဲ့ မိန်းမမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ညာ ရှိတွေက မိန်းမဖြတ်လို့ သတ်မှတ်ကြတယ်။ အဲဒီမိန်းမမျိုးသေရင်လည်း နတ်ပြည်ရောက်တယ်တဲ့"

"ဟင်... နတ်ပြည်တော့ မရောက်ချင်ပါဘူး။ နတ်သားတစ်ဖက် ငါးရာကို ကြောက်တယ်"

"အဲ..."

ဒါမလေးက ထိုကဲ့သို့ ဝွတီးဝွကျတွေတော့ တွေးရဲပြောရဲသည်။ ဇာ နည်အောင်က ချိန်ဆနေဟန်ဖြင့်-

"အခုခေတ်မှာ မင်းပြောသလို မိန်းမဖြတ်ဆိုတာ တော်တော်ရှားနေ လောက်ပြီကွ။ အဲဒီတော့ မိန်းမဖြတ် မဟုတ်ရင်တောင်မှ မနိမ့်ကျတဲ့ မိန်းမ မျိုး မရှိဘူးလား"

"ရှိတာပေါ့"

"သူတို့ကို မြင်ရုံနဲ့သိအောင် ဘယ်လိုခွဲခြားမလဲ"

"လူပုံစံကိုကြည့်ပေါ့"

"အခုခေတ်မှာ အဆောင်အယောင်တွေ ထွန်းကားလွန်းတော့ မင်း ပြောတဲ့ မျက်ဝန်းညှိတို့၊ အဖျားကော့တဲ့ ဆံပင်တို့၊ ပြီးတော့ ခါးသေး တင်ကျယ်တွေကလည်း အများကြီးပဲကွ၊ တော်ကြာ အစစ်နဲ့မတွေ့ဘဲ အတုနဲ့တိုးနေရင် ဒုက္ခ။ အဲ့ဒါကြောင့် တခြားနည်းနဲ့ ခွဲခြားလို့ မရဘူး လား"

"တစ်နည်းတော့ ရှိတယ်ကွ"

"ဘာလဲ လုပ်စမ်းပါဦး"

"နည်းနည်းတော့ အခက်အခဲရှိတယ်"

"ပြောမှာသာ ပြောစမ်းပါကွာ"

"လက်ယာရစ်ချက်၊ နက်စေနူးညံ့၊ များအံ့ရေသွား၊ ချမ်းသာဖွားလိမ့် အောက်နားချက်ဝယ်၊ ပြန်ကြွယ်မွေးထုံ၊ ကုံကမံရွှက်၊ ခက်နက်တသိမ့်၊ ရေရေးရှိမူ၊ အနိမ့်မကျလို့ စာဆိုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ဘာကိုပြောတာလဲ"

"ဪ... မင်းကလည်း ချက်ပုံစံက စာဆိုနဲ့ညီနေရင် အဲဒီမိန်းမဟာ မနိမ့်ကျဘူးပေါ့ကွ"

ဇာနည်အောင် ခေါင်းတညိတ်ညိတ် ဖြစ်သွားသည်။

"ငါ့ကို အဲဒီစာဆိုလေး ထပ်ရွတ်ပြစမ်းပါကွာ"

မင်းခ နောက်တစ်ခေါက် ရွတ်ပြလိုက်သည်။ ဇာနည်အောင်က အလွတ်ရသည်အထိ ကျက်မှတ်နေ၏။ (သူ့တွင် မည်သို့သော ရည်ရွယ်ချက်မျိုးရှိမှန်း နောင်ရက်ကာလအတန်ကြာမှ သိရှိရပါသည်)

ဇူးဇူးက-

"ရှင်တို့နည်းက ကုလားကားထဲက ကုလားမတွေဆိုရင်တော့ လွယ်မလားပဲ။ ဒီနိုင်ငံမှာတော့ ချက်မြင်ရအောင် လိုက်လှန်နေရတာနဲ့ပဲ အချုပ်ထဲ ရောက်နေလောက်ပြီ"

မျက်နှာတစ်ချက် အမ်းမသွားဘဲ ယောကျ်ားလေးနှစ်ယောက်နှင့် ရင်ဘောင်တန်း စကားပြောဆိုနိုင်သည့် သူမ၏ ရဲဝံ့မှုကိုတော့ မင်းခ အထူး သတိပြုမိ၏။ သိက္ခာမဲ့အောင် ပွင့်လင်းလွန်းတာမျိုးကို သူ မနှစ်သက်သလို မလိုအပ်ဘဲ ရှက်အမ်းပြနေတာမျိုးတွေကိုလည်း သူ အလွန်အမြင်ကတ်၏။

သူမထံမှာ သူမြတ်နိုးသော အစိတ်အပိုင်းအချို့ကို တွေ့ရှိရလေသည်။

"ငါတို့အကြောင်းတွေကိုတော့ အထိုက်အလျောက် မင်းသိနေပြီ။ မင်းအကြောင်းကိုတော့ ငါတို့ရေရေရာရာ ဘာမှသိမထားဘူးနော်"

"အင်းပါ နောက်တော့ ပြောပြမှာပေါ့"

စကားလမ်းခင်းလိုက်ပေမယ့် အခုလောလောဆယ်မှာ သူမ ပြောချင် ပုံမရသဖြင့် မင်းခ အတင်းအကြပ် ဆက်မမေးတော့။ အနာကိုတော့ ဘယ်သူ ဆွချင်မှာလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



သူမကို လွတ်လပ်သလို နေရန်သာ ခွင့်ပြုထားလိုက်ပါသည်။

ထိုစဉ်-

ဆိုင်ထဲသို့ လူငယ်တစ်စု ဝင်လာသည်။ ထိုအုပ်စုထဲမှ တစ်ယောက်က ဖူးဖူးကိုမြင်တော့ အနားလျှောက်လာ၏။

ရောက်တော့ ဖူးဖူးပခုံးကို ရင်းရင်းနှီးနှီးပင် ဆုပ်ကိုင်ပြီး-

"ဟော့ လပြည့်၊ မင်း ဇယားအသစ်တွေ ခင်းနေတာလား"

ဖူးဖူးက ထိုလူငယ်ကိုကြည့်ပြီး-

"ရှင် လူမှားနေပြီထင်တယ်။ ကျွန်မနာမည် လပြည့် မဟုတ်ဘူး"

လူငယ်က ဖူးဖူးကို အသေအချာ စူးစိုက်၍ကြည့်ကာ-

"ကိုယ်လူမှားသွားတာထင်တယ်၊ ဆောရီးနော်"

တောင်းပန်ပြီး ထိုလူငယ် သူ့အဖွဲ့ဆီ သွားလေသည်။ အတို လက်ပြတ်ဝတ်ဆင်ထားသော လူငယ်၏ လက်မောင်းနှင့် လက်ဖျံတောက်လျှောက်တွင် ရေးထွင်းထားသော ဆေးမင်ကြောင် ကနုတ်၏ လက်ရာမြောက် ပီပြင်မှုကြောင့် မင်းခ လိုက်လံငေးကြည့်နေမိ၏။

"ဖူးတို့လည်း ထိုင်နေတာကြာပြီ။ သွားရအောင်လေ"

ဖူးဖူး၏ နှိုးဆော်မှုကြောင့် ကျသင့်ငွေရှင်းပြီး ထပြန်လာခဲ့ကြသည်။ ဆိုင်ထဲမှအထွက်တွင် နောက်ဘက်ဆီမှ ရယ်သံအုပ်အုပ်ကို ကြားလိုက်မိသလိုရှိ၏။

ပြင်ပတွင် အပူရှိန်က ပြင်းထန်နေပါသည်။

ငါ့အမည်ကို 'ငတုံး'လို့ မညှာမတာ မှည့်ခေါ်ကြပါ
အဲဒီကင်ပွန်းတပ်မှုဟာ
ငါ့အတွက် အဖိုးမဖြတ်နိုင်တဲ့
အလိုက်ဖက်ဆုံး ဂုဏ်ထူးဆောင်ဆုတံဆိပ်ပါပဲ!!!

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကိုလံဘတ်သည် အတ္တလန္တိတ်သမုဒ္ဒရာကို ရှက်လွှင့်ဖြတ်ကျော်ပံ့ခြင်းမှာ ကမ္ဘာတစ်ပတ်၏ အကွာအဝေးကို (ရှေးဟောင်းနည်း အသုံးပြုပြီး) အကြီးအကျယ် မှားယွင်းတွက်ချက်ခဲ့မိသောကြောင့် ဖြစ်သည်။

ထိုနည်းတူစွာ-

မင်းခဆိုသော စာရေးဆရာတစ်ယောက်သည် ဖူးဖူးဆိုသော ကောင်မလေးတစ်ယောက်နှင့် မဆင်မခြင် အပေါင်းအသင်းလုပ်မိခြင်းမှာ လူကဲခတ် ညံ့ဖျင်းသောကြောင့် ဖြစ်ပါသည်။ (ငါဟာ မင်းနဲ့ပတ်သက်ရင် အစဉ်အမြဲ အညံ့စားသတ္တဝါတစ်ကောင်သာ အတွင်တွင်ဖြစ်နေရဲ့...)

'စိတ်ထွက်ပေါက်'ဟူသော အကြောင်းပြချက်သည် သူမနှင့် မင်းခအား သွယ်ဆက်ပေးထားသော ကချော်ကချွဲ ကြိုးတံတားတစ်စင်းဖြစ်၏။ ထို ကြိုးတံတားပေါ်တွင် မယိုင်လဲအောင် သတိကြီးကြီးဖြင့် မင်းခ လျှောက် လှမ်းနေရလေသည်။

သူမသည် တွတ်တီးတွတ်တာနှင့် လွန်စွာ ပူဆာတတ်၏။ ဒီကနေ့လည်း 'စိတ်ထွက်ပေါက်'ဆိုသော ခေါက်ရိုးကျိုး အကြောင်းပြချက်ကြီးနှင့်ပဲ တိရစ္ဆာန်ရုံကို လိုက်ပို့ခိုင်းသဖြင့် မင်းခမှာ လိုက်ပို့ရသေးသည်။

တိရစ္ဆာန်ရုံရောက်တော့လည်း အငြိမ်မနေချေ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟာကြည့်ချင် ဒီဟာကြည့်ချင်နှင့် တစ်ယောက်တည်း ဗျာများနေသည်။ ပြီးတော့ စပ်စပ်စုစုလည်း နိုင်သေး၏။

"ကိုမင်းခ လူတွေဟာ မျောက်က ဆင်းသက်လာတယ်ဆိုတာ ဟုတ်တယ်လားဟင်"

"ချားစ်ဒါဝင်ရဲ့ ဇီဝဇော်လူရှင်းသီအိုရီမှာတော့ အဲဒီအတိုင်းတွေ့တာပဲ"

"ဒါဆို အာဒမ်နဲ့ ဧဝက ဖြစ်လာတယ်ဆိုတာကကောဟင်"

တော်တော်အရစ်ရှည်တဲ့ ကောင်မလေးပဲ...။ ဘယ်လို ဝက်အူ အမျိုး အစားလေးပါလိမ့်...။

"အာဒမ်က မျောက်မနဲ့ ဖောက်ပြန်လို့ဖြစ်မှာပေါ့ကွာ"

မင်းခ စိတ်ပေါက်ပေါက်နှင့် ပြောပစ်လိုက်သည်။ ချားစ်ဒါဝင်သည် ဇီဝ ဇော်လူရှင်းသီအိုရီအတွက် ဘာသာရေးကို အကြီးအကျယ် ဆန့်ကျင်ခဲ့ ရသည့် ပြဿနာတွေ ပါလာလျှင် ဒါမလေး မေးခွန်းထုတာနှင့် ဆုံးမှာ မဟုတ်တော့။

အခုတောင်မှ ငတိမလေးက ဝေဖန်ရေးတွေ ဆက်လုပ်နေသေး သည်။

"ရှင်ပြောတာ ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်ရှိတဲ့ ယောကျ်ားတွေ နောက်မိန်းမတစ်ယောက်နဲ့ရှုပ်ရင် မျောက်မထားတယ် လို့ ပြောကြတယ်လေ၊ အင်း... အာဒမ်တောင် ဧဝကိုပစ်ပြီး ဖောက်ပြန် တယ်ဆိုတော့ မျောက်မတွေ ဘယ်လောက်များ ဆွဲဆောင်မှုရှိသလဲဆိုတာ သွားကြည့်ရအောင် လာ"

အမွှေးအမျှင်ထူတဲ့မျောက်မတွေဟာ မျောက်ထီးတွေအတွက်ပဲ ဆွဲ ဆောင်မှုရှိမှာပေါ့...။ ငါ့အတွက်တော့ မင်းရဲ့ လက်သည်းချွန်ကလေး တစ်ချောင်းကပဲ ယိုင်ယိုင်နဲ့နဲ့ ဖြစ်စေခဲ့ပါတယ်...။ အမြီးမပေါက်တဲ့ ချင်ပန်ဇီမလေးရယ်ဟု မင်းခ တိုးတိုးတိတ်တိတ် ညည်းတွားမိ၏။

သူမက မင်းခလက်ကို ရဲရဲတင်းတင်းပင် ကိုင်ဆွဲပြီး မေးကာမြန်းကာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မျောက်ရုံဆီသွားသည်။ ရောက်တော့ ရှေ့မြင်ကွင်းထဲမှာ မျောက်တစ်ကောင်တလေမှ မတွေ့မြင်ရချေ။

တိရစ္ဆာန်ရုံဝန်ထမ်းကို မေးမြန်းကြည့်ရာ-

"အခုအချိန်ဟာ မျောက်တွေ မိတ်လိုက်တဲ့အချိန်ဗျ၊ လူတွေ မမြင်အောင် သူတို့ လှောင်အိမ်ထဲ ဝင်နေကြတယ်"

သူမက အလွယ်တကူ စိတ်မလျှော့ဘဲ-

"ကျွန်မ အရမ်းကြည့်ချင်နေလို့ပါရှင်၊ သူတို့ထွက်လာအောင် ငှက်ပျော သီးတွေ ပစ်ပေးပြီး မျှားခေါ်ရင်ကော"

"ကျွန်တော်တော့ သိပ်မထင်ဘူး၊ ကိုယ်ချင်းစာကြည့်ပေါ့အစ်မရယ်"

"ဘာရှင့်..."

တိရစ္ဆာန်ရုံဝန်ထမ်း၏စကားကြောင့် သူမ စွေ့စွေ့ခုန်သွားသည်။ စကားများရန်ဖြစ်နေမှာ စိုးသောကြောင့် သူမကိုဆွဲခေါ်ပြီး မင်းခ ထွက်လာခဲ့တော့၏။

သူမ နှုတ်မှ ကျိန်စာတွေရွတ်ဆိုကာ တိရစ္ဆာန်ရုံဝန်ထမ်းကို အဝေးရောက် ကိုက်ဖဲ့နေချေ၏။

ဒါမျိုးတွေ ငါ မကြိုက်ပါဘူး မျောက်မလေးရယ်...။ မင်းဟာ ဘာကြောင့်များ သိပ်အရိုင်းဆန်နေရတာလဲ...။

ရာသီဥတုပူသဖြင့် မင်းခ အိုက်စပ်စပ် ဖြစ်လာပါသည်။ လျှောက်သွားချင်စိတ်မရှိသဖြင့် သူမကို ချော့ချော့မော့မော့ပြောပြီး အအေးဆိုင် တစ်ဆိုင်မှာ ဝင်ထိုင်လိုက်ကြ၏။

အအေးနှင့်အတူ လာချပေးသော စီးကရက်ပွဲထဲမှ တစ်လိပ်ကို သူ ကောက်ယူလိုက်တော့-

"ကိုမင်းခက ဆေးလိပ်သောက်တယ်လား"

သူ ခေါင်းညိတ်ပြလိုက်သည်။

"အနှောင့်အယှက် မဖြစ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဖူးတောင်မှ တစ်ခါတလေ စိတ်ညစ်ရင် စီးကရက် ဖွာတတ်တယ်"

ဘုရားရေ...။ ဒီမျောက်မလေးက နီးကိုဒင်းလည်း သုံးစွဲသတဲ့။ အံ့ဩရပါလားကွယ်။

စီးကရက်မီးညှိဖို့ စားပွဲထိုးကောင်လေးကိုခေါ်တော့ မကြားဘဲ ဖြစ်နေသည်။ ဒါကြောင့် ကောင်တာမှာ ကိုယ်တိုင်ပဲ သွားညှိလိုက်တော့၏။

မကောင်းမှန်းသိပေမယ့် မစွန့်လွှတ်နိုင်သေးသောအရာတွေထဲမှာ ဆေးလိပ်လည်း အပါအဝင်ဖြစ်သည်။ စမိတာကိုက အမှား။ ဘေးထွက်ဆိုးကျိုးတွေကိုသိပါလျက် ခဏတာသာယာမှုကို မက်မောစေတတ်တာတိုက ဆေးလိပ်၏ ကြောက်စရာကောင်းသော ဆွဲဆောင်မှုဖြစ်၏။

စီးကရက်ဖွာရှိုက်လျက် သူ့ ထိုင်ခုံမှာ ပြန်ထိုင်တော့ သူမက မျက်လုံးမှုးဝိုင်းဝိုင်းလေးတွေနှင့် သူ့ကိုကြည့်ကာ-

"တိရစ္ဆာန်တွေထဲမှာ ကိုမင်းခ ဘယ်အကောင်ကို အချစ်ဆုံးလဲဟင်"

"ခွေး"

"ဘာဖြစ်လို့ချစ်တာလဲ"

"ခွေးတွေက သစ္စာရှိလို့၊ ဘယ်ကျေးကျွန်မှ ခွေးတွေလောက် သစ္စာမရှိနိုင်ဘူး။ ခွေးနဲ့လူဟာ ကျောက်ခေတ်ကတည်းက ယဉ်ပါးခဲ့ကြတာလေ။ ပြီးတော့ ခွေးဟာ လူရဲ့သဘောကို နားအလည်ဆုံးတိရစ္ဆာန်ပဲ"

သူမက-

"ဖူးကတော့ ကြောင်ကိုအချစ်ဆုံးပဲ။ ဒါပေမယ့် တစ်ခါတလေကျရင်တော့ အမြင်ကတ်တယ်"

"ဘာဖြစ်လို့လဲ"

"ကြောင်တွေက ယောကျ်ားတွေနဲ့တူလို့၊ သူတို့ပဲ အတင်းပလူးပလဲလာလုပ်တယ်။ ပြီးရင် သူတို့ပဲ ထွက်ပြေးသွားကြတယ်လေ"

သူမစကားကြောင့် မင်းခ သဘောကျစွာ ရယ်လိုက်မိပါသည်။ ပြီးမှ-



www.burmeseclassic.com

www.burmeseclassic.com



"ကြောင်တွေရဲ့မျက်စိသူငယ်အိမ်က ထူးခြားတယ်ဗျူရဲ့"

"ဘယ်လိုမျိုးမို့လို့လဲ"

"သူတို့မျက်စိသူငယ်အိမ်က နေ့ဘက်အလင်းရောင်အားကြီးချိန်တွေမှာ မျှင်မျှင်ကလေး သေးသွယ်ကျဉ်းမြောင်းပြီး ညဘက်မှောင်ချိန်မှာတော့ ကြီးမားဝိုင်းစက်လာတယ်။ အဲ့ဒါကြောင့် ကြောင်တွေဟာ ညဘက်မှာ တောင်းကောင်းမြင်နိုင်တာ။ ဒါပေမယ့် လုံးဝကြီး မှောင်မဲနေရင်တော့ သူတို့လည်း မမြင်ရဘူး"

(မင်းဟာ ကြောင်တစ်ကောင်ဖြစ်မှန်း ငါအသိနောက်ကျခဲ့ပါရဲ့)

"ဗျူက တောက်တဲ့တွေကိုတော့ ကြောက်တယ်"

"တောက်တဲ့က ကြောက်စရာမကောင်းပါဘူးကွာ၊ တောက်တဲ့ဆိုတာ တချို့လူတွေစားကြတဲ့ ဖွတ်တို့ ပုတက်တို့နဲ့ မျိုးရိုးအတူတူပဲ။ ပါဏဗေဒ အလိုအားဖြင့်တော့ ကက်ကိုနီဒင်းမျိုးရိုးမှာ ပါဝင်တယ်။ တောက်တဲ့တွေရဲ့ ထူးခြားချက်ကတော့ အမြီးမှာရှိတာ"

"ဘယ်လိုထူးခြားတာလဲဟင်"

"တောက်တဲ့တွေရဲ့ အမြီးကိုကိုင်ရင် အလွယ်တကူ ပြတ်သွားတတ်တယ်။ ဒါပေမယ့် အမြီးအသစ် ပြန်ထွက်တယ်။ တောက်တဲ့တွေက အမြီးထဲမှာ အာဟာရဓာတ်တွေကို သိုလှောင်ထားပြီးတော့ အစားအစာ ရှားပါးချိန်တွေမှာ အဲဒီအာဟာရကို ပြန်အသုံးပြုကြတယ်လေ"

"တောက်တဲ့ကိုက်ရင် သေတယ်။ တောက်တဲ့ တံတွေးနဲ့ထိရင် အရေ ပြားမှာ အဖုအပိန့်တွေ ထွက်တယ်ဆို"

"အဲ့ဒါတွေ တစ်ခုမှ မဟုတ်ဘူး။ တကယ်တော့ တောက်တဲ့က ကြွက်နဲ့ ပိုးမွှားတွေကို စားတာကြောင့် လူတွေကို အကျိုးပြုတဲ့ တိရစ္ဆာန်လို့တောင် ပြောလို့ရတယ်"

(မင်းဟာ တောက်တဲ့တစ်ကောင်လည်း ဖြစ်ပေသေးရဲ့...)

"တီကောင်တွေကိုတော့ ဗျူ ရွံ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း အဲဒီကောင်တွေက အူယားဖို့ကောင်းတာကတော့ အမှန်ပဲ"

(မင်းဟာ တီကောင်လိုပဲ အူယားဖို့ကောင်းတဲ့ မိန်းမ...)

ထိုစဉ်မှာပင်-

ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားသော ကောင်မလေးတစ်ယောက်အား ရှူရှူက လှမ်းခေါ်လေသည်။

"ဟေး လုံးကြီးပေါက်လှ ငါဒီမှာ လာဦး"

ရှူရှူခေါ်သလိုပဲ ထိုကောင်မလေးက လုံးကြီးပေါက်လှ နုထွားကြီးဖြစ်သည်။ သူမက ကကျိုးကကြောင်နှင့် လှမ်းကြည့်ပြီး ရှူရှူကိုမြင်တော့ ဆိုင်ထဲဝင်လာပါသည်။

ခုံတစ်လုံးမှာ ထိုင်ပြီးနောက် မင်းခကို အကဲခတ်သလို ကြည့်ရှုကာ-

"ရှူရှူ နင်ဒီမှာ ဘာလုပ်နေတာလဲ"

"ပူလို့ အအေးဝင်သောက်နေတာလေ။ နင်နဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက ငါ့ရဲ့မိတ်ဆွေသစ် ကိုမင်းခဆိုတာလေ"

"ဩော်... ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ရှူက ကိုမင်းခအကြောင်းတွေ အခုတလော ခဏခဏပြောတယ်"

အပြုံးနှင့် မင်းခ ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်၏။ ရှူရှူက-

"ကိုမင်းခ သူ့နာမည်က ဝါဝါအေးတဲ့။ ရှူရဲ့သူငယ်ချင်းလေ။ ရှူတို့ကတော့ သူ့ကို လုံးကြီးပေါက်လှလို့ပဲခေါ်တယ်"

"ဟယ်... ကောင်မ ရှုမနေနဲ့၊ ခုနကလည်း အဲ့လိုအော်ခေါ်တယ်။ ဘေးလူတွေ ကြားသွားရင် ရှက်စရာကြီး"

"ဘာဖြစ်လဲဟဲ့၊ ငါက နင်နာမည်မကြီးခင်ထဲက ကြော်ငြာဝင်ပေးနေတာ"

ရှူရှူက ပြုံး၍...

"ဝါအေးက နာမည်ကြီးအဆိုတော် အရမ်းဖြစ်ချင်နေတာ ကိုမင်းခရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဟုတ်တယ် ဝါအေးက အဆိုတော် အရမ်းဖြစ်ချင်တာ၊ ဖြစ်နိုင်ပါ့မလားဟင်"

ဝါအေးဆိုသော ကောင်မလေး စကားပြောတာ အားရပါးရရှိလှသည်။ မင်းခက ဝါအေးကို စိုက်ကြည့်၍-

"ပါရမီလည်း ပါမယ်ဆိုရင် ကြိုးစားရင် ဖြစ်နိုင်ချေရှိပါတယ်။ ဝါအေးက အိုးလည်း ကောင်းသားပဲ"

"ရှင်..."

ပါးစပ်အဟောင်းသားနှင့် ဝါအေး မျက်လုံးပြူးသွားသည်။ ကိုယ်လုံးလေးပင် ဆတ်ခနဲ တွန့်၍ တုန်သွား၏။ မင်းခ စကားကို အမြန်ဆက်လိုက်ရလေသည်။

"ဒီလိုပါ ကျွန်တော်က အသံအိုးကို ပြောတာပါ။ လည်ချောင်းထဲမှာ အသံအိုးဆိုတာ ရှိပါတယ်။ အဲဒီအသံအိုးကို ဖြတ်ပြီး တစ်ရှူးကြိုးနှစ်မျှင်က အသံကြိုးအနေနဲ့ တည်ရှိနေပါတယ်။ အဆုတ်ကနေ ရှူထုတ်လိုက်တဲ့ လေဟာ အသံကြိုးကို ရိုက်ခတ်မိပြီး အသံထွက်ပေါ်လာတာပါ။ အသံကြိုး ရှည်ရင် ရှည်သလောက် အသံကြီးပါတယ်။ ယောကျ်ားတွေရဲ့ အသံကြိုးက မိန်းမတွေ ကလေးငယ်တွေထက် ပိုရှည်တာကြောင့် အသံပိုကြီးတာပါ။ စောစောက ဝါအေးစကားပြောတာကို နားထောင်ကြည့်တော့ အသံအောင်တာ သတိထားမိတယ်လေ။ အဲ့ဒါကြောင့် အိုးကောင်းသားပဲလို့ ပြောတာပါ"

"ဩော်..."

ဒီတော့မှ ဝါအေးခမျာ သက်ပြင်းချနိုင်ရှာသည်။ ဇူးဇူးက ပြုံးစိစိနှင့် ဝါအေး ကိုကြည့်ပြီး-

"ဟဲ့ လုံးကြီးပေါက်လှ ငါ့ကိုကျတော့ မေးပြီး နင်ကကော ဒီအထဲကို ဘာလာလုပ်တာလဲ၊ ရွတာလား"

"အသိတစ်ယောက်နဲ့ ချိန်းထားလို့ပါဟယ်၊ နင်ကရော"



www.burmeseclassic.com

www.burmeseclassic.com



"အထီးလား အမလား"

"အထီး အဲ ဦးလေးကြီးတစ်ယောက်ပါ"

"ဦးလေးကြီးလည်း ယောက်ျားပဲ၊ ကျားဆိုရင် ဘယ်ကျားမှ စိတ်မချရဘူး။ နင်တစ်ယောက်တည်း မသွားနဲ့။ ငါပါ လိုက်ခဲ့မယ်"

ဇူးဇူးက အားမနာ လျှာမကျိုးပြောပြီး မင်းခကို လှည့်ကြည့်ကာ-

"ကိုမင်းခ ဇူး သူနဲ့ အဖော်လိုက်သွားဦးမယ်၊ ရှင်တစ်ယောက်တည်း နေခဲ့နိုင်ရဲ့လို့ ဖြစ်တယ်မလား"

အမယ် သူကပဲ တစ်ပြန်ကြီး။

"အင်းပါ ဖြစ်ပါတယ်"

"ဒါဆို ဇူး လိုက်သွားမယ်နော်။ အဲ... နောက်တစ်ခါတွေ့ရင် ကိုမင်းခ ကြောက်တာနဲ့ ရှုံတာတွေ ဇူးကို ပြောပြရဦးမယ်နော်။ မှတ်ထားဦး"

မင်းခ ပြုံး၍ ခေါင်းညိတ်ပြလိုက်ပါ၏။

ဇူးဇူးနှင့် သူ့သူငယ်ချင်း အတူထွက်သွားကြလေသည်။ ဆက်ထိုင်ချင်စိတ် မရှိတော့သဖြင့် မင်းခလည်း ထပြန်လာခဲ့တော့၏။

ထိုနေ့က အပြန်လမ်းမှာ-

ဝတ္ထုတွေထဲတွင် မကြာခဏ ထည့်ရေးဖြစ်လေ့ရှိသည့် 'အထီးကျန်ဆန်ခြင်း'ဆိုသော ဝေါဟာရအား ကိုယ်တိုင် ခံစားမိသလို ရှိလာလေသည်။

(ငါဟာ... ကိုယ့်သေတွင်း ကိုယ်တူးဖို့ အကြိမ်ကြိမ် ကြိုးစားဖူးပါရဲ့...)

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မဂ္ဂဇင်းတိုက်တစ်ခုကို စာမူပေးရန်ရှိသဖြင့် စာရေးစားပွဲမှာ မင်းခ မြဲနေပါသည်။

သူသည် အာရုံမလာလျှင် ရက်လများစွာ စာမရေးဘဲ နေလေ့ရှိပြီး အာရုံရလျှင်တော့ ထိုင်ရာမထ စာရေးလေ့ရှိ၏။ အနုပညာဆိုတာ စက်ဘီး လိုပဲ။ သွားရင်သွား မသွားရင် လဲမှာပဲ။ ရပ်နေလို့ မရဘူးဆိုသော ဘီ-လီဇန်းနေ့၏ စကားက တစ်ခါတရံ သူ့ကို ခြိမ်းခြောက်တတ်၏။

သူသည် စိတ်မပါလျှင် လေချွန်ရမှာပင် ပျင်းရိငြီးငွေ့သူဖြစ်သည်။

စကားလုံးတွေကြားမှာ စီးမျောနေမိရာ ဝတ္ထုအဆုံးသတ်မှ နာရီကို ကြည့်လိုက်မိသည်။ ဒီတော့မှပင် မယုံနိုင်လောက်အောင် အချိန်တွေ ကုန်ဆုံးသွားမှန်း သိတော့၏။

စာမူကို အစအဆုံး တစ်ခေါက်ဖတ်ပြီးတော့ စိတ်တွေ ပေါ့ပါးလန်း ဆန်းသွားလေသည်။ တာဝန်တစ်ခု ပြီးဆုံးသွားပြီဆိုသောစိတ်မျိုးနှင့် မဟုတ်ဘဲ အာသီသရှိသော အလုပ်တစ်ခုကို ကိုယ့်ဘက်ကနေ အကောင်း ဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့ပြီဆိုသော စိတ်မျိုးနှင့် ကျေနပ်ပီတိဖြစ်မိ တာ ဖြစ်၏။

စာရေးစားပွဲမှာ ထရုံရှိသေး။



www.burmeseclassic.com

www.burmeseclassic.com



လူခေါ်ဘဲလ်မြည်သံကြောင့် တံခါးထဖွင့်ပေးလိုက်တော့ ထင်မှတ်မထားသူနှစ်ယောက်အား တွေ့လိုက်ရ၏။ ကြွပ်ကြွပ်အိတ်ထုပ်ကလေးတွေ လက်မှာဆွဲထားသော ဖူးဖူးနှင့် ဝါအေးဖြစ်သည်။

ဖူးဖူးက သူမလက်မှာ ဆွဲကိုင်ထားသော ကြွပ်ကြွပ်အိတ်ထုပ်ကလေးတို မြှောက်ပြပြီး-

"ဒီညနေ ဒီမှာ ဟင်းချက်စားကြမလို့လေ"

သူ အနည်းငယ် စိတ်ပျက်သွားမိလေသည်။ အိမ်သာလျှင် ဧည့်လာသည်ဆိုသောစကားကို ကြားဖူးထားပေမယ့် မလိုအပ်သော ဧည့်တွေလာလျှင် သူ မကြိုက်။

အထူးသဖြင့် အနုပညာစျာန်ဝင်စားနေချိန်တွေဆိုလျှင် ပို၍ မကြိုက်ဆုံး ဖြစ်၏။

"မင်းက ထမင်းဟင်းမှ မချက်တတ်ပဲ"

"ဖူး မချက်တတ်ပေမယ့် ဝါအေးက ကောင်းကောင်းချက်တတ်ပါတယ်။ အဲ့ဒါကြောင့် သူ့ခေါ်လာတာ"

ဒီကောင်မလေးက မလွယ်။ သူ့အိမ်သူ့ယာသဖွယ် သူခေါ်ချင်တဲ့လူတိုခေါ်လာသည်။ တစ်ဖက်သား ကြိုက်မကြိုက်လည်း ဂရုစိုက်တတ်ပုံမရ။

သို့သော်... ငါတို့ကို ကောင်းကောင်းမွန်မွန် စားစေချင်စိတ်ကြောင့်ပဲလေဟု နားလည်မိ၏။

"ကိုဇာနည်အောင်ကြီးကော မမြင်ပါလား"

"သူ့ရည်းစားနဲ့ ချိန်ထားလို့တဲ့။ မနက်ထဲက ထွက်သွားတယ်"

"ဟယ် ကိုဇာနည်အောင်ကြီးက ရည်းစားရပြီလား"

"ပြောတာပဲ"

စာရေးချိန်တွေဆိုလျှင် အနီးအပါးမှာ လူတစ်ယောက်မှ မရှိမှ သူ အနုပညာမှော် ဖမ်းစားလို့ရသည်။ လူစိမ်းနဲ့ မခံနိုင်တာမျိုး ဖြစ်၏။ ခွတ်ခွတ်လပ်လပ်နှင့် တစ်ယောက်တည်းနေရတာကို နှစ်ခြိုက်သွန်းသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း ဖြစ်နိုင်သည်။

ထိုအချိန်မျိုးတွင်... မြတ်နိုးသူကိုပင် မတွေ့မြင်ချင်ပါ။

(မလိုအပ်ဘဲ ဆိတ်ချိုးပေါက်သလို တဘွတ်ဘွတ် စကားများသူတွေ အနားလာလျှင် အလွန်အကျွံမုန်းသည်)

သူ့အကျင့်တွေကို ဇာနည်အောင်က သိသည်။ ဒါကြောင့် သူ စာရေး စားပွဲမှာ ထိုင်ပြီဆိုလျှင် အိပ်လျှင်အိပ်၊ မအိပ်လျှင် ဝေးရာမှာ ငြိမ်သက် တိတ်ဆိတ်စွာ စာဖတ်နေတတ်၏။ ဒါမှမဟုတ်လျှင်လည်း အပြင်ထွက် လျှောက်သွားနေတတ်သည်။ (အမှန်ဆို ဒီလောက်အလိုက်သိသည့် သူငယ် ချင်းမျိုးကိုတောင်မှ သူက ရှိစေချင်တာ မဟုတ်။ ပြောမရလို့သာ စိတ်ဆင်း ရဲခံပြီး လက်ခံထားရတာ)

စာရေးတယ်ဆိုတာကလည်း ပြောတော့သာ စာရေးတာ... လေ့လာ စဉ်းစားရတာက ၇၀%ဖြစ်သည်။ ဒါကြောင့် စာရေးသူတစ်ယောက်ကို စာရေးမနေသော်လည်း အားလပ်နေသည်ဟု မထင်စေလိုပါ။ အနုပညာ သမားဆိုတာက ဦးနှောက်နှင့် နှလုံးသား ဒွန်တွဲကာ အမြဲလို အလုပ်ရှုပ် နေတတ်သည့် ဇီဇာကြောင်သူများ ဖြစ်ကြပါသည်။

(အဲဒီလိုလူတွေကို သနားသဖြင့် ထိုက်သင့်သလောက် နားလည် ပေးလိုက်ကြပါ)

သူ့ကိုတော့ နားမလည်နိုင်သူ အလွန်ပေါများလေသည်။

"ရော့ ကိုမင်းခအတွက်"

ဖူးဖူးက စတီးလ်ရောင် ပြောင်လက်နေသော မီးခြစ်အပြား ပါးပါး လေး သူ့အား ကမ်းပေး၏။

"နောက်ဆို အပြင်သွားရင် အမြဲဆောင်သွားပေါ့။ စီးကရက်မီးညှိချင် ရင် အဆင်သင့်ဖြစ်တာပေါ့။ ဆေးလိပ် အရမ်းသောက်ချင်နေချိန်မှာ ဆေး လိပ် ရှိပါလျက်နဲ့ မီးခြစ်ရှာမရရင် ဘယ်လောက် ဒုက္ခရောက်တယ်ဆိုတာ ဖူး နားလည်နိုင်ပါတယ်။ အဲဒီလို လူမျိုးတွေကို ဖူး တွေ့ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမစေတနာက အသက်တိုစေခြင်းအား မြှောက်ပေးသလို ဖြစ်နေ၏၊

"ငါက တမင် မီးခြစ်မဆောင်တာပါ။ အဲဒီလိုပဲ စီးကရက်ကိုလည်း ဘူးလိုက် ဆောင်ထားလေ့ မရှိဘူး။ အလွယ်တကူ အဆင်သင့်ရှိရင် ခဏ ခဏ သောက်ဖြစ်နေမှာ စိုးလို့လေ"

"ဒါပေမယ့် ဇူး ပေးတာကိုတော့ ယူပါ။ အမှတ်တရပေါ့"

ငြင်း၍ မကောင်းသဖြင့် မင်းခ လက်ခံယူလိုက်ရသည်။ မင်းဟာ ငါ့ကို ဆေးလိပ်တွေ သိပ်များ သောက်စေချင်နေသလား ကောင်မလေး ရယ်... ငါ ချောင်းတဟွတ်ဟွတ်ဆိုးပြီး တီဘီရောဂါနဲ့ သွေးအန် သေတာကို မြင်ချင်နေတာများလား...။

ဘာမဟုတ်သည့် သူ၏ လုပ်ဆောင်မှုလေးတစ်ခုအပေါ် သူမ အလေးအနက် ထားရှိပါလားဟု တွေးမိပြန်တော့လည်း ရင်ထဲမှခံစားမှုတ တစ် မျိုးတစ်ဘာသာ သစ်ဆန်းသွားပြန်လေသည်။

(ထိုမီးခြစ်ကလေးသည် သူ့အတွက် အကောင်းဆုံးအရေးပေါ် အဆောင်အယောင်တစ်ခုဖြစ်မှန်း သိလိုက်ရချိန်တွင် သူမစေတနာကို အသိအမှတ်ပြုဖို့ နောက်ကျသွားခဲ့ပြီ ဖြစ်၏)

ဝါအေးက ခွင့်တောင်းပြီး သန့်စင်ခန်း ဝင်သွားချိန်မှာပဲ-

တစ်နေကုန်အပြင်ထွက်နေသော ဇာနည်အောင် ကုန်းညောင် တုန်း ညောင်ဖြင့် ပြန်ရောက်လာသည်။ သူ့မျက်နှာကို မြင်ရသည်မှာ မျောက်အို ကြီး လေးမှန်လို့ ရွံ့ဗွက်ထဲ ပြုတ်ကျထားသလိုမျိုး ရှုတ်တွပုပ်သိုးနေပါ သည်။

"ဟိတ်ကောင် ဇာနည်အောင် မင်းရုပ်ကြီးက ဘာဖြစ်လာတာလဲ"

"မပြောချင်ပါဘူးကွာ"

အဲဒီကတည်းက ပြောချင်နေပြီဆိုတာ သေချာသည်။ ထင်တဲ့အတိုင်း ပါပဲလေ။ မမေးရပါဘဲ သူ့ဘာသာ စကားဆက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ ချက်ပြုသနာကြောင့်ပေါ့ကွာ၊ ငါအခုလို ဖြစ်ရတာ"

"ဘာလဲကွ၊ အဆုံးမရှိ အစမရှိနဲ့။ ပြောမယ့်ပြော ရှင်းအောင် ပြောလေ။ မင်းရည်းစားနဲ့ ချိန်းထားလို့ဆိုပြီး ထွက်သွားတာ မဟုတ်လား"

ဇာနည်အောင်က လွမ်းဆွေးမှုန်လဲ့နေသလို မျက်ဝန်းကြောင်ကြီးတွေဖြင့်-

"ဟုတ်ပါတယ်ကွာ၊ ဒီနေ့ သူ့အခန်းမှာ တွေ့ရအောင်ဆိုပြီး နှင်းမြရည်ကချိန်းလို့ ငါသွားတာပါ"

"မင်းရည်းစားနာမည်က နှင်းမြရည်လား၊ ငါက ဟန်နီဘိုဘိုကျော် ထင်နေတာ"

"အာ ဟန်နီဘိုဘိုကျော်က အရင်တုန်းက လိုက်တာလေကွာ၊ သူ့ကို မရလို့ နောက်တစ်ယောက် ပြောင်းကြိုက်တာ"

"ဩော်... အေး... အေး... အဲဒီပြောင်းကြိုက်တဲ့တစ်ယောက်က အခု မင်းပြောတဲ့ နှင်းမြရည်လား"

"နှင်းမြရည်က ခင်အေးငြိမ်းကိုလိုက်ပြီးမှ မရမှ လိုက်တာလေ။ ဟန်နီဘိုဘိုကျော်ပြီးတော့ ငါ ပြောင်းကြိုက်တာက အေးသီတာ...။ အေးသီတာနဲ့ ခင်အေးငြိမ်းကြားမှာ အထည်ချုပ်စက်ရုံက ကောင်မလေး တစ်ယောက်ကို လည်း လိုက်သေးတယ်လေကွာ။ အဲဒီကောင်မလေးကို လိုက်နေရင်း တန်းလန်းမှာပဲ တစ်ပြိုင်တည်းလိုက်တဲ့ တခြားစော်တွေက မိုးပွင့်ဖြူ၊ ဝိုင်းမွန်မြင့်၊ အိမ့်အိမ့်ခင်၊ ထက်ထက်ရတနာအောင် အဲ... ပြီးတော့..."

"တော်... တော်ပါတော့ကွာ၊ လိုရင်းကိုပဲ ပြောပါတော့"

မင်းခ တောင်းတောင်းပန်ပန်နှင့်ပြောလိုက်မှ ဇာနည်အောင်က နှပ်ကလေး တရှုံ့ရှုံ့နှင့် သူ့ဝမ်းဗိုက်စူစူကြီးကို ပွတ်ပြီး-

"အဲဒီလို ခဲရာခဲဆစ် ပင်ပန်းတကြီး အားကြိုးမာန်တက် ကြိုးစားခဲ့တာတောင်မှ ရည်းစားလေးတစ်ယောက် မရခဲ့တဲ့ ငါဟာ မထင်မှတ်ဘဲ သူတော်ကောင်း ရွှေချောင်းကြီး ခလုတ်တိုက်မိသလို..."

"သူခိုး ချေးခြောက်တက်နင်းမိတယ်ပြောပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သူတော်ကောင်း ရွှေချောင်းကြီး ခလုတ်တိုက်မိတာပါကွာ"

"ကြက်ကန်း ဆန်အိုးတိုးလောက်ဆို တော်ရောပေါ့"

"သူတော်ကောင်း ရွှေချောင်းကြီး ခလုတ်တိုက်မိတယ်လို့ပဲ ပြောပါ ရစေ သူငယ်ချင်းရယ်၊ ငါ့ရင်ထဲမှာ အဲဒီလို တင်စားပစ်လိုက်ချင်လွန်းလို့ပါ"

"အေးကွာ၊ တားမရလည်း ပြော... ပြော..."

"အဲဒီလို သူတော်ကောင်း ရွှေချောင်းကြီး ခလုတ်တိုက်မိသလို မထင် မှတ်ဘဲ နှင်းမြရည်ရဲ့အချစ်ကို ငါ ပိုင်ဆိုင်ခွင့်ရခဲ့တယ်။ အဲဒီမှာ..."

"အဲဒီမှာ အရှုး အမဲသားကျွေးမိသလို ဖြစ်ရောပဲလား"

"ဟာ... မဟုတ်ပါဘူးကွာ၊ ဒီလိုဟော့ ဒီလို"

❐

တိုက်ခန်းတစ်ခုထဲမှာ သူတို့နှစ်ယောက်တည်းသာ ရှိသည်ဆိုသော အသိကြောင့် ဇာနည်အောင် စိတ်တွေ လှုပ်ရှားနေသည်။ နှင်းမြရည်တို့ ရှင်ခွင်ထဲထည့်ကာ အားရှိပါးရှိ ဖက်ထားမိ၏။

ဒီလိုအခြေအနေမျိုးမှာ သူ့အကြံအစည်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်၏။

"မြရည်"

"ဘာလဲကွယ်"

ဇာနည်အောင်က ချွဲသလိပ်ကပ်နေသူ၏ အသံမျိုးနှင့် ခေါ်တာကို နှင်းမြရည်ကလည်း လည်ချောင်းကင်ဆာဖြစ်နေသူတစ်ယောက်၏ အသံ မျိုးနှင့် ထူးသည်။

"မြရည်က မိန်းမမြတ်တစ်ယောက်လားဟင်"

"အိုကွယ်... ဘယ်သိမှာလဲလို့"

"သိအောင်လုပ်လို့ရတဲ့နည်းရှိတယ် မြရည်ရဲ့"

"ဘယ်လိုလုပ်ရမှာလဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"လက်ယာရစ်ချက် နက်စေနူးညံ့ များအံ့ရေသွား ချမ်းသာဖွားလိမ့် အောက်နားချက်ဝယ် ပြန့်ကြွယ်မွေးထုံ ကုံကမံရှက် ခက်နက်တလိမ့် ရေ ရေးရှိမှ အနိမ့်မကျတဲ့"

ဇာနည်အောင်က ကြိုးစားပမ်းစား ကျက်မှတ်ထားသော လင်္ကာကို မင်သေသေ ရွတ်ဆိုပြလိုက်သည်။ နှင်းမြရည်က အမွေးနုံ့သာတွေ နေ့စဉ် သုတ်လိမ်းနေပေမယ့် မလျှော်ဘဲထားတာ တစ်လကျော်ပြီဖြစ်သော ခေါင်းကို အသာအယာကုတ်ရင်း-

"အဲ့ဒါဘာလဲကွယ် သိုက်စာလား"

"ဟာ... ဘယ်က သိုက်စာဟုတ်ရမှာလဲ၊ မြရည်ရဲ့ ချက်ပုံစံက အဲဒီ စာဆိုနဲ့ကိုက်ညီရင် မြရည်က နိမ့်ကျတဲ့မိန်းမတစ်ယောက် မဟုတ်တော့ ဘူးပေါ့။ အဲဒါကြောင့်..."

ပြောနေရင်း ငှက်ဖျားတက်လာသလို တဂတ်ဂတ်ဖြစ်ပြီး ဇာနည် အောင် ဇောချွေးတွေ စိမ့်ပျံ့လာလေသည်။ သူ့ပါးစပ်မှ သွားရေတွေပင် တမြားမြား ထွက်ကျနေပြီဖြစ်၏။

စိတ်လှုပ်ရှားမှုများကို မထိန်းချုပ်နိုင်တော့သည့် အဆုံး၌-

"အား..."

□



www.burmeseclassic.com

www.burmeseclassic.com

"ဘုရား ဘုရား မင်းသူ့ကို ဘာများလုပ်လိုက်တာလဲကွာ"

မင်းခ ရင်တမမ အသည်းတယားယားနှင့် မေးလိုက်မိသည်။ ပြီးမှ နံဘေးမှာ ထိုင်နေသော ဇူးဇူးကို သတိရကာ-

"သူ့ရှေ့မှာ ပြောလို့ကော ဖြစ်ရဲ့လား"

"ဖြစ် ဖြစ်ပါတယ်ကွာ"

ဇာနည်အောင်က ရင်ခုန်သံ ဆူညံနေဟန် အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြော၏။

"ငါ... ငါ သူ့ကို ဘာမှမလုပ်ရပါဘူးကွာ၊ သူတစ်ခုခုလုပ်မှာတို ကြောက်... ကြောက်လို့သာ ငါ... ငါက ထွက်ပြေးလာခဲ့ရတာပါ"

"ဟင်... မင်းက ဘာလို့ ထွက်ပြေးရတာလဲ"

"အဲဒီ နှင်းမြရည်ဆိုတာ ငါထင်သလို မိန်းမစစ်စစ် မဟုတ်ဘူးကွ။ ဆိုသင်း အ... အခြောက်ကြီး"

"ဘာ..."

"ဟာ... ကျွတ် ကျွတ်"

မင်းခသာမကဘဲ ဇူးဇူးပါ ပါးစပ်အဟောင်းသားနှင့် မျက်လုံးပြူးသွားသည်။ (သူမက နဂိုပြူးဆိုတော့ အတိုင်းထက်အလွန် ပို၍ပြူး၏)

ဇာနည်အောင်က ငိုတော့မယောင်မျက်နှာနှင့်-

"အဲဒါကြောင့် သူတော်ကောင်း ရွှေချောင်းကြီး ခလုတ်တိုက်မိတယ်ဆို့ ငါပြောတာပေါ့ကွာ။ သူယုတ်မာသာဆို အဲဒီနေရာမှာတင် ဇာတ်ပြတ်သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း အစကတည်းက အခြောက်မှန်းတောင် မသိဘူးလားကွာ"

"မသိဘူးကွ၊ ထင်စရာလည်း တစ်စက်မှ မရှိဘူး။ သူ့အလှပြင်ဆိုင်မှာ ဆံပင်သွားညှပ်မိရာကနေ လူချင်းသိကြတာ။ နာမည်ကလည်း နှင်းမြရည်ဆိုတော့ ခြော်… မြန်မာဆန်ဆန်လေးပဲဆိုပြီး ဖန်လိုက်မိတာ။ ဝတ်စားဆင်ယင်ထားရင် အချိုးအဆစ်ကလည်း အသက်ရှူမှားသွားမယ်"

ဇူးဇူးက-

"ဟုတ်တယ် ကိုမင်းခရဲ့၊ အခုခေတ်အခြောက်တွေက ပြင်တတ်ဆင်တတ် နေတတ်ထိုင်တတ် ပြောတတ်ဆိုတတ်ပါပေနဲ့. တချို့အခြောက်တွေဆို တော်တန်ရုံမိန်းမ ရှုံးသွားမယ်။ လှမှလှ တူမှတူပဲ"

"ဘယ်လောက်ပဲ လှလှတူတူကွာ၊ ခြေသလုံးမွေးရိတ်ထားရင်တောင် လည်စိကိုတော့ မြင်ရမှာပဲ။ မင်းကိုက နှာခေါင်း မီးတောက်လွန်းပါတယ် ဇာနည်အောင်ရယ်"

"ဘုရားစူးသူငယ်ချင်းရေ အဲဒီအခြောက်က လည်စိလည်း မထွက်ဘူးကွ၊ သူ့အသားအရည်ကလည်း ဝါဝါညက်ညက် ဝင်းဝင်းဖန့်ဖန့်လေး။ သူ့ဆံပင်လေးတွေဆို ကိုင်လိုက်ရင် နူးညံ့အိထွေးနေတာပဲ။ သူ့မျက်လုံးလေးတွေက ဟင်… ဟိုဒင်း မျှစ်စို့ကြီးလို အဲ… အဲ…"

မတော်လိုက်ရသည့် သူ့မယားကို မစားရဝခမန်း ချီးမွမ်းခန်းဖွင့်နေသော ဇာနည်အောင်သည် သန့်စင်ခန်းထဲမှ ထွက်လာသည့် ဝါအေးအားမြင်သောအခါ-

အယောင်ယောင် အမှားအမှားနှင့် ရုတ်တရက် အကြောဆွဲသလို ဆန့်ငင်ဆန့်ငင် ဖြစ်သွားလေသည်။

"အဲဒီမျှစ်စို့ကြီး အဲ… သူ… သူက ဘူလဲဟင်"

ဝတီသား ငမ်းချက်က မျက်လုံး ကျွတ်ထွက်မတတ်ပင်။

"ဇူးရဲ့သူငယ်ချင်းလေ။ နာမည်က ဝါအေးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ... ဝါအေးတဲ့လား"

အလိုက်သိသော ဇူးဇူးက ပြုံးစိစိနှင့်ပင် ဇာနည်အောင်နှင့် ဝါအေးတို့ မိတ်ဆက်ပေးလေသည်။

"ဒီအစ်ကိုရဲ့နာမည်က ဇာနည်အောင်တဲ့။ လတ်လတ်ဆတ်ဆတ် အသည်းကွဲသမားကြီးပေါ့"

"ဪ... ဇူးဇူးရယ်၊ ညီမလေးရယ် အသည်းကွဲတာတွေ ဘာတွေ ထည့် ပြောမနေပါနဲ့တော့"

ဇာနည်အောင် လေသံနှင့်အချိုး ချက်ချင်းပြောင်းလဲသွားသည်။ စောစောက ငိုတော့မယောင် မျက်နှာက အခုတော့ဖြင့် ပုရွက်ဆိတ် ထက်ကိုက်မတတ် ပြုံးရွှင်ချိုမြနေ၏။

ရင်မှာလည်း ဖိုးသိုးဖပ်သပ်တွေ ဖြစ်နေပုံရသည်။

"ကဲ အချိန်မရှိတော့ဘူး၊ ချက်စရာရှိတာ ချက်ကြမယ်။ ဒီညနေစာ ဒီမှာချက်စားကြမလို့။ အဲ့ဒါ ကိုဇာနည်အောင်ကြီး ကူလုပ်ပေးရမယ်နော်"

"ဟာ... လုပ်ပေးမှာပေါ့"

"ကိုဇာနည်အောင်ကြီးက အရမ်းသဘောကောင်းတာပဲ"

"အဟဲ... ဟဲ..."

ကောင်မလေးနှစ်ယောက်နှင့် ဇာနည်အောင် အဖွဲ့ကျသွားသည်။ စားရေးပြီးခါစမို့ အကြောအချဉ်ပြေအောင် လမ်းဆင်းလျှောက်ဦးမယ်ဟု ပြောကာ မင်းခ အောက်ဆင်းလာခဲ့ပါသည်။

ထိုညနေခင်းသည် လမ်းဆင်းလျှောက်သော သူ့အား အသည်းကွဲ သီချင်းတစ်ပုဒ် ဆိုညည်းခိုင်းမည်ဆိုတာသိလျှင် သူ ငြိမ်ငြိမ်သက်သက်ပဲ အညောင်းခံနေလိုက်ပါတော့မည်။

အခုတော့...။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"မင်းခ မင်းခ"

ခေါ်သံကြောင့် လမ်းလျှောက်နေရာမှရပ်ကာ လှည့်ကြည့်လိုက်တော့ ကိုဝေမူးကြီးအား ဖိုသီဖပ်သီနှင့် ယိုင်တိယိုင်တိုင် တွေ့လိုက်ရ၏။

"ဪ... ကိုကြီး ဘာလဲ"

"အဆင်သင့်လိုက်တာကွာ၊ ငါလည်း အခုပဲ မင်းဆီလာတော့မလို့ ညီလေးရ"

"ကိစ္စရှိလို့လား"

"ငါ အရေးတကြီး အသုံးလိုလို့ကွာ၊ ပိုက်ဆံငါးထောင်လောက်ပါရင် ချေးခဲ့စမ်းပါ"

ကံဆိုးစွာပင် ဝတ်လာသော ဂျင်းဘောင်းဘီနောက်အိပ်ကပ်ထဲမှ ပိုက်ဆံအိတ်က ခေါင်းပြူထွက်နေ၏။ ဒါကြောင့် ငါးထောင်ထုတ်ပြီး ပေး လိုက်ရသည်။

"မင်းပိုက်ဆံကို ငါ ဒူဘိုင်းက ပြန်လာမှပဲ ယူတော့ကွာ"

"ခင်ဗျားက ဒူဘိုင်းကို ဘယ်တော့သွားမှာလဲ"

"မင်းသိအောင် ပြောရရင်တော့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောပါ"

"ဒီတစ်သက် သွားဖို့ အစီအစဉ် မရှိဘူးကွ"

"ဟာ... ဝေးပြီ"

ကိုဝေမူးကြီးက ပိုက်ဆံကို ယူပြီး ထွက်သွားပြီဖြစ်သည်။ လစ်မစ် ပြည့်သေးသောကြောင့် သူ့ခံတွင်း သူထပ်ပက်ဖို့သွားတာ ဖြစ်ရမည်။

ရန်ကုန်မြို့လယ်ခေါင်၏ ညနေခင်းက လူရောင်စုံ တိုးဝှေ့စည်ကား လို့ နေပါသည်။ အသက်ရှုကြပ်စရာ ညှော်နံ့တွေ၊ နားစည်မွေး ပေါက်ပြ တတ် ဆူညံသံတွေနှင့် စိတ်ရှုပ်ထွေးစရာ ကောင်းနေသည်။ ဖွံ့ဖြိုးမှု နှေးကွေးသော်လည်း ဆိတ်ငြိမ်အေးချမ်းသော နယ်မြို့ကလေးမှ လမ်း တွေကို သတိရမိ၏။

လမ်းလျှောက်၍ ကျေနပ်မှုရသောအခါ မင်းခ အိမ်ခန်းဆီပြန် လျှောက်လာခဲ့၏။ ဘယ်အရာမဆို အနည်းဆုံး ရှုထောင့် အမြင်နှစ်မျိုး တော့ ရှိနိုင်လေသည်။

မြို့ပြ၏အရသာကို အပြည့်အဝခံစားချင်သဖြင့် မြို့လယ်ခေါင်မှာ နေချင်ခဲ့တာလည်း သူပဲဖြစ်သည်။ (နယ်မှာ မိသားစုနှင့် နွေးထွေးစည်းလုံး စွာ ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ် သက်သက်သာသာ နေရ တာကိုတော့ အနှစ်ခြိုက်ဆုံးပေါ့)

တိုက်ခန်းမှာနေရတာ အဆင်မပြေမှုတွေရှိပေမယ့် သူ့လို လူငယ် ယောက်ျားလေး တစ်ယောက်တည်းအတွက်ကတော့ တိုက်ခန်းနေ စနစ်ကို ပိုမိုသဘောကျသည်။

လွတ်လပ်၍ သီးသန့်ဆန်သည်။ ပတ်ဝန်းကျင်နှင့် နီးကပ်သဖြင့် လုံခြုံမှုလည်း ရှိ၏။ နေရာ သိပ်မကျယ်ဝန်းသဖြင့် ရှင်းလင်းသိမ်းဆည်း ရတာလည်း လွယ်ကူသည်။ လူတစ်ယောက်ပိုလာလျှင် သိသာတာတော့ ဆိုးချက်ဖြစ်၏။ ဒါကြောင့်လည်း ဧည့်သည်တွေလာလျှင် ဆူညံရှုပ်ထွေးမှု တွေကြောင့် အေးအေးဆေးဆေးနေချင်သောသူ မနှစ်မြို့တာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အလှချဲ့လိုလို အမှိုက်သိမ်းသူလိုလိုနှင့် သူခိုးဂျပိုးတွေ၏ အန္တရာယ်ကိုတော့ အထူး ဂရုစိုက် သတိပြုရလေသည်။ (အတုတွေကြောင့် အစစ်တွေမှာ အလွန်နစ်နာ၏)

အိမ်ခန်းရှေ့ပြန်ရောက်တော့ လော့ခ်ချထွက်လာသော အခန်းတံခါးကို သော့ဖွင့်၍ ဝင်လိုက်ပါသည်။ နောက်ဖေးခန်းထဲမှ ဆူဆူညံညံတွေ့သူ့ဆီ လွင့်လာ၏။

"ကိုဇာနည်အောင်ကြီး အရမ်းတော်တာပဲ"

"ဟဲ... ဟဲ"

"ဒီကြက်သွန်လေးတွေလည်း နွှာလိုက်ဦးနော်"

"အင်းပါဆို"

ဒီလောက်ဆို ဝက်သိုး တော်တော်မျောနေပြီဆိုတာ ခန့်မှန်းလို့ရသည်။ ဘုရားအလောင်း ဥဒေါင်းမင်းတောင်မှ 'မ'သတ္တဝါကြောင့် ညွတ်ကွင်းမှာ သက်ဆင်းရသေးတာပဲလေ။

ငါ့သူငယ်ချင်း တဏှာရူးကြီး သူ့ဗီလင်နှင့်သူ နေပါစေ။

နဖားကြိုးမဆွဲတော့ဘဲ မင်းခ အသာ လွှတ်ထားပေးလိုက်သည်။

အချိန်အားနေသဖြင့် မိတ်ဆက်စာနှင့် ဝေဖန်အကြံပြုစာတွေ ပြန်ရန်စဉ်းစားလိုက်မိသည်။ စာတိုက်မှတစ်ဆင့် ရောက်လာသော စာအိတ်တွေကိုပဲ အရင်ဖောက်ရမလား။ Leptop ဖွင့်ပြီး အင်တာနက်ကွန်ရက် ချိတ်ဆက်ကာ Online မှလာသော Mail တွေကိုပဲ အရင်စစ်ဆေးကြည့်ရမလား။

တွေးတောစဉ်းစားရင်း စာရေးစားပွဲသို့ လျှောက်အလာ-

"ဟင်..."

မင်းခ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရလေသည်။

ကပျာကသီ လှန်လှောရှာဖွေပြီး မတွေ့သည့်အဆုံး၌-

"ဟော့ ဒီစားပွဲပေါ်က စာရွက်တွေ ဘယ်သူယူသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



မင်းခ ကျယ်လောင်စွာ အော်မေးလိုက်တော့ နောက်ဖေးခန်းထဲမှ ဆူညံသံများ တိတ်သွား၏။ သူသည် Data နှင့် Note တွေကိုသာ Leptop ထဲမှာ သိမ်းမှတ်လေ့ရှိပြီး စာရေးလျှင်တော့ ကွန်ပျူတာကို အသုံးမပြုဘဲ လက်နှင့်သာ ရေး၏။

နောက်ဖေးခန်းထဲမှ ဇူဇူခေါင်းလေး ပြူထွက်လာပြီး-

"ဟို... လျှောက်လွှာစာရွက်တွေကို ပြောတာလား"

"ဟုတ်တယ် မင်းယူတာလား"

"အင်း... ဟုတ်တယ်၊ ဇူ ယူတာ"

"အဲ့ဒါတွေ ဘယ်မှာလဲ။ ငါ့ပြန်ပေး"

"မရှိတော့ဘူးလေ။ မီးပြတ်နေတာနဲ့ အဲဒါတွေယူပြီး ဇူ မီးမွှေး တစ်လိုက်တာ"

"ဘာ..."

ရုတ်တရက် ချက်ချင်း မင်းခ ဒေါသက အထွတ်အထိပ်သို့ ရောက်ရှိသွားသည်။

"အဲ့ဒါ မဂ္ဂဇင်းပေးဖို့ ရေးထားတဲ့ ဝတ္ထုစာမူကွ။ မီးမွှေးရမယ့် စက္ကူစုတ်မဟုတ်ဘူး"

"ဇူမှမသိတာ"

"ဒီလောက် စာတွေရေးထားတာကို မသိဘူးဆိုတော့... မင်း စာမတတ်ဘူးလား ပညာမတတ်ဘူးလား..."

မင်းခ ပေါက်ကွဲစွာ အော်ဟစ်တော့ သူမ ကိုယ်လုံးလေး တသိမ့်သိမ့် တုန်ယင်သွား၏။ ဆုံးရှုံးခဲ့လိုက်ရသော စာမူတစ်ပုဒ်၏တန်ဖိုးကို သူ ဘယ်အရာနှင့်မှ မလဲလှယ်နိုင်ပါ။

လှပသော စကားလုံးတစ်လုံး ရရှိဖို့၊ ပြေပြစ်သော စကားပြေတစ်ကြောင်း ဖြစ်ပေါ်ဖို့ဆိုတာ တစ်ခါတစ်ရံမှာ သိပ်လွယ်ကူပေမယ့် တစ်ခါတစ်ရံမှာတော့ လွန်စွာခက်ခဲ၏။ အချိန်နာရီ နေ့ရက်တွေ များစွာ



www.burmeseclassic.com

www.burmeseclassic.com



စတေးရပေမယ့် ကိုယ်လိုချင်သော ထိရောက်မှုမျိုးကို ပေးစွမ်းနိုင်သည့် အနုပညာဝိညာဉ်တွေက မပူးကပ်ချေ။

ညှိုးငယ်နေသော သူမ မျက်နှာကိုကြည့်၍ ဇာနည်အောင်က သနားတန်ဖြင့် ဝင်ဖျောင်းဖျ၏။

"တော်ပါတော့ကွာ၊ ပြောမနေပါနဲ့တော့။ မဂ္ဂဇင်းအတွက် ဝတ္ထုတိုပဲ။ မင်းပြန်ရေးလိုက်ရင် ရပါတယ်ကွာ"

"အနုပညာပစ္စည်းတစ်ခု ပျက်စီးသွားလို့ နောက်တစ်ကြိမ် ပြန်ဖန်တီးမယ်ဆိုရင် မူရင်းအရသာ ဘယ်တော့မှ မရတော့ဘူးကွ။ အနုပညာဆိုတာ ပုံစံခွက်ထဲမှာ အချိုးကျဖော်စပ်လို့ရတဲ့အရာ မဟုတ်ဘူး။ ပြီးတော့ အဲဒီစာမူက ဇာတ်လမ်းအသားပေး ရေးထားတာမျိုးလည်း မဟုတ်ဘူး။ စကားလုံးတွေ ဆော့ကစားပြီး စကားပြေချည်းသက်သက် ရေးထားတာ။ အဲ့ဒါကြောင့် ပြန်ရေးဖို့ မလွယ်ဘူး"

သူက စာတစ်ပုဒ်၏ အရည်အသွေးကို Message, Plot, Prose (ပေးချင်သည့်အကြောင်းအရာ၊ ဇာတ်လမ်းဇာတ်ကွက်၊ စကားလုံးသုံးစွဲမှုနှင့် ရေးသားတင်ပြပုံ)သုံးမျိုးသုံးစား ယှဉ်တွဲခံစား၍ ပိုင်းဖြတ်သတ်မှတ်သည်။ စကားပြေသည် စကားပြောထက် ပိုမိုခက်ခဲကြောင်းကိုတော့ စစ်မှန်စွာ စာရေးဖူးသူတွေတိုင်း သိပါလိမ့်မည်။

"တောက်... မင်း ငါ့ကို တော်တော်ဒုက္ခပေးပါလား ဇူးဇူး"

သူမ ခေါင်းကလေးငုံ့၍ တသိမ့်သိမ့် ရှိုက်ငို၏။ ပြီး မျက်ရည်တွေစိုနေသော မျက်ဝန်းဝိုင်းဝိုင်းတွေနှင့် သူ့အား ခပ်ငေးငေး မော့ကြည့်သည်။ နောက် အံကလေးကြိတ်ကာ အိမ်ခန်းထဲမှ လျင်မြန်စွာ ပြေးထွက်သွားလေသည်။

သူမနောက်မှ ဝါအေးလည်း ခေါင်းလေးငုံ့ကာ လိုက်ပါသွား၏။

ညနေခင်းသည် မီးပမာ ဆူပူလောင်မြိုက်လွန်းလှပါသည်။

(ချစ်သူရည်စားနဲ့ပြတ်မှသာ အသည်းကွဲတာ မဟုတ်ပါဘူး၊ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ထန်ဖိုးထားမြတ်နိုးတဲ့ အရာတစ်ခုကို ဖျက်ဆီးခံရရင်လည်း အသည်းကွဲတာပါပဲ)

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဖူးဖူးကိစ္စမှာ သူ့ဘက်က မှားတယ်ဆိုရင်တောင် မင်းတုံ့ပြန်လိုက်တာက လွန်တယ် မင်းခ။ အရင်ရက်တွေက မင်း စိတ်မပြေလောက်သေးလို့ ငါ မပြောတာ"

ဇာနည်အောင်ပြောတာကို မင်းခ ငြိမ်၍သာ နားထောင်နေလိုက်သည်။

"စာရေးဆရာတစ်ယောက်အနေနဲ့ကြည့်ရင် မင်းခံစားချက်ကို ငါ နားလည်နိုင်ပါတယ်။ ဒါပေမယ့် ဒီကိစ္စမှာ သိသိကြီးနဲ့ သူ တမင်လုပ်လိုက်တာ မဟုတ်ဘူးလေ။ မသိလို့ဖြစ်သွားတာ။ ဝန်ခံရရင်တော့ ငါ အိမ်မှာ ရှိနေလျက်နဲ့ ဖြစ်သွားတာဆိုတော့ ငါ့အပြစ်လည်း ပါတယ်"

ဇာနည်အောင်ကိုခင်တာ အဲ့ဒါတွေကြောင့် ဖြစ်သည်။ တစ်ဖက်လူ၏ အမှားကို သွေးအေးအေးနှင့် အချက်ကျကျ ထောက်ပြတတ်သလို ကိုယ့်အပြစ်ကို ဝန်ခံရဲသောသတ္တိမျိုးလည်း သူ့မှာ ရှိ၏။ လူအများစုသည် တစ်ဖက်သား၏အပြစ်အနာအဆာကိုသာ ကဲ့ရဲ့ရှုတ်ချတတ်ပေမယ့် ကိုယ့်အပြစ်ကို ဝန်ခံရဲသောသတ္တိမျိုးတော့ မရှိတတ်ကြပေ။

ထိုသို့ဝန်ခံရဲတာကိုမှ သူက 'တကယ့်သတ္တိ'ဟု ယူဆ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးကြည့်တော့ ဇူးဇူးကို သူ ဆက်ဆံတာ လွန်သွားသည်။ တိုယ့် အိမ်မှာ ဖြစ်သလို ဇာနည်အောင်နှင့် ဝါအေးရှေ့မှာလည်း ဖြစ်တာမို့ သူမ တော်တော်တော့ ရှက်ရွံ့သွားပေလိမ့်မည်။

"ငါ ဘာလုပ်သင့်သလဲ"

"မင်း ဇူးဇူးကို တောင်းပန်သင့်တယ်"

"သူဘယ်မှာနေမှန်းမှ မသိတာ။ ငါက ဘယ်လိုတောင်းပန်မလဲ"

သူမ သူတို့ဆီ မလာတာ ရက်အတော်ကြာပြီ။ ရှာဖွေဖို့ဆိုတာ ကလည်း သူမနှင့်ပတ်သက်တာဟူ၍ ဝါအေးတစ်ယောက်ကလွဲလျှင် ခြား ဘာမှမသိသဖြင့် အခက်တွေ့နေ၏။

ဇာနည်အောင်က ညည်းညူသည်။

"မင်းကြောင့် ငါလည်း ငါ့ရဲ့မျှစ်စို့နဲ့ ဝေးပါပြီကွာ"

ဒင်းက တမျှောင့်...။

ဂျင်းဘက်ပတစ် ဒီ ရှက်တူးယူဘမ်းဆိုသူနှင့်စာလျှင်တော့ သူ့အဖြစ် အများကြီး ဖြေသာသေးသည်ဟု မင်းခ တွေးမိ၏။ ထိုပုဂ္ဂိုလ်ဆို ဖြတ် နှစ်ပုဒ်ပြီးအောင် နှစ်ပေါင်းလေးဆယ်ကြာ ရေးသားခဲ့ရ၏။ နောက်တော့ လက်ရေးမူနှစ်ခုစလုံး ပျောက်ဆုံးသွားခဲ့သည်။

သူ့အိမ်ဖော်က အဲဒီစာရွက်တွေကို ကုန်ထုတ်စက္ကူအဖြစ် အသုံးပြု စ်လိုက်တာတဲ့။ သေရောနော်...။

ဒီလို နှိုင်းယှဉ်ကြည့်တော့လည်း သူ့အဖြစ်က အသေးအမွှားသာ။ တ်တာက လူဆိုတာ ကိုယ့်အရှုံးကိုယ်သာ အနာကျင်ဆုံးလို့ ထင်တတ် ကြတာ မဟုတ်လား။

ညနေစောင်းသောအခါ-

ကဗျာဆရာများ၊ တေးရေးဆရာများ၊ ပန်းချီဆရာများ၊ စာရေးဆရာ များ စာနယ်ဇင်းဆရာများ ဆုံလေ့ရှိသည့် 'ဆရာဘုံ'ဟု သူအမည်ပေး သော လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့၏။ ရောက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



လူအတော် စုံတာ သတိပြုမိသည်။ လူစုံသဖြင့် အသံတွေစုံသလို သတင်းလည်း စုံသည်။

ကဗျာနှင့် ဝတ္ထုတိုတွေ ရေးသားသော ဆရာဝိုင်ချိုနှင့် ဆရာ မာန်ထက်သာ၏ဝိုင်းတွင် သူ ဝင်ထိုင်လိုက်၏။ သူတို့နှစ်ယောက် သဲကြီးမဲကြီး စကားကောင်းနေကြလေသည်။

ဘာတွေများပြောနေသလဲ သူ နားစိုက်ထောင်ကြည့်လိုက်ရာ-

"ကောင်းခြင်း ဖောဋ္ဌဗ္ဗာရုံကို ဖြစ်စေတဲ့ အဲ မကောင်းခြင်းတွေကိုလည်း ဆောင်ကျဉ်းတတ်တဲ့ ဣတ္ထိယ ညဥ့်ငှက်တေလေမလေးတွေကို 'နတ်သမီး'လို့ ဘာကြောင့်ခေါ်တာလဲ"

"ခင်ဗျား Prostitute တွေကို ပြောနေတာလား'

"အေး ဟုတ်တယ်"

ဘာများလဲလို့...။ ဒါကိုး...။

သူတို့အချင်းချင်းတော့ နားလည်သည်။ ဝိုင်ချိုက သူ့ဆံပင်ရှည်ပျော့ပျော့လေးတွေကို စက်ဘီးစမုတ်တံသဖွယ် လက်ချောင်းတွေနှင့် သပ်ကာသပ်ကာဖြင့် မေးတာကို မာန်ထက်သာကလည်း ကော်ခုံပုလေးပေါ်တွင် ဆောင့်ကြောင့်ထိုင်၍ ပူးထားသော ရိုးတွင်းချဉ်ဆီ အားနည်းနေပြီ ဖြစ်သည့် ဒူးနှစ်ဖက်ကို လက်နှင့်ဖက်ကာ (မာန်ထက်သာဆိုသည့်အတိုင်း) မာန်ထက်သန်စွာ ပြော၏။

"ဒါက ဒီလိုရှိတယ်ဗျ၊ စစ်မဖြစ်မီက ပေါ်တဲ့ မီးခြစ်တံဆိပ်များစွာအနက်က နတ်သမီးတံဆိပ်မီးခြစ်ပေါ်မှာ 'ဥတုသုံးပါးခံသည်'ဆိုတဲ့ စာတမ်းပါရှိတယ်။ ဆိုလိုချင်တာက နတ်သမီးတံဆိပ်မီးခြစ်ဟာ ပူပြင်းခြင်း၊ စိုထိုင်းခြင်း၊ အေးမြခြင်းဆိုတဲ့ နွေမိုးဆောင်း ဥတုသုံးပါးလုံး မချွတ်မယွင်း အသုံးခံကြောင်း ကြော်ငြာတာ။ အဲဒီစာတမ်းကို တလွဲအဓိပ္ပာယ်ကောက်ပြီး Prostitue တွေကို သရော်တဲ့အနေနဲ့ နတ်သမီးတံဆိပ်မီးခြစ်၊ နတ်သမီးဆိုပြီး ခေါ်ကြတာ။ ကာမဂုဏ်အာရုံ ခံစားမှုများတဲ့နတ်ပြည်က

www.burmeseclassic.com

www.burmeseclassic.com



တားလုံးအနက်နဲ့ ယဉ်တာကြောင့်လည်း တင်စားရင်း ဒီကနေ့အထိ နှုတ်တွင်လာတာပေါ့ဗျာ"

"ဒါဆို ပခြုပ်သည် ဆိုတာကကော"

"ပခြုပ်သည်ဆိုတာက ဖာနဲ့တူတဲ့ ပခြုပ်ကို စကားလှည့်သုံးစွဲတာပါ။ ဒီဆိုတာ သွင်းချည် နုတ်ချည် အလွယ်တကူ ထည့်နှုံလို့ရတဲ့ ထန်းခေါက်နဲ့ ရက်ထားတဲ့ အခေါင်းကိုယ်ထည်ပါရှိတဲ့ ပစ္စည်းတစ်မျိုးပဲလေဗျာ။ ဖာသည် ဆိုတာ အဲဒီဖာကို ရောင်းသူ ပိုင်သူလို့ အဓိပ္ပာယ်ရှိတာကြောင့် အဲဒီ အဘောကို ပမာပြုပြီးခေါ်တာ"

ဝိုင်ချိုက ခေါင်းတညိတ်ညိတ်နှင့်...

"ဩော်... အေး အေး မင်းက တော်တော်သိတာပဲတွ။ ဒါမျိုးတွေ တော်တော်လိုက်စားပုံရတယ်"

"ဘာဗျ... ခင်ဗျား ဘာစကားပြောတာလဲ။ လိုက်စားတာ မဟုတ်ဘူး။ လေ့လာတာဗျ လေ့လာတာ"

ပြေပြေလည်လည် ဆွေးနွေးနေရာမှ နှစ်ယောက်သား စကား ထများ ကြလေသည်။ ဒါလည်း 'ဆရာဘုံ'ဆိုင်၏ ပြယုဂ်တစ်မျိုးပဲ ဖြစ်ချေ၏။

ထိုစဉ်မှာပင်-

ယောကျ်ားတစ်ယောက်အနေနဲ့ဆိုလျှင် ချောမောခံ့ညားလွန်းနေ သည်ဟု ပြောရမည့် သူ့မိတ်ဆွေ စာရေးဆရာ လတ်တေဇအောင် ဆိုင်ထဲ ဝင်လာပြီး သူတို့ ဝိုင်းလာထိုင်သည်။ သူနှင့်အတူ လူတစ်ယောက်လည်း ပါလာ၏။

လတ်တေဇအောင်က ထိုသူနှင့် သူတို့အား မိတ်ဆက်ပေးလေသည်။

"ဒါက စာရေးဆရာ လူနေပါ"

ပေါရာဏစကားနှင့် ပြောရမည်ဆိုလျှင် ထိုသူ၏ မျက်လုံးတွေက ဇယ်လောင်းမျက်လုံးဆိုတာမျိုး ဖြစ်သည်။ လွန်စွာ မခို့တရို နိုင်လှ၏။

"အအေးသောက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... နေ နေ"

"ကော်ဖီကော... မှာလိုက်မယ်လေ"

"မလုပ်နဲ့ မလုပ်နဲ့"

လွန်စွာ အားနာတတ်သူဟု မင်းခ ထင်လိုက်မိသည်။ (သို့သော် သူ ဘာကြောင့် ငြင်းမှန်း နောင်မှ လေးစားအံ့ဩစွာ သိရှိရပါသည်)

လူနေ၏ မျက်လုံးတွေကိုကြည့်၍ ဖူးဖူး၏ မျက်လုံးတွေကို သူ သတိ ရလိုက်မိသည်။ လူနေ၏ နှာခေါင်းကိုကြည့်၍ ဖူးဖူး၏ နှာတံချွန်ချွန် တလေးကို တမ်းတမိသည်။ လူနေ၏ နှုတ်ခမ်းကို ကြည့်၍ ဖူးဖူး၏ နှုတ်ခမ်းနှစ်လွှာကို မြင်ယောင် ပုံဖော်နေမိသည်။

သူ သတိလက်လွတ် စိုက်ကြည့်နေမိရာ... အနေခက်ဟန်ဖြင့် လူနေ ခေါင်းငုံ့သွား၏။ သတိဝင်လာပြီး လူနေထံမှ အကြည့်ကို သူ လွှဲဖယ် ပစ်လိုက်ပါသည်။ ဒီတော့မှ လူနေလည်း အသက်ရှူချောင်သွားပုံရ၏။

ဘုရား ဘုရား... ငါ့စိတ်တွေ ဘယ်လိုဖြစ်နေတာပါလိမ့်...။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

လောကမှာ သူ လိုလားသောအရာတွေ များစွာရှိပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားသည်။ တရားမျှတသော အုပ်ချုပ်ရေးစနစ်ကို လိုလားသည်။ ဖြူစင်ရိုးသားမှုကို လိုလားသည်။ ဘီသိုဗင်၏ ဂီတကို နားဆင်ရန် လိုလားသည်။ ခရစ်တော်၏ နောက်ဆုံးညစာကို အနီးကပ် မြင်တွေ့ခွင့်ရရန် လိုလားသည်။ မင်းသမီးတစ်ယောက်၏ စိတ်တွင်းအပြင် ဘက်မှ ဟန်မဆောင်မှုကို လိုလားသည်။ မြန်မာစာပေ တိုးတက်ထွန်းကား ရေးကို လိုလားသည်။ အရည်အချင်းရှိသော လူငယ်တွေ အများအပြား ပေါ်ထွက်လာစေရန် လိုလားသည်။ လေးစားထိုက်သော အနုပညာရှင်များ၊ အတတ်ပညာရှင်များ အသက်ရှည်ကျန်းမာစေရန် လိုလားသည်။ မိသားစုနှင့် ရာသက်ပန် နွေးထွေးစည်းလုံးစွာ နေထိုင်ခွင့်ရရန် လိုလားသည်။

အခြားလိုလားချက်များစွာ ရှိသေးသော်လည်း-

အခု လက်တလောမှာ သူ အလိုလား အတောင့်တဆုံးအရာက [illegible]ဆိုသော ကောင်မလေးနှင့် ပြန်ဆုံခွင့် ဖြစ်ပါသည်။ အခုရက်ပိုင်းအတွင်း သူ့ရင်မှာ အစဉ်အမြဲ တစ်စုံတစ်ခု လိုအပ်နေသကဲ့သို့ မော[illegible] ခံစားရလေသည်။

ဒါ... ဘာရောဂါလဲ...။



www.burmeseclassic.com

www.burmeseclassic.com



ခွက်တစ်ခွက်ထဲတွင် ပင်နီစီလီယံတွေထည့်ပြီး စမ်းသပ်လေရာ မတော်တဆ ပျက်စီးသွားရာမှ ပင်နီစီလင်ဆေးကို တွေ့ရှိခဲ့ကြ၏။ အဲဒီလိုပါပဲ... မင်းခသည်လည်း ရူးရူးဆိုသော ကောင်မလေးနှင့် ကတောက်တဆ ဖြစ်ပွားပြီး ကွေကွင်းချိန်ကျမှ ခံစားမှုအသစ်တစ်ခုကို တွေ့ရှိခဲ့ရ၏။

ထိုအရာမှာ-

(အမုန်း) (ကရုဏာ) (တဏှာ) (အလွမ်း) (အချစ်)

ဘာဖြစ်နိုင်ပါသလဲ...?

(သင်ထင်တာတစ်ခုကို 'ဆန္ဒရှိလျှင်' အမှတ်ခြစ်လိုက်ပါ)

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းထဲမှာ ညသည် အရောင်စုံတောက်ပနေချေ၏။

မိန်းမနှင့် ကွဲကွာထားသဖြင့် စိတ်လေနေပုံရသော ကိုဝေမူးကြီးက စိတ်ပြေလက်ပျောက်ဆိုသော အကြောင်းပြချက်နှင့် လာခေါ်သဖြင့် မင်းခနှင့် ဇာနည်အောင်သည် ကိုဝေမူးကြီးနှင့်အတူ Restaurant တစ်ခုမှာ ရောက်ရှိနေဖြစ်ကြ၏။

Restaurant ၏ အပြင်အဆင်က ထည်ဝါခမ်းနား၏။ စင်တင်တေးဂီတနှင့် တွဲဖက်ထားသဖြင့် စတိတ်ပေါ်မှာ ကောင်မလေးတွေ အလှည့်ကျနှုတ်ခမ်း သီဆိုဖျော်ဖြေနေကြလေသည်။ စားသုံးသူပရိသတ်ကို အကဲခတ်ကြည့်ရှုလိုက်ရာ သီဆိုသံထက် ခန္ဓာကိုယ်ကောက်ကြောင်းတွေပေါ်မှာ အာရုံ ကျနေတာ သတိပြုမိ၏။

ကိုဝေမူးကြီးက စတိတ်ဆီ အသာငမ်းငမ်းအကြည့်တွေ ပို့လွှတ်နေသော ဇာနည်အောင်ကို လက်တို့ကာ-

"အဲဒီအဆင်လေးတွေကို မင်း စိတ်ဝင်စားမလား"

"ဘယ့်နှယ့်ပြောပါလိမ့်ဗျာ၊ စိတ်ဝင်စားချင်တာပေါ့"

"အဲ့ဒါဆို ဒါရင်းရင်ရပြီကွ"

ကိုဝေမူးကြီးက လက်ဆယ်ချောင်း ထောင်ပြသည်။ ဇာနည်အောင် မျက်လုံးတွေ အထူးတောက်ပသွားကာ-

"ခင်ဗျား တကယ်ပြောတာလား၊ ရင်းမယ်ဗျာ"

"အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၁၀ နှစ်ကို ပြောတာနော်"

"အေ့ပေးကြီး"

ကိုဝေမူးကြီးက မိန်းမတွေရယ်သလို တခစ်ခစ်ရယ်သည်။ ပြီးမှ မင်းခ ကိုကြည့်ကာ-

"ပရိုတွေဟာ ဘယ်ခုနှစ်လောက်ကစပြီး ပေါ်ခဲ့တာလဲကွ၊ မင်းခ သိလား"

သူ့ရှေ့ရှိ အေးမြ၍ ရွှေဝါရောင်သန်းနေသောခွက်ကို မင်းခ တစ်



www.burmeseclassic.com

www.burmeseclassic.com



တချိတ် ကောက်မော့လိုက်ပြီးမှ...

"ကျွန်တော်သိသလောက်ပြောရရင် ဟိုးရှေးကတည်းက ရှိခဲ့တာ။ တိုင်းပြည်ရဲ့ တန်ဆာသဖွယ် မြို့ရွာစည်ပင်သာယာအောင် ကာမဂုဏ်နဲ့ ဖျော်ဖြေဖို့ အမျိုးသမီးတွေကို မင်းနေပြည်တော်တွေမှာတောင် တာဝန်ချထားပေးပြီး လုပ်ကိုင်စေခဲ့တယ်။ ပါဠိဘာသာမှာ နဂရသောဘိနီ-ပြည်ကို တင့်တယ်စေသူလို့ အဓိပ္ပာယ်ရတယ်။ ဘုရားပွင့်ခါနီးအချိန် ဝေသာလီ ပြည်မှာတောင် လိစ္ဆဝီမင်းတွေက အမ္ဗပါလိကာဆိုတဲ့ အမျိုးသမီးကို ပြည့်တန်ဆာ ပြုကြသေးတယ်။ အဲ့ဒါကို အတုယူပြီး ရာဇဂြိုဟ်ပြည်က လည်း သာလာဝတီဆိုတဲ့ အမျိုးသမီးကို မင်းကြီး တစ်သိန်း ပြည်သူနှစ်သိန်း အသပြာငွေ သုံးသိန်းနဲ့ ပြည့်တန်ဆာပြုလိုက်ကြတဲ့ သာဓကတွေ ရှိတယ်"

ထိုစဉ်-

"မင်းခ... ဟိုမှာ ကြည့်စမ်း"

"ဘာလဲ"

"အခုသီချင်းဆိုနေတာ ဝါအေး မဟုတ်လား"

ဇာနည်အောင် လက်ညှိုးညွှန်ပြရာ စတိတ်ပေါ် မင်းခ ကြည့်လိုက်၏။ ထိုအခါ သီချင်းဆိုနေသော ကောင်မလေးမှာ အဝေးကြည့်တွင် ဝါအေးနှင့် အရာရာတူကြောင်း တွေ့မြင်လိုက်ရ၏။

"တူတာတော့ တော်တော်တူတယ်ကွ"

"သေချာပါတယ်ကွာ၊ အဲ့ဒါ ဝါအေးမှ အစစ်။ ငါရဲ့ မျှစ်စို့ကို ငါ ကောင်းကောင်း မှတ်မိပါတယ်"

ဇာနည်အောင်က ကိုဝေမူကြီးကို အသည်းအသန်လက်ကုတ်ပြီး-

"ဒီဆိုင်မှာ သီချင်းဆိုတဲ့ ကောင်မလေးတွေက ပရိတွေလားဟင်"

ကိုဝေမူးကြီးက မိန်းမတွေရယ်သလို တခစ်ခစ်ရယ်ပြန်ကာ-

"မဟုတ်ပါဘူးကွာ၊ ဒီဆိုင်မှာ သီချင်းဆိုတဲ့ သူတွေထဲမှာ ဗိုက်ဆံရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းက လူတွေတောင် ပါတယ်။ တချို့ဆို မိဘတွေကတောင် အဖော်လိုက်ပေးကြတာ။ ဒီဆိုင်မှာ သီချင်းဆိုခွင့်ရဖို့ဆိုတာလည်း လွယ်တာ မဟုတ်ဘူး။ အသံကောင်းဖို့လိုသလို ရုပ်ရည် ကိုယ်လုံးကိုယ်ပေါက် အသားရည်အပြင် ကျန်းမာရေးကိုတောင် သေချာစစ်ဆေးတာ။ အဲ့ဒါကြောင့် စင်းလုံးချောလေးတွေပဲ တွေ့နေရတာပေါ့။ တစ်ညတစ်ည သူတို့ရတဲ့ဝင်ငွေကလည်း သိန်းဂဏန်းပဲ။ တော်တန်ရုံ လူတွေရဲ့ ဝင်ငွေလောက်ကိုတော့ သူတို့က သနားတယ်။ တစ်ခါတလေ နာမည်ကြီးအဆိုတော်တွေလည်း ဒီမှာ လာဖျော်ဖြေကြတယ်။ ဒီအထဲမှာ အုတ်ရောရောကျောက်ရောရောတွေတော့ ပါကောင်းပါနိုင်တာပေါ့ကွာ"

"သူတို့က တစ်ည တစ်ည ဘာကြောင့် အဲ့ဒီလောက် ရနေတာလဲ"

"ပန်းကုံးစွပ်တဲ့လူတွေ ပန်းခြင်းလက်ဆောင်ပေးတဲ့ လူတွေကြောင့်ပေါ့ကွာ။ အဲဒီ့ပစ္စည်းတွေရဲ့ တန်ဖိုးက ထောင်ဂဏန်းကနေ သိန်းဂဏန်းအထိ ရှိတယ်။ သူတို့က ရာခိုင်နှုန်း အချိုးကျနဲ့ ပြန်ရတာလေ"

အလုအယက် အပြိုင်အဆိုင် ပန်းကုံးစွပ်ကြတဲ့သူတွေ၊ ပန်းခြင်းပေးကြသူတွေ အများအပြား တွေ့မြင်ရ၏။ သရဖူတွေ တက်ရောက်တပ်ဆင်ပေးသူတွေလည်း ရှိ၏။ အချို့ဆို ပန်းကုံးတွေ ပန်းခြင်းတွေကို တင်ထားသောစင်လိုက် ချီးမြှင့်ကြသူတွေပင် ရှိ၏။

ရက်ရောသော ထိုပုဂ္ဂိုလ်တွေ၏ စေတနာနောက်ကွယ်မှ ကြီးမားသော မျှော်လင့်ခြင်းတွေ ကိန်းအောင်းပါဝင်နေမှာတော့ သေချာသည်။ ရယူခြင်းနှင့် ပေးဆပ်ခြင်း လဲလှယ်ထိုက်သည်ဟု မက်မောစိတ်ကြောင့် အတွေးမှားသူတွေ ဘယ်လောက်များပြီလဲ...။

ပေါတဲ့လူတွေကျတော့လည်း ငွေက ပေါလိုက်ကြတာ။ ငါ့မှာတော့ ရေတောင် ရှားလို့ တစ်ခါတလေ သန့်စင်ခန်းဝင်ချင်ရင်တောင် ချုပ်တည်းထားရ၏။

တိုက်ခန်းအောက် အမှိုက်ပုံမှာ နေ့စဉ် အတိုအစလေးတွေ လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှာဖွေသော အမယ်အိုတစ်ဦးနှင့် ညစ်ပေပေ ကလေးငယ်တစ်စုကို မင်းခ ပြန်မြင်ယောင်မိ၏။ ကွာဟချက်က အရာရာမှာ ရှိနေပါသည်။ သိပ်မညီမျှလွန်းတာတော့ ရင်နာစရာကောင်း၏။

ဇာနည်အောင်က အနီးရှိ ဝိတ်တာကိုခေါ်ကာ-

"အခုသီချင်းဆိုနေတဲ့ ကောင်မလေးကို ခဏ ခေါ်စကားပြောလို့ ရမလား"

"ပန်းကုံးစွပ်မှ သူတို့က လာထိုင်တာဗျ"

"ဪ..."

ထိုအချိန်မှာ ဝါအေးက သီချင်းတစ်ပုဒ်ပြီးလို့ နောက်တစ်ပုဒ် ပြောင်းဆိုနေပြီဖြစ်သည်။ ဇာနည်အောင် သွက်သွက်လက်လက် ထသွားပြီး မြူးဇစ်အင်ထရီ ဝင်နေချိန်တွင် ပန်းကုံးတက်စွပ်သည်။ (လက်ဖက်ရည်ဆိုင် ထိုင်နေချိန် အလှူခံတွေလာလျှင် 'ကန်တော့ပါသေးရဲ့'ဟု အမြဲ ပြောနေကျလူက ဒါမျိုးကျ တွေဝေနောက်ဆုတ်ခြင်း မရှိချေ)

နှာခေါင်းပွပွကြီးနှင့် ထိလုမတတ် ဝါအေး နား‚နားကပ်ပြီး တစ်စုံတရာလည်း ပြောလိုက်ပုံရ၏။ ပြီးကာမှ ပြုံးဖြီးဖြီးကြီးနှင့် ပြန်ရောက်လာပြီး-

"သီချင်းဆိုပြီးရင် ငါတို့ဝိုင်း လာခဲ့ဖို့ မှာခဲ့တယ်ကွ"

ပန်းကုံးတက်စွပ်ကြသူတွေ၏ မသိစိတ်မှာ... ပန်းကုံးစွပ်ရင် ငြိမ်နေတယ်နော်... အဲဒီလိုပဲ... ဆိုသော စိတ်ကူးမျိုးတွေ ရှိကြလိမ့်မည်ဟု မင်းခ တွေးမိ၏။

သီချင်းသုံးပုဒ်ဆိုအပြီးမှာတော့ ဝိတ်တာ၏လမ်းညွှန်မှုဖြင့် သူတို့ဝိုင်းသို့ ဝါအေး ရောက်လာပါသည်။ သူမ အမူအရာကို အကဲခတ်ကြည့်ရှုရ အနည်းငယ် အိုးတိုးအမ်းတမ်း ဖြစ်နေလေသည်။

"ကိုမင်းခနဲ့ ကိုဇာနည်အောင်တို့ လာပြီး စိတ်အပန်းဖြေကြတာ ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒီလိုပါပဲ။ ဒါပေမယ့် မထင်မှတ်ဘဲ အခုလို ဝါအေးနဲ့တွေ့လိုက်တော့ အမြတ်ထွက်သွားတာပေါ့"

"ဘာဖြစ်လို့လဲ"

"ဟိုတစ်နေ့ကကိစ္စ တောင်းပန်ချင်လို့ပါ။ ဧည့်သည်ကို အိမ်ရှင်က အဲ့လိုပုံစံမျိုးနဲ့ မဆက်ဆံသင့်ဘူးလေ"

"ရပါတယ်။ ဝါအေးစိတ်ထဲ ဘယ်လိုမှ မနေပါဘူး၊ ကိုမင်းခအနေနဲ့ ဒေါသတကြီး ဖြစ်သွားတာကို ဝါအေး နားလည်နိုင်ပါတယ်"

ဝါအေးကိုကြည့်ရတာ စိတ်သဘောထား ပြည့်ဝပုံရ၏။

"ကျွန်တော် ဖူးဖူးကိုလည်း တောင်းပန်ချင်တယ်"

"အင်း တောင်းပန်လိုက်ပါ၊ တောင်းပန်တယ်ဆိုတာထက် သူ့အမြစ်တို ခွင့်လွှတ်ပြီး သူ့ကို ကျေအေးပေးလိုက်ပါ။ အဲဒီနေ့ကဆို ဖူး ငိုလိုက်တာ အရမ်းပဲ။ အဆောင်ပြန်ရောက်တော့လည်း ဘာမှမလုပ်ဘဲ ထိုင်ငိုနေတာ။ ဝါအေးတောင် သနားပြီး ချော့ရသေးတယ်။ သူ တော်တော်ဝမ်းနည်းသွားတာရှင့်"

"ကျွန်တော် သူ့ကို တွေ့ချင်တယ်"

ရင်ထဲမှ လစ်ဟာချက်အတွက် တောင်းဆိုလိုက်သည်။

"ခဏနေ ဖူး ဒီကိုလာလိမ့်မယ်"

"သူကကော ဒီမှာ သီချင်းဆိုတာလား"

"မဟုတ်ပါဘူး၊ ဝါအေးကို အပြန်စိတ်မချလို့ လာကြိုတာပါ။ ဝါအေးတို့က တစ်ဆောင်တည်းမှာ အတူနေတာလေ။ သူက အခု စတိုးဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ်နေတယ်။ ဒီဆိုင်မန်နေဂျာကတောင် သူ့ကို ဒီဆိုင်မှာ သီချင်းဆိုဖို့ ပြောတာ သူက မဆိုတာ"

"ဪ..."

ရင်မှာ သနားစိတ်နှင့်အတူ လေးစားစိတ် ဖြစ်ပေါ်မိ၏။

"ဖူးဖူးက ကျွန်တော့်ကို သူ့အကြောင်းတွေ ဘာမှ မပြောဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဝါအေးကို သူ ရင်ဖွင့်ပါတယ်။ သူ့အကြောင်းတွေသိရင် ကိုမင်းခ သူ့ကို အပေါင်းအသင်း မလုပ်ချင်မှာစိုးလို့ မပြောတာတဲ့"

"ဪ... ဘာဆိုင်လဲဗျာ"

ဒီကောင်မလေး သူ့ကို ဝေဒနာတွေ လက်ဆောင်ပေးလိုက်ပြန်ပါပြီ။

ရင်မှာ တွယ်တာမှုတွေ ပိုမိုဖြစ်ထွန်းရ၏။ ဝါအေးကို မျက်လုံးရွဲကြီးတွေဖြင့် တရစပ် စိုက်ကြည့်နေသော ဇာနည်အောင်က သူတို့နှစ်ယောက်စကားပြတ်တာနဲ့-

"ကျွန်တော်ကတော့ ဝါအေးနဲ့ အခုလို ပြန်ဆုံရတာကို ဖူးစာလို့ပဲထင်တယ်ဗျာ"

"အမယ် လာလာချည်သေး"

"ဝါအေး ယောကျ်ားယူချင်စိတ် မပေါက်ဘူးလားဗျ"

"မပေါက်ပါဘူး။ ဘာလို့ ပေါက်ရမှာလဲ"

ဇာနည်အောင်တော့ စတင် လှုပ်ရှားနေပြီ။

"ဝါအေး ယောကျ်ားယူရင် ဘယ်လိုယောကျ်ားမျိုးကို ယူမှာလဲဟင်"

"ရုပ်လည်း ချောရမယ်၊ ပညာလည်း တတ်ရမယ်။ ကျွန်မကို ဂရုတစိုက် ကြင်ကြင်နာနာရှိတဲ့လူလည်း ဖြစ်ရမယ်။ ပြီးတော့ ပိုက်ဆံလည်းချမ်းသာရမယ်"

"ဪ..."

ဇာနည်အောင် ငေးငိုင်သွားသည်။ ဝါအေးက-

"ဘယ်လိုလဲ ကျွန်မ အဲဒီလို ယောကျ်ားမျိုး ရနိုင်ပါ့မလား"

"ရနိုင်ပါတယ်။ ဒါပေမယ့် ယောကျ်ား လေးယောက်တော့ ယူရမှာပေါ့"

"အမ်..."

ဝါအေး ခါးကော့သွားသည်။ ဒီလိုကျတော့လည်း ဇာနည်အောင်တအလာကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးရာလူစနစ်နဲ့ဆို စာရင်းပေးထားမယ်လေ။ ကျွန်တော်က ဂရုတစိုက် ကြင်ကြင်နာနာတော့ ရှိပါတယ်"

"ရှင်နော် လူကို ဘာမှတ်နေလဲ"

ဝါအေးက ဇာနည်အောင်ကို မီးနူးကတ်နှင့် ကောက်ပေါက်သည်။ ချက်ကောင်းဖြစ်သော နှာခေါင်းပွပွကို ထိမှန်သွားပေမယ့် ဇာနည်အောင် ဘာဆိုးဟန်မရှိဘဲ တဟဲဟဲ ရယ်နေလေသည်။

တေ ခန္တီပါရမီတွေ တော်တော်ပဲ ပြည့်ဝနေပုံရ၏။

ထိုစဉ်မှာပင်-

"ဟဲ့ နင့်ကို လာကြိုနေကျ နင့်သူငယ်ချင်း ဆိုင်ရှေ့မှာ ရန်ဖြစ်နေတယ်"

ကောင်မလေးတစ်ယောက် လာပြောသဖြင့် ဝါအေး ပျာယာခပ်သွားသည်။

"ဖူးဖူး ထင်တယ်"

မင်းခေ ရင်မှာ ပူသွားသည်။ ကိုဝေမူးကြီး အပါအဝင် သူတို့လေး ယောက် ကရောသောပါး ဆိုင်ရှေ့ပြေးထွက်ခဲ့ကြ၏။

ဆိုင်ရှေ့ရောက်သောအခါ-

တောင်မလေးတစ်ယောက် လက်ကိုဆွဲပြီး လူငယ်တစ်စုနှင့် အချင်း များနေသော ဖူးဖူးအား တွေ့လိုက်ရ၏။ သူမကို မြင်ရသည်မှာ မာန်ဖီနေသော တျားရိုင်းတစ်ကောင်သဖွယ်...။ ရန်သူကို အသေအကြေ ခုန်အုပ် ကိုက်တော့မည့် မာန်ဝံ့စားမှုမျိုးဖြင့်...။

"နင်တို့က မိန်းမမြင်တိုင်း ဘာထင်နေလဲ။ သူ့ကို ဆက်မနှောင့်ယှက် ချင်း ဒီမှာတွေ့လား"

ဖူးဖူးက သူမကိုင်ထားသော လက်ဆွဲအိတ်ကလေးထဲမှ တတ်ကြေး တစ်ချောင်းထုတ်ပြီး ဖြိမ်းခြောက်လေရာ ပန့်ခ်စတိုင်ဝတ်ဆင်ထားသော ကောင်လေးတွေ နောက်ရှုသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝါအေးက တုန်လှုပ်ဟန်ဖြင့် အနားကပ်သွားပြီး-

"ဘာဖြစ်တာလဲ ဇူးရယ်"

"ဟိုကောင်တွေလေ ဖြိုးဖြိုးကို ရိသဲ့သဲ့လုပ်နေလို့။ အဲ့ဒါကြောင့် နင် တို့ကို ငါစိတ်မချတာ။ ဒီမှာ ဆက်လုပ်မနေစမ်းပါနဲ့ဟာ"

ဖြိုးဖြိုးဆိုသော ကောင်မလေးက မျက်နှာငယ်ဖြင့်-

"ငါတို့လိုချင်တဲ့ငွေရဖို့ ဒီမှာမလုပ်ရင် တခြားအလုပ်မှ မယ်မယ်ရရ မရှိတာဟယ်"

စီးပွားရေးကြပ်တည်းမှု၏ နောက်ဆက်တွဲ ပြဿနာရပ်တွေဖြစ်၏။

ဝိတ်တာနှင့် လုံခြုံရေးတွေ ရောက်လာပြီး မေးရင်းမြန်းရင်းနှင့် ပြဿနာမှာ ပြီးဆုံးသွားပါသည်။ အခြေအနေ ငြိမ်သက်သောအခါ ဝါအေးက ဇူးဇူးကို မင်းခထံ ခေါ်လာလေသည်။

"ဇူး ဒီမှာ ကိုမင်းခ"

သူမက မင်းခရှေ့မှာ သိုးကလေးတစ်ကောင်သဖွယ် ခေါင်းငုံ့၍ ရပ်၏။ ဒီလိုကျတော့လည်း ခုနက ကက်ကက်လန် ရဲရင့်မာန်ဖီနေတာ သူ မဟုတ်တဲ့ အတိုင်းပါပဲလား။

ဝန်းကျင်တစ်ခွင် ရှင်မြူးသော ဂီတသံစဉ်တွေ ပျံ့လွင့်နေသည်။ ငြိမ်ဝပ်နှုတ်ဆိတ်နေသော ကောင်မလေးကို ကြည့်ကာ ပွင့်ချပ်တို့ လှစ်အာ၍ သူ့ဥယျာဉ်မှာ ပန်းတွေ တစ်ပွင့်ချင်းစီ ဖူးပွင့်လာလေသည်။

"ဟိုတစ်နေ့က ငါ့ရဲ့ဆက်ဆံရေးအတွက် မင်းကို တောင်းပန်ပါ တယ်။ ငါ့ကို ခွင့်လွှတ်ပေးပါ"

မင်းခ လက်ယာလက်ကို ကမ်းပေးလိုက်သည်။

သူမက သူ့ကို မျက်လွှာပင့်၍ ကြည့်ကာ-

"ရန်သူတွေတောင်မှ အလံဖြူပြရင် ကျေအေးရသေးတာပဲ။ ရှင်နဲ့ ဇူးက ရန်သူတွေမှ မဟုတ်တာ"

သူမ၏ သွယ်နွဲ့သော လက်ယာလက်ကလေး အလျားလိုက် ဆန့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ ပြီးနောက် သူ့လက်ကို နွေးထွေးစွာ ဆုပ်ကိုင်လှုပ်ယမ်း၏။

လက်ဖဝါးချင်း အထိအတွေ့မှ တစ်ဆင့် ပျော်ရွှင်မှုတွေ စိမ့်ဝင်လာပါသည်။

ညသည် သူ့အတွက် ကြယ်တံခွန်တစ်ခု ဖန်ဆင်းပေးခဲ့၏။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ရှင် မချွတ်နဲ့နော်"

"ချွတ်မှာပဲ"

"မချွတ်နဲ့ဆို"

"ချွတ်ပြီ"

"အို..."

"မကြောက်ပါနဲ့ အချစ်ကလေးရယ်၊ ကိုကို ဘောင်းဘီချွတ်တာ ရေချိုး မလို့ပါ၊ ဟား... ဟား... ဟား... ဟား..."

တစ်မျိုး မထင်ကြပါနှင့်။

လူလူဆိုသော ကောင်မလေး ဝရန်တာမှာ ထိုင်ပြီး MP-3 နှင့် အသံ သွင်းနေတာပါ။

တစ်ယောက်တည်း ပါးစပ်ပြဇာတ်တိုက်ပြီး အသံသွင်းလိုက်၊ ပြန် နားထောင်လိုက်နှင့် အလုပ်ရှုပ်နေသော ကောင်မလေးကိုကြည့်ကာ မင်းခ ရယ်ချင်လာသည်။ တော်တော်တော့ ကလေးကလားနိုင်တဲ့ ကောင်မလေး ပါလေ...။

သူမ အလုပ်ဝင်နေသဖြင့် နေ့လယ်ဘက်တွေ မအားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း အလုပ်ဆင်းချိန်မှာတော့ အိမ်ကို ရောက်ရောက်လာလေ့ရှိသည်။ သူမ အလုပ်လုပ်သည့်ဆိုင်ကလည်း မင်းခနေထိုင်ရာ တိုက်ခန်းနှင့် နီး၏။

"တမင်နီးအောင် ဒီနေရာမှာ လာလုပ်တာလေ။ ဗိုက်ဆာရင် ဝင်ဆွဲလို့ရတာပေါ့"ဟု သူမကတော့ ပြောဖူး၏။

ဒီနေ့လည်း ဇာနည်အောင် အပြင်ထွက်သွားချိန်မှာ သူမ ရောက်လာပြီး MP-3 ထဲမှ သူမ အသံသွင်းထားသော ပြဇာတ်တွေကို နားထောင်ခိုင်းသည်။ မင်းခက တစ်ခုမှ မကောင်းဘူးဟု ပြောလိုက်သဖြင့် မကျေမနပ်ဖြစ်ကာ ပြဇာတ်အသစ် ထပ်သွင်းနေခြင်း ဖြစ်၏။

ဒီကောင်မလေးက မလွယ်။ ပေါက်ပေါက်ရှာရှာတော့ ပြောတတ်လုပ်တတ်သည်။

အရင်တစ်နေ့ကလည်း ပျက်သွားသည့်ပွဲကို ပြန်ကျင်းပသည့်အနေနှင့် ဒီအခန်းမှာပဲ ညနေစာ ချက်စားကြသည်။ ဈေးသွားတော့လည်း လေးယောက်သား ပျော်ပျော်ပါးပါး ဖြစ်၏။

အသီးအရွက်ရောင်းသော ဆိုင်တစ်ဆိုင်ရှေ့ရောက်တော့ သူမတခရမ်းသီးနှပ် စားချင်တယ်ဟု ပြောကာ ဝင်ဝယ်သည်။ ဆိုင်ရှင်အဒေါ်ကြီးတသူမ အရင် ရှေ့မှရောက်နှင့်နေသော အမျိုးသမီးနှစ်ယောက်ကို ဦးစားပေးအနေနှင့် ခရမ်းသီးရွေးပေးနေ၏။

ထိုအမျိုးသမီးနှစ်ယောက်က နည်းနည်းတော့ ဂျီးများသည်။

"ကျွန်မကို သေးသေးရှည်ရှည်လေးတွေပဲ ရွေးပေးပါ"

"ကျွန်မကတော့ တိုရင်တိုပစေ။ ခပ်တုတ်တုတ်ပဲ ကြိုက်တယ်။ အညှာတော့ပါပစေနော်"

စောင့်ရတာကြာတော့ စိတ်မရှည်ဘဲ သူမကိုယ်တိုင် ဆပ်တော့လပ်ကော့ ဝင်ရွေးသည်။ ဆိုင်ရှင်အဒေါ်ကြီးက သူမကို သတိပြုမိသွားပြီး-

"ဒီသမီးလေးကကော ဘယ်လိုမျိုးကြိုက်လဲကွဲ့။ ဘယ်လိုပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ရွှေပေး ရမလဲ"

သူမက နှုတ်ခမ်း စူပွစူပွနှင့်-

"ကျွန်မက ချက်စားမှာ။ ဘယ်လိုပုံစံမျိုးပဲဖြစ်ဖြစ် ရတယ်"

ထိုစကားကြောင့် ဟိုအမျိုးသမီးနှစ်ယောက်နှင့်သူမ သတ်ပွဲ ဆင်နွှဲမတတ် ဖြစ်သွားသေး၏။

လူအများကြားမှာ အော်ဟစ်ပြောဆိုဖို့ ဝန်မလေးသော သူမ၏ ဓလေ့စရိုက်ကို သူ မကြိုက်ပါ။ သိမ်မွေ့ငြိမ်းချမ်းမှုကို မြတ်နိုးသော သူနှင့် အရိုင်းဆန်သော သူမကြားမှာ စည်းတစ်ခု ခြားနေသလို ခံစားရသည်။ (သို့သော်... နှလုံးသားသည် သီအိုရီတွေကို နားမလည်ပါချေ...)

ထိုစဉ်-

တရိပ်ရိပ်ဖြင့် ကောင်းကင်မှာ တိမ်ညိုတိမ်မည်းတွေ ပြည့်ခဲလာသည်။ အလင်းရောင်ဂျုံပါးကာ လေတိုက်နှုန်းက သွက်လက်မြန်ဆန်လာသည်။

လျှပ်စီးတွေ တဖျတ်ဖျတ် လင်းလက်ပြီး ကျယ်လောင်သော အော်မြည်ထစ်ချုန်းသံတွေ ကြားရ၏။

"ကိုမင်းခ ရှူး ကြောက်တယ်"

သူမ အိမ်ထဲပြေးဝင်လာပြီး သူ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ထားသည်။

"ဘာကြောက်စရာရှိလို့လဲ ရှူးရယ်"

"ဟင့်အင်း ဟင့်အင်း အဲဒီလို ကောင်းကင်ကြီး မှောင်မည်းပြီး မိုးခြိမ်းသံတွေကြားရရင် ရှူး ကြောက်တယ်"

သူမ အသံလေးတွေပင် တုန်ယင်နေသည်။ အလင်းအားနည်းသဖြင့် မင်းခ အခန်းမီးတွေ ဖွင့်လိုက်၏။

"ဒါ သဘာဝရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စတွေပဲဟာ။ ဘာကြောက်စရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်းဟာ ဖူးကတော့ ကြောက်တယ်။ အဲ့ဒါ ကောင်းတင်မှာ သိကြားနဲ့ သူရာ စစ်ဖြစ်တာဆို"

"မဟုတ်ပါဘူးကွာ၊ လျှပ်စီးလက်တယ် မိုးခြိမ်းတယ်ဆိုတာ အီလက်ထရွန်တွေ အချင်းချင်း တွန်းကန်ကြတာပါ"

"ဖူး နားမလည်ဘူး"

"ဥပမာပြမယ် လာ"

နောက်ဖေးခန်းထဲမှ သတ္တုပိုက်လုံး အတိုလေးကိုယူပြီး သူမကို စာကြည့်ခန်းထဲ ခေါ်ဆောင်လာခဲ့သည်။ အခန်းက ပူနွေးခြောက်သွေ့လျက်ရှိ၏။

"အောက်မှာ ကောဇောခင်းထားတယ်။ တွေ့လား"

"အင်း"

"အဲဒီကော်ဇောကို ခြေဖဝါးနဲ့ ရှပ်တိုက်ကြည့်လိုက်"

သူမက မင်းခ ခိုင်းစေသည့်အတိုင်း လုပ်သည်။

"ဟုတ်ပြီ။ ခဏနော်"

အခန်းမီးကို ဖျပ်ခနဲ ပိတ်ပစ်လိုက်၏။

"ဟင် ဘာလုပ်တာလဲ"

"စကားမပြောနဲ့ တိတ်တိတ်နေ"

အမှောင်ထဲမှာ သူမ အသံတိတ်သွားသည်။

"ကော်ဇောကို ခြေဖဝါးနဲ့ ရှပ်တိုက်လိုက်ပါဦး"

"ခုနကလိုလား"

"အင်း ဟုတ်တယ်။ နာနာတိုက်"

ပွတ်တိုက်သံ တဖျတ်ဖျတ် ကြားနေရသည်။

"ရပြီ"

"ဘာဆက်လုပ်ရဦးမှာလဲ"

"ရော့ ဒီပိုက်လုံးကို ကိုင်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"မြင်မှ မမြင်ရတာ"

"မှန်းပြီးတော့ကိုင်ပေါ့"

"အင်း ပြီးရော"

သူမလက်နှင့် သတ္တုပိုက်လုံး ထိတွေ့သွားပုံရ၏။

"ဖျန်း..."

အက်ကွဲသံနှင့်အတူ အမှောင်ထဲမှာ အလင်းတွေ ထတောက်လေသည်။

"အို..."

"ချွင်..."

အာမေဋိတ်သံနှင့်တကွ သူမလက်ထဲမှ ပိုက်လုံး လွတ်ကျသွား၏။

"လျှပ်စီးလက်တယ် မိုးခြိမ်းတယ်ဆိုတာလည်း အဲဒီလိုမျိုးပဲ။ ခြေဖဝါးနဲ့ ကော်ဇောရှပ်တိုက်လိုက်တဲ့အခါမှာ ကော်ဇောက အီလက်ထရွန်တွေကို ခြစ်ယူသလို ဖြစ်ပြီး အီလက်ထရွန်တွေက ခန္ဓာကိုယ်ကို ရောက်လာတာ။ အီလက်ထရွန်တွေက အချင်းချင်း တွန်းကန်ကြတယ်။ လျှပ်ကူးပစ္စည်းဖြစ်တဲ့ သတ္တုပိုက်လုံးကိုကိုင်တော့ အီလက်ထရွန်တွေ စီးထွက်လာတာကြောင့် မိုးခြိမ်းသလိုအသံလေးနဲ့ လျှပ်စီးလက်သလို အလင်းရောင်လေး ဖြစ်ပေါ်လာတာ"

အခန်းမီးကို မင်းခ ပြန်ဖွင့်လိုက်သည်။

"အီလက်ထရွန်တွေ ရွေ့လျားတဲ့အခါ ဝန်းကျင်လေကို အလင်းတောက်စေတယ်။ ပြီးတော့ လေကိုလည်း အလွန်ပူပြင်းစေတယ်။ ပူတဲ့လေဟာ ချက်ချင်းပြန့်ကားလာတယ်။ အဲ့ဒါကြောင့် အသံမြည်တာ"

တုံ့ပြန်မှုမရှိသဖြင့် ကြည့်လိုက်တော့ သူမကို မျက်ဝန်းကြောင်တောင်ကလေးဖြင့် တွေ့ရသည်။

"ဟိတ် ဋူဋူ ဘာဖြစ်နေတာလဲ"

မင်းခ အသံပြုလိုက်မှ အသိစိတ်ဝင်လာသလို သူမ ကိုယ်လုံးလေး



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားလာ၏။

"သူများကြောက်ပါတယ်ဆိုမှ ဘာတွေလုပ်ခိုင်းမှန်းလည်း မသိဘူး အဟင့်"

အသံတုန်တုန်ကလေးနှင့်ပြောပြီး လက်သီးဆုပ်နုနုလေးနှင့် မင်းခကျောကို ထဘုန်းဘုန်း ထုလေသည်။ သူမ စိတ်ကျေနပ်စေရန် မင်းခ ငြိမ်သက်နေလိုက်ပါ၏။

ပြီးမှ ပြုံး၍-

"ဘာလဲ လန့်သွားတာလား"

"အင်း ဟုတ်တယ်"

မေးတော့ ရှုံ့မဲ့မဲ့လေးနှင့် သူမ ခေါင်းညိတ်ပြသည်။

တစ်ခါတစ်ခါမှာ ကျားသစ်မလေးတစ်ကောင်လို ရဲရင့်မာန်ဖီလိုက်၊ တစ်ခါတစ်ခါမှာ သိုးကလေးတစ်ကောင်လို သိမ်မွေ့နူးညံ့လိုက်နှင့်...။

အရောင်ပြောင်းလေ့ရှိသော ကောင်မလေးကိုကြည့်ကာ မင်းခရင်ထဲရှိ မျိုးစေ့ကလေးမှ သစ်ပင်တစ်ပင် ပေါက်လာလေသည်။

"ဍူဍူ မင်းကို ငါချစ်တယ်"

"ဟင်..."

အံ့ဩသလို သူမ သူ့ကို မော့ကြည့်သည်။

"ဟန်ဆောင်တယ်၊ ဖုံးကွယ်တယ်၊ အချိန်ဆွဲတယ်ဆိုတာတွေဟာ တစ်ဖက်လူကို စိတ်ဒုက္ခရောက်စေသလို ထိန်းချုပ်ရတာကြောင့် ကိုယ်တိုင်လည်း စိတ်ပင်ပန်းပါတယ်။ ဒါကြောင့် ကိုယ်တို့နှစ်ယောက် အရိုးသားဆုံး ဆက်ဆံကြရအောင်နော်"

အဝေးဆီမှ လိပ်ပြာတောင်ပံခတ်သံတွေကို ကြားလိုက်ရသယောင် ရှိ၏။ ပန်းတို့၏ဝတ်ဆံကို ကိုက်ချီကာ သူတို့ ပျံသန်းလာကြပြီထင်သည်။

ရနံ့တစ်ခု၏ မွှေးပျံ့မှုသည် ရင်ကို တိမ်းမူးဝေရီအောင် ဒုတ်ခြေညှိဝင်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားဝင်ထိန်းချုပ်မှု၏ ကန့်သတ်ချက်က အဘယ်မျှ ရှိလေသနည်း။

သိလျှင် ပြောပြကြစေလိုပါသည်။

ချစ်သူကတော့ ပြော၏။

"ကိုက သိပ်ရိုးတာပဲနော်"တဲ့။

(ကဲ... ဘာမှားနေလဲ...။)

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အခြားလူတွေ ချစ်သူရည်စားရလျှင် ဘာလုပ်ကြသလဲတော့ မသိပါ။ (ကြုံလျှင် ပြောပြစေလိုပါသည်)

သူကတော့-

"ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်အနေနဲ့ အတွဲ လိုက်ချောင်းကြမယ်"

ဆိုသော သူမ၏ ကပေါက်တိကပေါက်ချာ အစီအစဉ်ကြောင့် သူမနှင့်အတူ နာမည်ကြီးပန်းခြံတစ်ခုအတွင်းမှာ အတွဲလိုက်ချောင်းပေးနေရလေသည်။

ထို့အတွက် သူစာရေးပျက်သလို သူမလည်း အလုပ်မှ လစ်ထွက်လာတာ ဖြစ်သည်။ (အချစ်ဆိုတာကြီးက အလုပ်အကိုင်ပျက်စေတာကတော့ အမှန်ပဲဖြစ်၏)

အတွဲချောင်းသည့်အလုပ်က စိတ်လှုပ်ရှားစရာကောင်းသလို ပျော်စရာလည်း ကောင်းပါသည်။ တစ်ခုရှိတာက ရူးရူးသည် ရိုးရိုးအေးအေး မချောင်းဘဲ ကဖျက်ယဖျက် ဝင်လုပ်တတ်သည့် ညဉ်ကလေးရှိတော့ သို့သည်။

သစ်ပင်တစ်ပင်အကွယ်မှာ ပလူးနေသော စုံတွဲတစ်စုံဆိုလျှင်-



www.burmeseclassic.com

www.burmeseclassic.com



"ကြင်နာသူ အိဇင်ကို ချစ်လား"

"သိပ်ချစ်တာပေါ့"

"ဒါဆို ကြင်နာသူ ဘယ်လောက်ထိ ချစ်လဲ ပြော"

ကောင်မလေးက သီချင်းဆန်ဆန်မေးတော့ ကောင်လေးက ကဗျာဆန်ဆန် ဖြေသည်။

"ချစ်လွန်းလို့ အလိုလိုက် ရင်ခွင်ပိုက်ကာ နို့တိုက်လိုက်မယ်"

အမယ်... အဲ့ဒီလို...။

ကောင်မလေး ခဏတော့ တွေဝေသွား၏။ ပြီးမှ-

"ကြင်နာသူက ယောကျ်ားလေးလေ။ ဘယ်လိုလုပ်..."

"အင်းနော် ဟုတ်သားပဲ။ ဒါဆို ကြင်နာသူကိုပဲ"

အဲသည်အချိန်မှာ ဖျက်မြင်းက ဝင်လေသည်။

"ယောကျ်ားလေး နို့ထွက်တဲ့ ဆေးတွေ ရမယ်။ နို့ထွက်တဲ့ ဆေးတွေ"

"အို..."

ထိုအတွဲ လစ်ပြေးလေတော့သည်။ ဖူးဖူးကတော့ သူ့လုပ်ရပ် သူ တွေးနပ်ကာ သဘောတွေ ကျနေ၏။

ရေစပ်က စုံတွဲကျတော့ တစ်မျိုး။

သူတို့က ချစ်သူဖြစ်သေးပုံမရ။ အခုမှ နိဒါန်းပျိုး၍ ကြူနေသည်။

"ညိုမာထွင့်ရယ် ကိုယ့်အချစ်ကို ယုံပါနော်"

"အို မယုံရဲဘူး"

"ကိုယ် မင်းကို တကယ်ချစ်တာပါ"

"ဟုတ်လို့လား"

"မင်းက ကိုယ့်နှလုံးသားရဲ့ အရှင်သခင် မီးပြကိုက်ပါကွာ၊ မင်းရဲ့ လမ်းညွှန်မှုအောက်မှာ သေဆိုသေ ရှင်ဆိုရှင် ကိုယ် အသက်ပါပေးပါ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်တောင်ပဲလားကွယ်"

"အဲဒီထက်တောင် ပိုပါသေးတယ်ကွာ၊ မပြောတတ်တော့လို့"

"အို... သူရယ်"

ထိုစဉ်မှာပင် ဖူးဖူးက အကျီးတော်ဆောင် ဝင်လုပ်လေ၏။

"အစ်မ အစ်မ၊ သေဆိုသေ ရှင်ဆိုရှင် အသက်ပါပေးဝံ့တယ်ဆိုတော့ ဘုတ်, မဟုတ် သိရအောင် သူ့ကို ရေကန်ထဲ ခုန်ချခိုင်းပါလား"

"အင်..."

ကောင်လေး မျက်နှာပျက်သွား၏။ ကောင်မလေးကတော့ ဖူးဖူး ပြော သော အစီအစဉ်ကို သဘောကျသွားပုံပါပဲ။

"ဟုတ်တယ်။ နင့်အပြောနဲ့ အလုပ် ညီမညီ သိရအောင် ရေထဲ အခု ခုန်ချပြ"

"ဟာ..."

ကောင်လေး မျက်လုံးအစုံပြူးကာ ဒူးတွေဘာတွေ တုန်လာသည်။

"ဒါ... ဒါတော့"

"ဘာလဲ နင်က ခုန်ချမပြဘူးလား။ အဲ့ဒါဆို နင့်အချစ်ကို မယုံတော့ ဘူး"

"အဲ့... အဲ့လိုတော့ မလုပ်ပါနဲ့ဟာ။ ငါ... ငါ ရေမကူးတတ်လို့ပါ"

"ဒါဆို ခုနက ကိုယ်တွေ ကက်တွေနဲ့ပြောတဲ့ မီးပြတိုက်တို့ အရှင် အခင်တို့ လမ်းညွှန်မှုဆိုတဲ့စကားတွေက အပိုပြောတာပေါ့လေ။ အခု အတည်းက လိမ်နေရင် ဘဝတစ်လျှောက်လုံး နင့်ကိုငါ ဘယ်လို ယုံကြည် အားကိုးရမှာလဲ"

"အာ... မ မဟုတ်"

ထိုစုံတွဲ ကတောက်ကဆဖြစ်ကာ ကျန်ခဲ့၏။ ဖူးဖူးကတော့ သူမနှင့် သောက်ဆိုင်တော့သလို လေကလေးတချွန်ချွန်နှင့် ရှိုးရိုးကလေးပဲ ရှေ့ ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းခမှာ ရယ်ချင်ရင်မော ဖြစ်ရလေသည်။ တားသော်လည်း မရ သဖြင့် အခြေအနေ မဆိုးအောင်သာ နောက်မှ တကောက်ကောက် လိုက် ကြည့်နေရ၏။

နောက်စုံတွဲတစ်တွဲကျတော့လည်း တစ်မျိုး။

ထီးကလေးတစ်ချောင်းကို ကွယ်ဆောင်းကာ ကော်နှင့်ဆက်ထား သည့်ပမာ အီကြာကွေးကဲ့သို့ ပူးပူးလေးဖြစ်နေကြသည်။

"ကိုဝိုင်းကို ဒါလေးတစ်ခုတော့ ခွင့်ပြုစေချင်တယ် အချစ်ရယ်"

"ဟင့်အင်းကွယ် စိတ်အလိုမလိုက်နဲ့လို့ ဖေဒင်က ဟောထားတယ်"

ထိုစဉ်မှာပဲ-

"အဟမ်း အဟမ်း"

ချောင်းဟန့်သံကြောင့် လှည့်အကြည့်မှာ ဖူးဖူးကို သူတို့ တွေ့သွား ကြသည်။

"နေအရမ်းပူလို့ပါရှင့်။ ကျွန်မကို ထီးလေး ခဏ ငှားပါလား"

"ဟင်..."

အီကြာကွေးမှ အီကြာပြဲ ဖြစ်သွားကြ၏။

"အို မငှားနိုင်ပါဘူး"

"ငှားပါရှင်။ ပိုက်ဆံပေးဆိုလည်း ပေးပါ့မယ်"

"ဘယ်လောက်ပေးပေး မငှားဘူးဗျာ"

"ဒါဆို သွားတော့မယ်နော်"

"သွား သွား"

အီကြာပြဲမှ အီကြာကွေး ပြန်ဖြစ်သွားသည်။

"ဒါလေးတစ်ခုတော့ ခွင့်ပြုစေချင်တယ် အချစ်ရယ်"

"အမေကလည်း မှာထားတယ်။ မိဘက အမွေပေးထားတာ။ သူမျိုး တောင်းတိုင်း မပေးနဲ့။ ကိုယ့်ပစ္စည်းကိုယ် တန်ဖိုးထား၊ လုံခြုံအောင် ထိန်းသိမ်းတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှုတင်အားတဲ့ရက်ကလေးပဲ တွေ့ရတာ။ ကိုဝိုင်းကို ဒါလေးတစ်ခု တော့ ခွင့်ပြုစေချင်တယ်အချစ်ရယ်"

"ဟင့်အင်းကွယ် ဟင့်အင်း"

ထိုစဉ်-

"အဟမ်း အဟမ်း"

ချောင်းဟန့်သံနှင့်တကွ ထီးကို ဆွဲဖယ်ခံလိုက်ရသည်။ အိကြာကွေး သေးပြပြီး အလန့်တကြား အတွဲလိုက်မော့ကြည့်တော့-

"ဒီမှာရော့ ဆေးလိပ်မရှိဘူးဆိုလို့ လာပေးတာ"

"ဟင်..."

"မီးခြစ်လည်း မရှိဘူးဆိုတာကြောင့် တစ်ခါတည်း မီးညှိလာခဲ့တယ်။ အမောပြေ ဖွာတော်ဆက်လိုက်ပါဦး"

လုလင်ပျိုက ယောင်နနဖြင့် ဆေးလိပ်ကို ယူ၏။

"နမ်းနေရင်တော့ ပါးစပ်မှာ ဆေးလိပ်ကြီး ခဲမထားနဲ့နော်။ တစ်ဖက် သား အန္တရာယ်များတယ်"

ခပ်တည်တည်ပြောပြီး ဖူးဖူး လှည့်ထွက်လာခဲ့သည်။ ထိုနှစ်ယောက် တော့ ကသိကအောက် ဖြစ်ကျန်ရစ်ခဲ့မှာ သေချာ၏။

စုံတွဲတစ်တွဲကတော့ ထူးဆန်းသည်။

ခုံတန်းတစ်ခုပေါ်မှာ ပြောင်ကျကျထိုင်ပြီး ကဲနေကြသည်။ အမျိုး သမီးက အသက်ကြီးပုံရ၏။ နှစ်ယောက်စလုံးပဲ ကလက်ကာ နှုတ်လည်း ရဲသည်။

"မောင် မရဲ့ပါးတွေ ဘာဖြစ်နေမှန်း မသိဘူး။ နာသလိုလိုပဲ"

"ဒါဆို မောင် ဆေးကုပေးမှာပေါ့"

အမျိုးသားက အမျိုးသမီးပါးနှစ်ဖက်ကို ဖွဖွလေးနမ်းသည်။

"အခုနာသေးလား"

"မနာတော့ဘူး မောင်"

www.burmeseclassic.com

www.burmeseclassic.com



မိနစ်အနည်းငယ်ကြာတော့လည်း အမျိုးသမီးက-

"ဟင် ဒီလည်ပင်းကလည်း ဘာဖြစ်မှန်းမသိဘူး။ စပ်ဖျင်းဖျင်းနဲ့"

အမျိုးသားက လည်တိုင်သွယ်သွယ်ကို နမ်းလိုက်ပြန်သည်။

"အခု နာသေးလား"

"ဟင့်အင်း မောင် နာတော့ဘူး"

ထိုစုံတွဲရှေ့သို့ ဖူးဖူး ရောက်ရှိသွား၏။

"ဒီမှာ ဒီမှာ"

သမားတော်နှင့် လူနာက မော့ကြည့်သည်။ ဖူးဖူးက မျက်မှောင်ကလေးကြုတ်၍-

"ဒီက အစ်ကိုက ဆေးဆရာထင်တယ်နော်"

"အဲ..."

အမျိုးသား ရှက်အမ်းသွားသည်။

"အစ်ကို နမ်းလိုက်ရင် ရောဂါတွေ ပျောက်ပျောက်သွားတာ တွေ့လို့ပါ။ ကျွန်မချစ်သူရဲ့ ရောဂါကိုလည်း ကုပေးစမ်းပါရှင်"

ဖူးဖူးက မလှမ်းမကမ်းမှာ တစ်ဖက်လှည့်ရပ်နေသော မင်းခတ်လက်ညှိုးထိုးကာ-

"အခုလောလောဆယ် ကျွန်မချစ်သူက လိပ်ခေါင်းထွက်နေတာရှင့်"

"ဘာ..."

အမျိုးသားမျက်နှာ ရှက်ခြည်း တင်းမာသွားသည်။ အမျိုးသမီးက ကက်ကက်လန် ရန်တွေ့၏။

"မိုက်ရိုင်းလှချည့်လား၊ နင့်ချစ်သူဖြစ်နေတာ နင် ကုပေးလိုက်ပါလားဟဲ့"

"ကျွန်မက ဒီကအစ်ကိုလို ဆေးဆရာ မဟုတ်လို့ပါရှင်"

"ဟင် ဒါ တမင်သက်သက် လာလျှောင်တာပေါ့လေ ဟုတ်လား။ ဘာမှတ်နေလဲ မေသက်ခိုင်တဲ့။ တစ်ခိုင်တည်း ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အသီးကတော့ နှစ်လုံးနော်၊ အတူတူပါပဲ"

"ဟင်... နင် နင်"

"နားသံသီးကို ပြောတာပါ"

အခြေအနေ တင်းမာလာတာမို့ မင်းခ ကြားဝင် ဖော်င်းပန်လိုက်ရသည်။ ဒီကိစ္စမှာတော့ ဖူးဖူးဘက်က တော်တော်လွန်သည်။ ဒါ တောင်မှ သူ့မှာ အပြစ်မရှိသလို သူမက တခွိခွိ ရယ်မောသဘောကျနေသေးသည်။

ဖူးဖူးလက်ကို ဆွဲခေါ်လာရင်း မင်းခ ရင်လေးနေမိ၏။ ရှေ့ဆက်ဖို့ ခရီးတွေအတွက် သူမနှင့်သူ စည်းဝါးကိုက်ဖို့ အတော်ညှိယူရပါဦးမည်။ ဝဏ်သိက္ခာဆိုသော ဝေါဟာရသတ်မှတ်ချက်တွေကို သူ ရေးကြီးခွင်ကျယ် သိပ်မလုပ်တတ်ပေမယ့် လူ့စည်းဘောင်ထဲမှာနေတာဆိုတော့လည်း လူ့ကျင့်ဝတ်တွေကို လိုက်နာဖို့ လိုအပ်သေးသည်။ ဆိုဆုံးမသလို စကားတွေ ပြောလိုက်လျှင် သူမအပျော်တွေ ပျောက်ပျက်ကုန်မှာစိုးသောကြောင့် သူ အသာအယာပဲ ငြိမ်သက်နှုတ်ဆိတ်နေလိုက်ရ၏။

အဲသည့်နေ့အဖို့ ဖူးဖူးနှင့်တွေ့သော စုံတွဲတွေကတော့ ထိုနေ့ကို သူတို့ရဲ့ချစ်သက်တမ်းမှာ Unlucky Day အဖြစ် မှတ်တမ်းတင်ကောင်း တင်ထားပေလိမ့်မည်။

နေဝင်ရီတရော ဆည်းဆာတွင် သူတို့နှစ်ဦး ပြန်ရန် ပြင်ဆင်ဖြစ်ကြပါသည်။

"ဖူးကို ကိုယ် အဆောင်အထိ လိုက်ပို့ပေးဦးမယ်လေ"

"နေပါ တော်ကြာ ကို သိက္ခာကျနေပါဦးမယ်"

"ဘာဆိုင်လို့လဲ ဖူးရယ်"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ လိုက်မပို့နဲ့ ဟုတ်ပြီလား။ အဲ့ဒါ ချစ်သူရဲ့ နူးညံ့တဲ့အမိန့်တော်ပဲ"

ပြောင်စပ်စပ်ကလေးပြောသော သူမခေါင်းလေးကို မင်းခ ပွတ်လိုက်သည်။ ပြီးနောက် လက်ချောင်းတွေနှင့် သူမ ဆံနွယ်မျှင်တွေကို မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ယုယစွာ ထိုးဖွပစ်လိုက်သည်။

ချစ်သူ၏ ဆံနွယ်မျှင်တွေထဲမှာ သူ၏ သံယောဇဉ်တွေ ရှိ၏။

လမ်းခွဲချိန်ဆိုတာ မချစ်မနှစ်သက်သူနှင့်သာ ကြည်နူးဖို့ ကောင်းပါသည်။

ဒါကို ကြုံဖူးသူတိုင်း စာနာနားလည်နိုင်ပေလိမ့်မည်။

(သင်... 'စာနာနားလည်နိုင်ပါသလား...။)

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

သွားလာလှုပ်ရှားရတာ သိပ်အဆင်မပြေပါ။

ကောင်းကင်မှာ ငွေ့ရည်ဖွဲ့တိမ်တွေ မရှိသဖြင့် နေ့လည်ခင်းက ရှောက်သီးတစ်တောင့်လို ပူစပ်ပူလောင်နိုင်နေသည်။ မိုးတိမ်အတုတွေ ပြုလုပ်ပြီး အုပ်မိုးထားရင် ဘယ်လောက်ကောင်းလိုက်မလဲဟု တွေးမိ၏။

အပြင်မှ ပြန်ရောက်လာသောအခါ-

လှေကားအောက်ဆုံးထစ်ပေါ်မှာ ထိုင်နေသော ရှူးရှူးကို တွေ့မြင်လိုက်ရသဖြင့် မင်းခ အံ့အားသင့်မိ၏။

"ရှူး ဒီနေ့ အလုပ်မသွားဘူးလား"

"ဟင့်အင်း သွားဖို့မလိုတော့ဘူးလေ"

"ဘာဖြစ်လို့လဲ"

"အဟင့် အလုပ်ပြုတ်သွားပြီ"

သူမက ဆံနွယ်တွေကို ကုတ်ဖွပြီး ရှုံ့ရှုံ့မဲ့မဲ့လေး ပြော၏။

"ဘယ်လိုကြောင့် အလုပ်ပြုတ်ရတာလဲ"

"မနေ့က မပြောမဆို ဆိုင်ကနေ ခိုးထွက်လို့ဆိုပြီး ထုတ်ပစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ..."

မနေ့က သူမဆန္ဒကို မတားမြစ်မိသည့်အတွက် သူ့ကိုယ်သူလည်း မင်းခ အပြစ်တင်မိသည်။ သူမနှင့် အဆင်ပြေမည့်အလုပ်တစ်ခု ရှာဖွေပေးဖို့လည်း စဉ်းစားမိလိုက်၏။

"ဖူး စောင့်နေတာကြာပြီ။ ကိုက ဘယ်တွေ လျှောက်သွားနေတာလဲ"

"ပန်းချီပြပွဲတစ်ခု ဖိတ်လို့ သွားတာပါ။ လမ်းကြုံတာနဲ့ အပြန်မှာ စာအုပ်အဟောင်းတန်းဝင်ပြီး စာအုပ်ရှာဝယ်နေလို့ ပိုကြာသွားတာ"

"အဟောင်းတန်းသွားတယ်ဆိုတော့ ကိုက အသစ်မဝယ်နိုင်လို့လား ဟင်"

"အင်... အဲ... အဲ့ဒါလည်း ပါတာပေါ့ကွာ။ ပြီးတော့ စာအုပ်အဟောင်းတန်းက ရှားပါးစာအုပ်တွေ၊ ရှေးဟောင်းစာအုပ်တွေ ရတတ်တယ်လေ"

အောင့်သက်သက်နှင့် ရှင်းပြလိုက်ရသည်။ ဖူးဖူးက နှုတ်ခမ်းလေး စူပြီး-

"ကိုဇာနည်အောင်ကြီးကလည်း ဘယ်တွေလျှောက်ပွေးနေမှန်း မသိဘူး။ ဖူး အပေါ်တက်သွားတော့ အခန်းတံခါး ပိတ်ထားသလို အပြင်က သံပန်းတံခါးလည်း သော့ခတ်ထားတာ တွေ့တယ်။ အဲ့ဒါကြောင့် အောက်ပြန်ဆင်းလာပြီး ဒီမှာထိုင်နေတာ"

"ဇာနည်အောင်က တိုးနှောင်မိုးဆိုတဲ့ သူ့သူငယ်ချင်းဆုံးလို့ ဒီနေ့ နေ့လယ်ရထားနဲ့ ပြည်ကိုသွားတာ ဖူးရဲ့။ နောက်တစ်နေ့မနက်မှ ပြန်လာ မှာ"

ဇာနည်အောင်နှင့် သူက အခန်းသော့ကို တစ်ယောက်တစ်ချောင်း ယူထားတာဖြစ်သည်။

"အိမ်မှာနေရတာ ပျင်းတယ်။ ကိုယ်တို့နှစ်ယောက် အအေးသွားသောက် ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူးကိုခေါ်ပြီး အအေးဆိုင်ရှိရာ ထွက်လာခဲ့ကြသည်။

ညင်သာစွာ ရွေ့လျားနေသော လေထုထဲမှာ အပူငွေ့တို့ အား ကောင်းစွာ လွင့်ပါနေ၏။ အအေးဆိုင်ရောက်ချိန်မှာပင်-

"အား... ကျွတ် ကျွတ်"

"ကို ဘာဖြစ်တာလဲ"

စုတ်သပ်သံနှင့် မင်းခမျက်နှာ ရှုံ့မဲ့သွားတော့ ဖူးဖူးက ပျာပျာသလဲ မေးသည်။

"ခေါင်းထဲက ဆစ်ခနဲဆို ထိုးကိုက်ပြီး မူးနောက်နောက်ဖြစ်လာလို့ပါ။ အခုတလော ဇက်ကြောတွေလည်း အရမ်းတက်တယ်"

"အဲ့ဒါဆို ဆေးခန်းသွားပြလေ၊ မပေါ့နဲ့ အခုသွားမလား"

"နေပါ နောက်မှ ကိုယ့်ဘာသာ သွားပြပါ့မယ်။ ချစ်သူနဲ့တွေ့တဲ့ အချိန်လေးမှာ အေးအေးဆေးဆေးနေပါရစေဦး"

သူမ၏ အလျှင်စလို စိုးရိမ်ပူပန်ဟန်လေးကြောင့် မင်းခ ကျေနပ်စွာ ကြည်နူးမိ၏။ ခေါင်းမူးတာကိုပင် ကျေးဇူးတင်သလို ဖြစ်သွားသည်။

"အခုခေတ်မှာ ရောဂါအဆန်းတွေကလည်း အများကြီးပဲနော်"

"အင်း ဟုတ်တယ်။ ခေတ်မီတိုးတက်မှုနဲ့အပြိုင် ဘေးထွက်ဆိုးကျိုးရဲ့ အကျိုးဆက်တွေပေါ့"

"AIDS ရောဂါဆို ဖူး အရမ်းကြောက်တာပဲ။ အဲဒီရောဂါကြီးက မုန်းစရာကြီး"

"အပြစ်မဲ့တဲ့လူတွေကိုပါ ကူးစက်ပြီး ဒုက္ခပေးတတ်တာကြောင့် AIDS ရောဂါကို ကိုယ်လည်းမုန်းပါတယ်။ ဒါပေမယ့် မူးယစ်ဆေးဝါးနဲ့ လိင်ကိစ္စတွေမှာ ပေါ့ချင်ရှုပ်ချင်တဲ့လူတွေကို ခြောက်လှန့်ဟန့်တားပေး သလိုဖြစ်တာကြောင့် တစ်ခါတလေကျရင်တော့ အဲဒီရောဂါကြီးကို ကျေးဇူးတင်မိတယ်"

ရောဂါဖြစ်နိုင်မှုန်း သိပါလျက်နှင့်တောင် ထိုကိစ္စတွေမှာ မစွန့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သူတွေ ဒုနဲ့ဒေးရှိ၏။ လူ့စိတ်ဆိုတာကလည်း ဘာသာပြန်ရ ခက်ခဲလှပါသည်။

အစရှိ နောက်နောင်ဆိုသော စကားရှိလေရာ-

မကောင်းမှုဆိုလျှင် အတွေ့အကြုံသစ်တစ်ခုအနေနှင့်ပင် မစမ်းသပ်သင့်ချေ။ စွဲလမ်းမှုဆိုတာ ကြောက်စရာကောင်းသော နှောင်ကြိုးတစ်မျှင်ဖြစ်၏။

"လူတွေဟာ ကိုယ်သေမယ့်အချိန်ကို ကြိုသိရရင် ကောင်းမယ်နော်"

"ကိုယ်သေမယ့်အချိန်ကို ကြိုသိတဲ့လူရှိတယ် ဗူးရဲ့"

"ဘာလဲ ကင်ဆာရောဂါသည်တွေလား။ ခြောက်လအာမခံ တစ်နှစ်အာမခံဆိုတာတွေလေ"

"မဟုတ်ပါဘူး။ တမ်မံနီလူမျိုးစုရဲ့ အကြီးအကဲ အဲ... ဘုရင်ပေါ့"

"သူက ဘယ်လိုကြောင့် သိတာလဲ"

"သူတို့တွေရဲ့ နန်းတက်ပွဲရိုးရာ ဓလေ့ထုံးစံကြောင့်ပါ"

"ဘယ်လိုဓလေ့ထုံးစံလဲဟင်"

"တမ်မံနီဘုရင်တွေကို ရာထူးအပ်နှင်းတဲ့နေ့မှာ ပင်လယ်ကမ်းခြေကို ခေါ်သွားတယ်။ အဲဒီမှာ ထူးခြားတဲ့ ကျောက်စရစ်ခဲတွေ ရှိတယ်။ ဘုရင်ရဲ့ မျက်စိကို အဝတ်နဲ့စည်းပြီး လက်တစ်ဆုပ်, ဆုပ်နိုင်သလောက် ကျောက်စရစ်ခဲတွေကို ကောက်စေတယ်။ ပြီးရင် ကျောက်စရစ်ခဲတစ်လုံးကို တစ်နှစ် နှုန်းနဲ့ အသက်ရှင်ခွင့်ပေးတယ်တဲ့"

"ဟယ် ဒါဆို လက်ကြီးတဲ့လူတွေ သာတာပေါ့"

"သက်တမ်းစေ့ရင်တော့ အဆိပ်တစ်ခွက်သောက်ပြီး တော်ဝင်သချိုင်း ရောက်ရတယ်"

"ဟင် ဒါဆို ဘုရင်မဖြစ်ချင်တော့ဘူး"

သူမအပြောကြောင့် မင်းခ ရယ်ရပါသေးသည်။ ပြီးမှ-

"ကိုယ်သေမယ့်နေ့ရက်ကို ကြိုသိတယ်လို့ ဘယ်လိုပဲပြောပြော



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ နေ့ရက်မတိုင်ခင်မှာလည်း အခြားပယောဂတစ်ခုခုနဲ့ သူတို့ သေနိုင်တာပဲလေ။ တကယ်တော့ လူတွေအတွက် ကိုယ်သေမယ့်နေ့ရက်ကို ကြိုသိဖို့ဆိုတာ အရေးမကြီးပါဘူး။ အသက်ရှင်နေတဲ့ အချိန်တိုင်းမှာ အကောင်းဆုံး အသန့်ရှင်းဆုံး နေထိုင်ဖို့ပဲအရေးကြီးတယ်"

"အင်း... ဖူးတို့လည်း ဒီနေ့ သေစကားတွေချည်းပဲ ပြောနေတယ်နော်"

သူမအပြောကြောင့် ထပ်မံ ရယ်မောရပြန်သည်။

ထိုစဉ်...

"AIDS ရောဂါပပျောက်အောင် ကုသနိုင်တဲ့နည်း ကျုပ် တွေ့ထားပြီဗျ"

တစ်ဖက်ဝိုင်းမှ အသံကြောင့် မင်းခတို့ နှစ်ယောက်စလုံး ခေါင်းထောင်သွားရ၏။

"ကမ္ဘာမှာ AIDS ရောဂါကို ကင်းကင်းရှင်းပျောက်အောင် ဘယ်သူမှ မကုသနိုင်ကြသေးဘူး။ အလွန်ဆုံး ရောဂါပိုးကို ထိန်းသိမ်းဖို့ပဲ တတ်နိုင်ကြသေးတာ။ ရောဂါမဖြစ်အောင် ထိထိရောက်ရောက် မတားဆီးနိုင်ကြဘူး။ ဒါပေမဲ့ အခုအချိန်ကစပြီး စိုးရိမ်စရာ မရှိတော့ပါဘူး ကိုသန့်စင်ထွန်းရယ်"

"ဘာဖြစ်လို့တုံးဗျ"

"ဆေးနည်းတွေ့ထားပြီလေ။ AIDS ရောဂါကို ကျုပ် ကုပေးနိုင်ပြီဗျ"

"ဘယ်လိုနည်းများလဲ ကိုအောင်လတ်ရယ်။ ပြောပြစမ်းပါဦး"

မေးသူရှိတော့ အောင်လတ်ဆိုသူ ပိုမိုတက်ကြွသွား၏။

"မိတ်ဆွေရင်းတွေပဲဗျာ ပြောပြရမှာပေါ့။ သေချာနားထောင်နော်"

"ဟုတ်ကဲ့"

"ကျောက်ကြီးရောဂါကို ခင်ဗျားသိတယ်မလား"

"ဟုတ်ကဲ့ သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကာကွယ်ဆေးတော ထိုးဖူးတယ်မလား"

"ဟုတ်ကဲ့ ငယ်ငယ်က ထိုးဖူးပါတယ်"

"အဲဒီကာကွယ်ဆေး ဘယ်ကရလဲ သိလား"

"ဟင့်အင်း မသိပါဘူး"

"အဲ့ဒါပဲ အဲ့ဒါပဲ... အဲဒီမှာကွာသွားတာ။ ပြောပြမယ် သေချာ နား ထောင်နော်"

"ဟုတ် ဟုတ်ကဲ့"

သန့်ဇင်ထွန်းဆိုသူက အောင်လတ်ဆိုသူကိုတော့ ဂါရှိုင်းမှု အပြည့်ရှိ၏။ ကြည့်လိုက်တော့ သန့်စင်ထွန်းဆိုသူမှာ ရေစိမ်ခံထားရသော ပေါက်စီ ဖုတ်ကြီးတစ်လုံးနှင့်တူပြီး၊ အောင်လတ်ဆိုသူကတော့ AIDS ရောဂါကျွမ်း နေသူတစ်ယောက်လို ပိန်ကပ်ခြောက်သွေ့နေတာ တွေ့ရ၏။

ဧကန္တ သူ့အတွက် ဆေးနည်းကို သူ့ဘာသာ ရှာဖွေထားတာ ဖြစ် ရမည်။

"ကျောက်ကြီးရောဂါအတွက် ဆေးကို အဲဒီလူနာတွေဆီကပဲ ရတာ ဗျ။ လူနာတွေရဲ့ သွေးကိုယူပြီး ကာကွယ်ဆေးအဖြစ်အသုံးပြုတာ"

"ဩော်..."

"သေချာမှတ်ထားနော်"

"ဟုတ်ကဲ့"

"ကျုပ်ကလည်း AIDS ရောဂါသည်တွေရဲ့ သွေးကို စုတ်ထုတ်ယူပြီး ရောဂါမဖြစ်သေးတဲ့လူတွေကို လိုက်ထိုးပေးမှာ"

"ဟာ..."

"ဘုရား ဘုရား"

အာမေဋိတ်သံနှင့်တကွ မင်းခ မျက်လုံးပြူးသွားရသည်။

"မသိသူကျော်သွား သိသူဖော်စားဆိုတာ အဲ့ဒါပေါ့ဗျာ"

အဟုတ်မှတ်ပြီး ဖော်စားခါမှ လောက်ကောင်တွေ တစ်ထောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်းထနေတဲ့ မစင်တွင်းကြီး ဖြစ်နေရင် ဒုက္ခ...။

"အဲဒီနည်းကို ကျန်းမာရေးဝန်ကြီးဌာန သွားတင်ပြလိုက်ရင် ကျုပ်တို့အမှာကျော်ပြီဗျ။ ကမ္ဘာမှာ မြန်မာဟော့လို့လည်း ဝံ့ကြွားနိုင်ပြီ"

တို့လူမျိုးတော့ အရှက်တွေ ကွဲကုန်တော့မည်။

"အဲဒါဆို ခင်ဗျားနှေးမနေနဲ့လေ။ ကျုပ်တို့ သွားပြောရအောင်"

"ခင်ဗျားကောလိုက်မှာလား"

"လိုက်မှာပေါ့"

"ဒါဆို လာဗျာ သွားကြမယ်။ ကျုပ် ကောင်းစားရင် ခင်ဗျားကို မမေ့ပါဘူးဗျာ"

"ကျေးဇူးကြီးလှပါပေတယ် ကိုအောင်လတ်ရယ်"

နှစ်ယောက်သား တက်ညီလက်ညီ ထထွက်သွားကြ၏။ ဒီတော့မှ အသွင်သဏ္ဍာန်မတူသူနှစ်ယောက် ဘာကြောင့် ပေါင်းမိနေမှန်း သဘော ပေါက်သွားတော့၏။

ဒေးမိသဖြင့် ကိုယ်နားထင်ကိုလည်း စမ်းကြည့်ရသေးသည်။

ဌူးဌူးက...

"ကို သူတို့ပြောတာ တကယ်လားဟင်"

"ဘာကိုမေးတာလဲ"

"AIDS ရောဂါကို ကျောက်ရောဂါလို ကုသလို့ရတယ်ဆိုတာလေ"

"ဘယ်က ဟုတ်ရမှာလဲ ဌူးရယ်။ ကျောက်ရောဂါက လူနာတွေရဲ့ သွေးကိုယူပြီးကုတာ မဟုတ်ပါဘူး။ အက်ဒဝပ်ဂျင်နားဆိုတဲ့ အင်္ဂလိပ် ဆရာဝန်ကြီးက နွားကျောက်ရောဂါရသူတွေဟာ ကျောက်ကြီးရောဂါ မဖြစ်နိုင်ဘူးလို့ ယူဆတယ်။ အဲ့ဒါကြောင့် နွားကျောက်ရောဂါ အနာတ ပြည်ကိုယူပြီး ထိုးဆေးအဖြစ် စမ်းသပ်ရင်း အောင်မြင်သွားတာ"

"ဒါဆို သူတို့ပြောသလို ကုလို့ မရဘူးပေါ့"

"ဘယ်လိုလုပ်ရမှာလဲ။ AIDS ရောဂါသည်တွေရဲ့ သွေးကို

www.burmeseclassic.com

www.burmeseclassic.com



စုတ်ယူပြီး တခြားလူတွေသာ လိုက်ထိုးရင် အကုန်လုံး HIV ပိုးတွေ ကူးတုန်မှာပေါ့။ HIV ပိုးက သွေးကနေ ကူးတာမျိုးလေ"

"အဲဒီရောဂါက ဘယ်ကနေ စဖြစ်တာလဲဟင်"

"အာဖရိကတိုက်ကနေ စတင်တာပါ။ HIV ဗိုင်းရပ်စ်ပိုးက အာဖရိက မှာရှိတဲ့ ချင်ပန်ဇီ (Chimpan Zee) ဆိုတဲ့ မျောက်ဝံအငယ်စား တစ်မျိုးက နေ လူတွေကို ကူးလာတာ။ အစောဆုံးတွေ့ရှိတာက ၁၉၅၉ ခုနှစ် အာဖရိက တိုက်ကွန်ဂို (Congo) နိုင်ငံအတွင်းက သွေးလှူဘဏ်မှာ"

ကျောက်ရှုးနှစ်ယောက်ကြောင့် မင်းခပါ နောက်ဆက်တွဲ အလုပ်ရှုပ် သွားရလေ၏။ ဖူးဖူးက သူ့ကို ကြည့်ကာ-

"ကိုက တော်တော် သိတာပဲနော်..."

"ဒီလိုပဲလေ့လာရတာပေါ့ ဖူးရယ်။ မွေးကတည်းက အရာရာသိ အရာရာတတ်တာ ဘယ်ရှိပါ့မလဲ"

သူမ ခေါင်းကို ဘယ်ညာ ယမ်းခါသည်။ (အဆိပ်သင့်သလို ရုတ် တရက် ဝင်ရောက်နှောင့်ယှက်သည့် အတွေးဆိုးတွေကို မောင်းထုတ်ဖို့ ကြိုးစားတာမှန်း နောင်မှ တွေးမိသိရှိ၏)

နှမ်းလျစွာဖြင့်-

"ဟိုနှစ်ယောက် ကျွန်းမာရေးဌာနကို သွားပြောရင် ဘာဖြစ်မလဲ မသိ ဘူးနော်"

"ဟိုက တားမှာပေါ့။ အတင်းအကြပ် ရှေ့ဆက်တိုးမယ်လုပ်ရင်တော့ အချုပ်ထဲပဲဖြစ်ဖြစ် အရူးထောင်ပဲဖြစ်ဖြစ် တစ်ခုခုတော့ ရောက်မှာ သေချာ တယ်"

စိတ်ကူးဖြင့် ဆက်လက်ပုံဖော်ကြည့်မိတော့ တော်တော်ရယ်စရာ ကောင်းနေသည်။

"ဟိုတစ်ယောက်က အချောင် သနားပါတယ်နော်"

"အပေါင်းအသင်းကြောင့် ဂုဏ်တက်၊ အပေါင်းအသင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒူက်ပျက်ဆိုတာ အဲ့ဒါမျိုးပေါ့ ဖူးရယ်။ လူဆိုတာ ကိုယ်လုပ်နေတဲ့ အလုပ်၊ ကိုယ်လုပ်တော့မယ့် အလုပ်တစ်ခုကို လုပ်သင့်မလုပ်သင့် ယုတ္တိရှိလား မရှိလားဆိုတာ သေချာလေ့လာဆန်းစစ်ရတယ်။ အလုပ်တစ်ခုလုပ်ပြီ ဆိုရင်လည်း အသေးအမွှားပဲဖြစ်ဖြစ် အကြီးအမားပဲဖြစ်ဖြစ် ဂရုတစိုက် စိတ်ပါဝင်စားစွာနဲ့ တကယ်လုပ်ရတယ်။ တချို့ကျတော့ ပါးစပ်ကနေ ဟာလုပ်လိုက်မယ် ညာလုပ်လိုက်မယ်ဆိုပြီး လက်တွေ့မှာတော့ ဘာမှ ဖြစ်မလာဘူး။ အဲ့ဒါ တကယ်အလုပ်မလုပ်လို့ပဲ။ အဲ့လိုလူမျိုးတွေက လေနဲ့ပဲ နူသေမှာ။ လေနဲ့ပဲ နူသေတဲ့လူမျိုး ဖူး မဖြစ်စေနဲ့။ လေနူဆိုမှ တော့ ဘာကောင်းမှာလဲ ဖူးရယ် လေပဲရှိတယ်"

"ဘာဗျ ခင်ဗျား ဘာစကားပြောတာလဲ"

"အဲ..."

အသံကြောင့် လန့်ပြီး မင်းခလှည့်ကြည့်တော့ သူ့နံဘေးမှာရပ်နေ သော လူတစ်ယောက်ကို တွေ့ရ၏။ တစ်ခါက 'ဆရာဘုံ'ဆိုင်မှာ သူ့မိတ် ဆွေ လတ်တေဇအောင် မိတ်ဆက်ပေးထားသော ဂယ်လောင်းမျက်လုံးမျိုး တွေနှင့် စာရေးဆရာဆိုသူဖြစ်သည်။

"ခင်ဗျား စကားပြောတာ ဆင်ဆင်ခြင်ခြင်ပြောဗျာ"

"ဟင်... ဘာလို့လဲ"

"ခင်ဗျားစကားတွေက ကျုပ်ကို စော်ကားနေတယ်"

"ဘာစော်ကားလို့လဲ။ ဒီမှာ ကျုပ်ကောင်မလေးနဲ့ စကားပြောနေတာ ကို"

"အဲ့ဒါကိုကပဲ စော်ကားနေတာဗျ"

"ဘာအထာလဲဟ"

မင်းခ နားမလည်နိုင် ဖြစ်နေသည်။ ဂယ်လောင်းမျက်လုံးပိုင်ရှင်က-

"ခင်ဗျားစကားတွေထဲမှာ လေနဲ့ပဲ နူသေမှာ။ လေနူဆိုတော့ ဘာ ကောင်းမှာလဲ။ လေပဲရှိတယ်ဆိုတာတွေ ပါတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ။ လေနဲ့ပဲ နူသေမှာဆိုတဲ့စကားက ကျုပ်ကို တိုက်ရိုက် တိုက်ခိုက်လိုက်တာပဲ။ လေနူ ဘာကောင်းမှာလဲ။ လေပဲရှိတယ်ဆိုတဲ့ စကားလည်း ကျုပ်ကို စော်ကားတာပဲ"

"ဘာဆိုင်လဲ"

"ကျုပ်နာမည်က လူနေလေဗျာ၊ လူနေ"

ထိုနေ့က ဂယ်လောင်းမျက်လုံးပိုင်ရှင် ကိုလူနေကို သူ တော်တော် တောင်းပန်လိုက်ရသည်။ အကျိုးရလဒ်ကတော့ သူတို့နှစ်ယောက် မိတ် ဆွေရင်းချာတွေပမာ ပိုမိုရင်းနှီးသွားကြလေသည်။

မိတ်ဆွေစစ်တစ်ယောက်ကောင်းလျှင် ရန်သူတစ်ထောင်ကို ရင်ဆိုင် နိုင်သည်။ မိတ်ဆွေညစ်တစ်ယောက်ဖျက်လျှင် ရန်သူတစ်ထောင်ထက်ပင် အကြောင်းဆိုး၏။

အဓိကအားဖြင့် မိတ်ဆွေဆိုတာ မိတ်ဆွေပီသဖို့တော့ လိုပါသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဒီညနေ မင်းခ ဆေးခန်းသွားကာ ဆေးပြဖြစ်သည်။

ဆရာဝန်က အာရုံကြောအားနည်းတာဟု ပြောသည်။ အာရုံစိုက်၍ ဦးနှောက်ကို အသုံးပြုတာ များခြင်းကြောင့်ဖြစ်ပြီး အအိပ်အနေ နည်းတာနဲ့လည်း ဆိုင်တယ်ဟုဆိုကာ အာရုံကြောအားဆေးအချို့နှင့် အိပ်ဆေးပြား တွေပါ တွဲဖက်ပေးလိုက်၏။ တစ်လပြည့်လျှင် နောက်တစ်ကြိမ်ပြန်လာရန် လည်း မှာလိုက်သည်။

ဆေးခန်းမှ ထွက်လာတော့ ညမှောင်စပြုလေပြီ။

ဒီနေ့တစ်နေကုန် ဖူးဖူး ပျောက်ချက်သား ကောင်းနေသည်။ ဧကန္တ သူမ အလုပ်ရှာဖွေနေတာ ဖြစ်ပေလိမ့်မည်။

ထိုစဉ်-

ဂျပန်ဆာမူရိုင်းဒီဇိုင်းနှင့် နားကြားကိုရိယာ ကြော်ငြာထားသော ဆိုင်း ဘုတ်ကို မြင်မိ၏။

အဲသည်မှာပင် စိတ်ကူးတစ်ခု ရလိုက်သည်။ ဖူးဖူးကို ထိုနားကြား ကိရိယာဆိုင်တွင် အလုပ်သွင်းပေးရန် ဖြစ်သည်။ ထိုဆိုင်ပိုင်ရှင် မိသားစု နှင့် သူက အလွန်ခင်မင်ရင်းနှီးသဖြင့် အထွေအထူး ပြောစရာမရှိနိုင်။

www.burmeseclassic.com



ဆိုင်ခွဲတွေလည်း အများကြီးရှိသဖြင့် အလုပ်အဆင်ပြေဖို့က ဖူးဖူး အပေါ်သာ မူတည်နိုင်၏။

ညစာစားပြီးသောအခါ ဝါအေးသီချင်းဆိုသောဆိုင်ကို ထွက်လာခဲ့ပါသည်။ ဖူးဖူး၏သဘောထားကို မေးမြန်းရန်နှင့် သူမကို တွေ့မြင်ချင်သောကြောင့် ဖြစ်ပါ၏။ သူမနှင့်ပတ်သက်၍ စုံစမ်းဆက်သွယ်စရာဆိုလို့ သူသိတာ ဒါပဲ ရှိတာလေ။

လပြည့်ကျော်တစ်ရက်နေ့ညဖြစ်ပေမယ့် ကောင်းကင်မှာ လကို မမြင်ရ။ ညိုမှောင်သော မိုးသားတိမ်လိပ်တွေ အထပ်ထပ် ဖုံးအုပ်နေလျက်ရှိသည်။

စားသောက်ဆိုင်နား ရောက်သောအခါ သူ့ရင်ဘတ်လှပ်ခနဲ လှုပ်ရှားသွားရ၏။ ရှေ့ဆီမှာ လက်ဆွဲအိတ်ကလေးကို ကိုင်ဆွဲပြီး နားကြပ်အဖြူကြီးလေးတွေ တိုးလို့တွဲလောင်းနှင့် (လမ်းလျှောက်ရင်း MP-3 ဖြင့် သီချင်း နားထောင်နေပုံရသော)ဖူးဖူးကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

အနားရောက်မှ 'နားပင်းမလေး'ဟု အော်ဟစ် စနောက်ရန် အားခဲပြီး ခြေသံဖွဖွနှင့် ပြေးသွားရန် သူ ခြေလှမ်းပြင်လိုက်ပါသည်။

ထိုစဉ်မှာပင်-

"ကျွီ..."

ခပ်ကြမ်းကြမ်းလီဗာနင်းသံနှင့် ဘရိတ်ကိုဆောင့်အုပ်ပြီး ဂျစ်ကားတစ်စီး သူမအနား ထိုးရပ်သည်။ နားမှာတပ်ဆင်ထားသော နားကြပ်ကို ဖြုတ်ပြီး ထိုကားဆီ ဖူးဖူး လှမ်းကြည့်တာ တွေ့ရ၏။

ဂျစ်ကားပေါ်မှ လမ်းသူရဲပုံစံ လူငယ်သုံးယောက် ဆင်းလာသည်။ မာကျူရီလမ်းမီးရောင်ကြောင့် သူတို့လှုပ်ရှားမှုကို ကောင်းစွာ မြင်တွေ့နေရပါ၏။ ထိုအဖွဲ့ထဲမှ တစ်ယောက်ကို မင်းခ မှတ်မိနေသည်။ ထမင်းဆိုင်မှာ ဖူးဖူးကို လူမှားပြီး လာနှုတ်ဆက်သည့် ဆေးမင်ကြောင်တွေနှင့် လူငယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

"နင် ဘယ်လိုပဲ ပုံစံပြောင်းထား ပြောင်းထား နင့်ကို ငါ ကောင်းကောင်း မှတ်မိပါတယ် လပြည့်ရယ်။ သိပ်ဟော့တဲ့ နင်က လုံချည်တွေ ဘာတွေ ဝတ်လို့ မယ်ယဉ်ကျေးဆိုဒ်နဲ့ အပြတ်သန့်နေပါလား။ အရှင်ထက်လည်း ပိုမိုက်လာတယ်။ မက်စရာ မက်စရာ"

"ဂျပန်ကြီး နင် ငါ့ကို မနှောင့်ယှက်နဲ့နော်"

"နှောင့်ယှက်တာ မဟုတ်ပါဘူးဟာ။ နင့်ကို မြင်လို့ တမင်လာတာ။ နင် ဒီည ငါတို့နဲ့ လိုက်ခဲ့"

"ငါ အရင်လို မဟုတ်တော့ဘူး။ ကောင်းကောင်းမွန်မွန် နေနေပြီ"

"အပိုတွေ ပြောမနေစမ်းပါနဲ့ဟာ။ ဘာလဲ ဈေးကိုင်တာလား။ အားလုံး အဆင်ပြေစေရမယ်။ လာ လိုက်ခဲ့"

ထိုလူငယ်က ဖူးဖူးလက်ကို ဆောင့်ဆွဲသည်။ ငေးကြောင်ရပ်ကြည့် နေရာမှ သူ မြင်တွေ့နေရ၏။

"နင် ငါ့ကို မနှောင့်ယှက်နဲ့နော်"

ချစ်သူ အသံစူးစူးက ပျံ့လွင့်လာသည်။ သူ ရန်မဖြစ်ဖူးပါ။ လက်သီး ကောင်းကောင်း မထိုးတတ်ပါ။ ဖိုက်တင်လည်း မချတတ်ပါ။

သို့သော် ချစ်သူထံ အမြန်ဆုံး ပြေးသွားလိုက်ပါသည်။

"ဖူး..."

"ဟင်... ကို"

သူ့ကိုမြင်တော့ ချစ်သူ အားတက်သွားဟန် ရှိသည်။

"ဒီလူတွေ ဖူးကို နှောင့်ယှက်နေတယ်။ ကယ်ပါဦး ကိုရယ်"

မျက်ဝန်းကလေးတွေ ပြူးကျယ်ဝိုင်းစက်လျက် တုန်လှုပ်ချောက်ချား နေဟန်ဖြင့် သူမ သူ့ကို အကူအညီတောင်းသည်။

"ဘာ နှောင့်ယှက်နေတယ် ဟုတ်လား။ ဈေးဝယ်သလို ရောင်းသူနဲ့ ဝယ်သူ အပေးအယူညှိနေတာကို နှောင့်ယှက်တယ်ဆိုပါလား။ ဘား...

www.burmeseclassic.com



ဟား... ဟား..."

ဆေးမင်ကြောင်တွေနှင့် လူငယ်က သရော်သလို မခိုးမခန့်ရယ်သည်။ သူ့အဖော်နှစ်ယောက်က ရှေ့တိုးလာ၏။

သူ နည်းနည်းတော့ တုန်လှုပ်သွားသည်။

"မင်းတို့ ကိုယ့်လမ်း ကိုယ်သွားကြပါကွာ"

"ခင်ဗျားနဲ့ဘာဆိုင်လို့ ဝင်ပါရတာလဲ။ ဒီဘဲကလည်း ဘလိုင်းကြီးလာကြိုးလောင်နေတယ်"

"သူက ငါ့ချစ်သူကွ"

"ဘာ ခင်ဗျားက သူ့ချစ်သူ ဟုတ်လား။ ဟား... ဟား... ခင်ဗျားတော်တော် ပခုံးကောင်းတဲ့လူပဲ။ ဝပ်ဘဲလို့ အော်ပြပါလား"

"ဘာကွ"

မိုက်ရိုင်းရင့်သီးသော နှုတ်ထွက်စကားကြောင့် သူ ဒေါသဖြစ်သွားမိ၏။

"မင်း ဘာစကားပြောတာလဲ"

"မှန်တာပြောတာလေ။ အင်း... ခင်ဗျားပုံစံကြည့်ရတာ အူတူတူနဲ့သူ့အကြောင်း ဘာမှ ရေရေရာရာ သိပုံမရဘူး။ စာနာစိတ်နဲ့ ဗဟုသုတတိုးပွားအောင် ပြောပြဦးမှပါပဲလေ"

"ဂျပန်ကြီး နင့်ပါးစပ်ပိတ်ထား"

ဖူးဖူး အော်ဟစ်တားမြစ်တာကို ဆေးမင်ကြောင်တွေနှင့် လူငယ်ကဂရုမစိုက်ဘဲ...

"ကျုပ်တို့က သူ့ကို နှောင့်ယှက်နေတာ မဟုတ်ဘူး။ လုပ်စရာရှိတာလုပ်ဖို့ လုပ်နေတာ။ သူ့အလုပ်က ဒါပဲလေ။ ခင်ဗျားက သူ့ကို ဘာထင်နေလို့လဲ။ သူက..."

"... ... ..."

နားအုံတွေ ပွင့်ထွက်ပြီး ကမ္ဘာကြီး ပေါက်ကွဲပျက်စီးသွားသလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

"ရှင်းလား။ အဲ့ဒါကြောင့် ခင်ဗျားသာ ကိုယ့်လမ်း ကိုယ်သွားပါဗျာ"

မထင်ရက်စွာ ရှုးရှူးကိုကြည့်လိုက်တော့ ငြိမ်သက်ခေါင်းငုံ့နေ၏။ ဆိတ်ငြိမ်ခြင်းသည် ဝန်ခံခြင်းဆိုသောစကားကို ဒီနေရာမှာ ရှုရှာစက်ဆုတ်သွားမိသည်။

အရက်တရားသည် ခန္ဓာကိုယ်တွင်းမှာ စုန်ချည်ဆန်ချည် မွှေနှောက်ထိုးဆွလျက် ရှိ၏။ နာကျင်အောင့်မျက်စွာဖြင့် ထိုနေရာမှ ကျောခိုင်းလှည့်ထွက်လာခဲ့ပါသည်။

"ကို ကို ရှူး ရှင်းပြပါရစေဦး"

"အော်မနေနဲ့တော့ တော်လိုက်တော့ ဟိုက အသိတရားရပြီး ထွက်သွားပြီ။ နင် ငါတို့နဲ့ပဲ လိုက်ခဲ့တော့"

"ဂျပန်ကြီး နင်မိုက်ရိုင်းလှချည့်လား"

"ငါ ဘာမိုက်ရိုင်းလို့လဲ။ ယောက်ျားချင်းကိုယ်ချင်းစာပြီး ပြောလိုက်တာ။ ဘာလဲ လပြည့်။ နင်က နင်တူးနေတဲ့ သိုက်တွင်း ပျက်စီးသွားလို့ မကျေမနပ်ဖြစ်နေတာလား။ အချူဇယားတွေ ပေါပါတယ်ဟာ"

ဆူညံသံတွေက နောက်ဘက်ဆီမှ ခုန်ပေါက်လိုက်လာကြသေးသည်။ ရင်တစ်ခုလုံး ဒလိမ့်ကောက်ကွေး ဖြစ်နေ၏။ အနက်ရောင် ဆူးတစ်ချောင်းကြောင့် အရှုးအမူးအိပ်မက်တို့ အဆိပ်သင့်ကာ ပုပ်ပွလွင့်ပြယ်ခဲ့ရပြီ။

နင် ပိပိရိရိ တူးယူသွားတာ

ငါ့နှလုံးသားဖြစ်နေတယ်

မာယာများတဲ့ ငါးခုံးမလေးရယ်...

(ဒါတွေဟာ... အိပ်မက်ဆိုးတစ်ခုသာ ဖြစ်ပါစေလို့... အကြိမ်ကြိမ် အခါခါ ငါ တောင်းဆုပြုမိပါရဲ့...)

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အမျိုးအမည်စုံလင်သော ဝေဒနာတွေ ရင်ဘတ်ထဲမှာ အော်ဟစ်သောင်းကျန်းနေလေသည်။

သူ့ကို ဘာထင်နေလို့လဲ။ သူက...

အိမ်ကိုပြန်ရောက်သည်အထိ အသံတွေက နားထဲမှမထွက်။ ပွဲတင်သံများသဖွယ် ရင်တစ်ဝှမ်းလုံး တဝုန်းဝုန်း ပုတ်ခတ်လျက်ရှိ၏။

ဇူးဇူး... မင်း တော်တော်ညဏ်များတာပဲ...။

တစ်ခါက သူမနှင့်သူ ပြောဖူးသောစကားအချို့ကို ပြန်အမှတ်ရမိ၏။

"ကိုမင်းခ ကြောက်တာနဲ့ ရွံတာတွေ ဇူးကို ပြောပြရဦးမယ်လေ။ တိရစ္ဆာန်တွေထဲမှာ ကိုမင်းခ ဘယ်အကောင်ကို ကြောက်လဲ"

"တိရစ္ဆာန်တွေထဲမှာတော့ အားလုံးနဲ့ ပက်ပင်းရင်မဆိုင်ဖူးတော့ ပြောပလောက်အောင် ကြောက်တာမရှိသေးဘူး"

"ဒါဆို ဘာကိုကြောက်တာလဲ"

"မာယာ"

သူမ အံ့ဩသွားပုံရ၏။ မျက်လုံးကလေးဝင့်၍-

"မိန်းမမာယာဆိုတာကို ပြောတာလား"

"မိန်းမရယ်၊ ယောကျ်ားရယ်ဆိုပြီး သတ်မှတ်ချက် မရှိပါဘူး။ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ဖျားလိမ်ညာတဲ့ ပလီပလာ ဘယ်မာယာမျိုးမဆို ကြောက်တယ်"

မာယာဆိုတာကို အပြုံးနှင့် လက်ဆွဲနှုတ်ဆက်နေသူ၏ နောက်ကျောဘက်မှာ တိတ်တဆိတ် လွယ်ပိုးထားသည့် အဆိပ်ရည်သုတ်လိမ်းထားသော ဓားတစ်လက်အဖြစ် သူမြင်မိ၏။

(အခုတော့... ထိုဓားနှင့် သူ ထိုးနှက်ခံရလေပြီ...)

"ကိုမင်းခ အရွံဆုံးကကော ဘာလဲ ပြောစမ်းပါဦး"

"ပြည့်တန်ဆာ"

ဒီတစ်ခါလည်း သူမ အံ့သြသွားပုံရ၏ါသည်။

"ပြည့်တန်ဆာ ဟုတ်လား"

"အင်း ဟုတ်တယ်"

"ဘာကြောင့် ပြည့်တန်ဆာကို ရွံတာလဲ"

"လောကမှာ ကောင်းရောင်းကောင်းဝယ် လုပ်စရာအလုပ်တွေ အများကြီးရှိပါလျက်နဲ့ ကိုယ့်ခန္ဓာကိုယ်ကို တန်ဖိုးမထားဘဲ ရောင်းစားလို့"

သူမ မျက်နှာထား တင်းခနဲဖြစ်သွားကာ-

"ရောင်းတယ်ဆိုတာကလည်း ဝယ်သူရှိမှ ရောင်းလို့ရတာပါ။ အဲ့ဒါ ထိုက်စားတဲ့ ယောကျ်ားတွေမရှိရင် ဘယ်အမျိုးသမီးမှလည်း ပြည့်တန်ဆာ ဖြစ်လာမှာ မဟုတ်ဘူး"

ထိုစဉ်တုန်းကတော့ သူမ ဆတ်ဆတ်ထိမခံ ပြန်ပြောတာကို မိန်းမသားတစ်ယောက်က အမျိုးသမီးထုဘက်မှ ရပ်တည်ခြင်း သက်သက်ဟုသာ ထူဆခဲ့မိ၏။

(တကယ်တော့... ကိုယ့်အသားထိလို့ နာသွားခြင်းမျိုးသာ...)

လောကမှာ သူအကြောက်ဆုံး 'မာယာ'ကို အသုံးပြုပြီး သူ့ဘဝထဲကို ဝင်ရောက်လာခဲ့သော သူမသည်...

လောကမှာ သူအရွံရှာဆုံး 'လူကြေးစား'တစ်ဦး ဖြစ်သတဲ့။

အား... ဆိုးဝါးလိုက်တာ...။

www.burmeseclassic.com

www.burmeseclassic.com



သူ မထိရက် မတို့ရက်ခဲ့သည့် အသားစိုင်တွေပေါ်မှာ ယောက်ျား ပေါင်းများစွာ လူးလားတုံ့ခေါက် လျှောက်ခဲ့ဖူးကြမည်။ လူတကာ အသုံး တော်ခံမှန်းမသိဘဲ သူ အမွန်တမြတ် တန်ဖိုးထားခဲ့၏။

ငါ တော်တော်မိုက်မဲတာပဲ...။

စိတ်နယ်ပယ်မှ အတိတ်တစ်ခုလုံးကို ဆွဲချွတ်ပစ်လိုက်ချင်မိသည်။

လက်တလောမှာ အရာရာကို မေ့ပစ်နိုင်ဖို့အတွက် သူ အိပ်ပျော် သွားရန် အရေးတကြီး လိုအပ်နေသည်။ ဒါကြောင့် ဆရာဝန်ပေးလိုက် သော ဆေးတွေထဲမှ အိပ်ဆေးကတ်ကို ယူလိုက်သည်။ ခွင့်လွှတ်ပါ ဆရာ ကျွန်တော် အရမ်းအိပ်ပစ်လိုက်ချင်လို့ပါ။

တစ်ညတွင် တစ်ခြမ်းသာသောက်ရန် မှာလိုက်သော အိပ်ဆေးပြား တွေကို တစ်ကဒ်လုံးနီးပါး သူသောက်ပစ်လိုက်သည်။ ပြီးသောအခါ ခုတင် ပေါ် ပစ်လှဲပြီး အားပါးတရ အိပ်စက်ရန် ပြင်လိုက်၏။

အိပ်မယ် ငါအိပ်မယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှုကို ဖြစ်မယ်။

ထိုစဉ်-

"ဒေါက် ဒေါက်"

တံခါးခေါက်သံကြောင့် မင်းခ လူးလဲထ၍ တံခါးသွားဖွင့်လိုက်သည်။

"ကိုမင်းခ"

"ဩော်..."

လူနေဆိုသော စာရေးဆရာဖြစ်သည်။

"ကျုပ်လည်း ဒီည ပျင်းတာနဲ့ ခင်ဗျားဆီ ထွက်လာတာဗျာ။ ရာသီ ဥတုကလည်း အေးအေးနဲ့ အံကိုက်ပဲ။ ကျုပ်တို့ ဒါသွားကစ်ရအောင်"

လူနေက တွေ့တာနှင့် ပုလင်းမော့သည့်ဟန် လုပ်ပြသည်။ ရှပ်အင်္ကျီ ဝတ်ထားသဖြင့် ရင်ဘတ်ကလေးကြည့်တော့ ရဲနေတာမို့ 'ဇ'မသေးကြောင်း ခန့်မှန်းမိ၏။

အပြင်ထွက်ချင်စိတ် မရှိပေမယ့် ခင်တာမကြာသေးသေး မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



မို့ မငြိုင်းချင်သဖြင့် မင်းခ လိုက်လာခဲ့ပါသည်။

ရန်ကုန်မြို့လယ်ခေါင်တွင် ညဦးအတော်နက်မှ ရတတ်သည့် လတ်ဆတ်သော လေပြည်ရန့်က မိုးငွေ့နှင့်အတူ လွင့်မျောနေသည်။ အားပါးတရ ရှူရှိုက်လိုက်ပေမယ့် သူ့စိတ်တွေ လန်းစင်မသွားသည့်အတွက် မင်းခ ကိုယ့်ကိုကိုယ် အပြစ်တင်မိ၏။

ငါ့နှလုံးသား နူးညံ့မှုဟာ အနုပညာတွေကို ဖန်တီးခံစားဖို့။ ဘာမဟုတ်တဲ့ အညံ့စားမိန်းမတစ်ယောက်ရဲ့ လှည့်ကွက်မှာ ဖလက်ပြနေဖို့ မဟုတ်ဘူး။ လိုအပ်တဲ့အခါမှာ မာကြောတတ်တဲ့ ငါ့အရည်အသွေးကို ထုတ်ပြရမယ်။

အားတင်းထားလေ အားတင်ထားစမ်းပါ။

ကိုယ့်ကိုကိုယ် ဈေးမကျအောင် နှစ်သိမ့်အားပေးရင်း ဆိုင်ရောက်လာသည်။ ဝိုင်းလွတ်တစ်ခုမှာ သူတို့နှစ်ယောက် ဝင်ထိုင်လိုက်ကြ၏။

လူနေက-

"ကိုမင်းခ ခင်ဗျား ဘာချမလဲ"

"ကျွန်တော် အိပ်ချင်နေလို့ဗျာ၊ ခေါင်းကြည်သွားအောင် ရေနွေးအေးအေးလေးပဲ သောက်တော့မယ်"

"ဟာ ခင်ဗျား တော်တော်လူမဆန်တဲ့လူပဲ"

"ဗျာ ဘာဖြစ်လို့လဲ"

"ဥပမာပြောမယ်ဗျာ။ တိရစ္ဆာန်တစ်ကောင်ကို ရေတစ်ပုံးနဲ့ အရက်တစ်ပုံးချပေးရင် ဘာသောက်မယ် ထင်လဲ"

"ရေပဲ သောက်မှာပေါ့ဗျ"

"အဲ့ဒါပြောတာ။ တိရစ္ဆာန်သောက်တဲ့ရေကို ခင်ဗျားက သောက်မလို့လား။ ခင်ဗျားကိုယ် ခင်ဗျား လူပီသကြောင်း ပြချင်ရင် ကျုပ်သောက်သလို ထိုက်သောက် ဟုတ်ပြီလား"

သူ့ဥပမာနှင့်သူတော့ ဟုတ်နေသည်။ စိတ်လည်းညစ်နေတာမို့ သူ



www.burmeseclassic.com

www.burmeseclassic.com



သောက်သလိုပဲ လိုက်သောက်လိုက်၏။ အပြင်းသောက်လေ့မရှိသဖြင့် အဝင်တော့ တော်တော်ဆိုးပါသည်။

လူနေကတော့ တစွပ်စွပ်ကစ်ပြီး-

"အရက်များများသောက်ပေးဗျ။ အဲ့ဒါဆို ကောင်မလေးတွေကြည်တယ်"

"ဟင် ဘာလို့လဲ"

"ပိုက်ဆံပေါမှ အရက်များများ သောက်နိုင်တာလေ၊ ကောင်မလေးတွေက ပိုက်ဆံရှိမှ လူထင်တာ။ ကျုပ်ကတော့ ကောင်မလေးတွေ ကြည်အောင် အရက်ခဏခဏ သောက်တယ်။ ခင်ဗျားနဲ့ စတွေ့တဲ့နေ့ကလည်း သောက်ဖို့ စီစဉ်ထားတယ်လေ။ အဲ့ဒါကြောင့် အရက်အတွက် နေရာလျှော့မှာစိုးလို့ အအေးတွေ ကော်ဖီတွေ မသောက်တာ"

"ဩော် ရင်ဘတ်တွေလည်း ရဲနေပြီနော်။ သစ္စာရှိတာလည်း ရှိပေါ့ဗျာ။ သတိလည်း ထားဦး"

တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆို ပိတောက်ဆိုသလို မဖောက်မပြန်စိတ်မျိုးရှိတာကတော့ လေးစားချီးကျူးဖို့ကောင်းသည်။ ဒါကြောင့်လည်း ဂယ်လောင်းမျက်လုံးမျိုးကို ပိုင်ဆိုင်ထားနိုင်တာ ဖြစ်ပေလိမ့်မည်။

အာဂပုဂ္ဂိုလ်ပေတည်း။

လူနေနှင့်အပြိုင် လိုက်သောက်ရင်း ခဏကြာတော့ မင်းခ အာသွက်လျှာသွက် ဖြစ်လာသည်။

"ကိုလူနေက စာရေးဆရာတွေထဲမှာ ဘယ်သူ့ကို အကြိုက်ဆုံးလဲ"

"တာရာမင်းဝေ။ သူက ကျုပ်ရဲ့ ဟီးရိုးပဲ"

"ဩော်..."

"ခင်ဗျားကကော ဘယ်စာရေးဆရာကိုကြိုက်လဲ"

"ဘယ်သူ့မှ မကြိုက်ဘူးဗျ"

"ဟင် ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က စာရေးဆရာတွေကို မကြိုက်ဘူး။ စာရေးဆရာမတွေ တိုပဲ ကြိုက်တာ"

"ဟာ..."

"ဒါတောင်မှ စာရေးဆရာမ အပျိုတွေပဲ ရွေးကြိုက်တာနော်။ အာပတ် သင့်မှာစိုးလို့"

"လေးစားသွားပြီဗျာ လေးစားသွားပြီ"

လူနေက လက်ဆွဲ၍ သူ့ကို ကွန်ဂရက်ကျူလေးရှင်း လုပ်၏။ တဟဲဟဲ ရယ်ရင်း မင်းခ ခေါင်းထဲ တရိပ်ရိပ် ဖြစ်လာသည်။ အပြင်း သောက်လေ့ သောက်ထမရှိသောကြောင့် ဖြစ်လိမ့်မည် ထင်သည်။

အာသွက်လျှာသွက်အဆင့်မှ အာလေးလျှာလေးအဆင့်သို့ ခဏ တာအတွင်း ရောက်သွားလေသည်။

"မိန်းမတွေရဲ့ အချစ်ကို ခင်ဗျား ဘယ်လိုမြင်လဲ အေ့"

"သားရေကွင်းလိုပဲ။ ကျင်းလိုက် ကျယ်လိုက်နဲ့"

"ခင်ဗျားမှာ ချစ်သူရှိလား"

"ဆီးသွားချင်နေတာကို သားရေကွင်းနဲ့ အချည်ခံထားရတဲ့ ဘဝပါ ဗျာ၊ ခင်ဗျားကကော"

"ကျွန်တော်ကတော့ ဒီနေ့ပဲ လတ်လတ်ဆတ်ဆတ် ဆီးပိုက်ကြိုး တိုး သွားတာဗျ"

"ဟာ..."

လူနေ မျက်လုံးပြူးသွားသည်။ မင်းခကတော့ မျက်လုံးမှေးစင်း နေပါပြီ။

"လောကမှာ အေ့ ကျွန်တော်အကြောက်ဆုံးက ဘာလဲ ခင်ဗျား သိလား အေ့"

"ဆီးပိုက်ကျိုးတာလား"

"ဟာ... ဘယ်ကဟုတ်ရမှာလဲ အေ့ မာယာဗျ မာယာ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ အေ့ ကျွန်တော် အရွံ့ဆုံးမိန်းမက ပရော့စ်တီကျူ့စ်... အဲဒီလိုပဲ ကျွန်တော် အချစ်ဆုံးမိန်းမကလည်း ပရော့စ်တီကျူ့စ်... ဖြစ်နေတယ်။ အေ့... အဲဒါကြောင့် ကျွန်တော် အနာကြည်းဆုံးမိန်းမကလည်း ပရော့စ်တီကျူ့စ်... ဖြစ်သွားတယ်ဗျာ။ အေ့ ပရော့စ်တီကျူ့စ်..."

ဘိုလို အတော့ကောင်းမှုကြောင့် တံတွေးတွေက သကြီန်ရေ ပက်ဖျန်းသလို လူနေ၏ မျက်နှာပြင်ဆီ အလုံးအရင်း ပြေးဝင်သွားကြသည်။ ခေါင်း ကို ဘယ်ညာယိမ်း၍ လူနေ အသည်းအသန် တိမ်းရှောင်နေရ၏။ ဒါတောင်မှ နောက်ဆုံးတစ်ချက်မှာ အငိုက်မိပြီး နှာသီးဖျားကို စွန်းထင်း ခံလိုက်ရသေးသည်။

လူနေ သိပ်မကြည်တော့ဘဲ-

"ခင်ဗျားဟာ ဘာတွေလဲဗျာ။ အရွံ့ဆုံးကလည်း ပရော့စ်တီကျူ့စ်...၊ အချစ်ဆုံးကလည်း ပရော့စ်တီကျူ့စ်...။ အနာကြည်းဆုံးကလည်း ပရော့စ် တီကျူ့စ်...။ အားလုံး ပရော့စ်တီကျူ့စ်စ်စ်စ်စ်စ်စ်စ်စ်စ်စ်စ်..."

လူနေ လက်စားချေချက်က ရက်စက်သည်။ မင်းခ မျက်နှာပြင်တစ်ခု လုံး မီးသတ်ပိုက်နှင့် တည်အထိုးခံရသလို ရွှဲရွှဲစိုသွားလေသည်။

အလွန်မူး၍ အမူးလွန်နေပြီမို့ ရှောင်မှ မရှောင်နိုင်တော့တာကိုး။

"ကဲ မင်းခယောကျ်ား ကမ်းနားသစ်ပင်ရေ ခင်ဗျားကိုကြည့်ရတာ အခြေအနေ မဟန်တော့ဘူး။ ကမ်းပါးပြိုနေပြီ။ ပြန်ကြမယ်နော်"

"အင်း ပြန်မယ်။ အိပ်ချင်တယ်"

ငွေရှင်းပြီးတော့ လူနေက မင်းခကို တွဲခေါ်ကာ ဆိုင်ထဲမှ ထွက်လာ ခဲ့သည်။ ယိုင်တိယိုင်တိုင်နှင့် မင်းခ ဇက်ကို အနိုင်နိုင် စူထားရ၏။

"ခင်ဗျား တစ်ယောက်တည်း ပြန်လို့ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်၊ အေ့ ဒါနဲ့ မင်းခနေတဲ့ အိမ်က ဘယ်နားမှာလဲ"

"ဟာ... ဒုက္ခပါပဲဗျာ"

လူနေ စိတ်ညစ်သွားပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းခဆိုတာ တခြားလူ မဟုတ်ဘူး။ ခင်ဗျားကိုယ်တိုင်ပဲလေ"

"သိပါတယ်၊ အဲ့ဒါကို သိတယ်။ အေ့ ဒါပေမယ့် နေတဲ့အိမ်ကို မသွားတတ်လို့ မေးနေတာ မဖြေချင်တာလား၊ မူနေတာလား အေ့"

"ဟာဗျာ လာ လာ ကျုပ်လိုက်ပို့မယ်။ နောက်ဆို ခင်ဗျားကို ဘယ်တော့မှ အရက်သောက် လာမခေါ်တော့ပါဘူးဗျာ။ အခုတစ်ခါ လာခေါ်မိတဲ့အတွက်လည်း အထူး တောင်းပန်ပါတယ်။ ခင်ဗျားကိုမှ အရက်အတင်းသောက်ခိုင်းမိတဲ့ ကျုပ်ကိုယ်ကျုပ်လည်း အပြစ်တင်မိပါတယ်ဗျာ။ တကယ် တကယ် ဒီပုံစံအတိုင်းဆို ခင်ဗျားကို ဘယ်ကောင်မလေးမှ ကြည့်မှာမဟုတ်ဘူး"

လူနေက ခိုတစ်ကောင်လို ညည်းညူပြီး မင်းခကို တွဲကာ အိမ်ပြန်ပို့ပေးသည်။ မင်းခ အခန်းထဲရောက်မှ သူ စိတ်ချလက်ချ ပြန်သွား၏။

ဒါတောင်မှ လှည့်ထွက်ခါနီးမှာ-

"ဂွတ်နိုက်စ်စ်စ် ပရော့စ်တီကျူ့စ်စ်စ်စ်စ်စ်စ်စ်စ်စ်စ်..."

ဆိုပြီး မျက်နှာချင်းဆိုင် ကပ်၍ နှုတ်ဆက်သွားသေးသည်။ တော်တော်တော့ အငြိုးကြီးသည့် သူငယ်ချင်းပါလေ။

ဂယ်လောင်းမျက်လုံးကို ပိုင်ဆိုင်နေတာ ဒီအကျင့်တွေကြောင့်လည်း ဖြစ်နိုင်၏။

မင်းခ မြင်ကွင်းထဲမှာ အခန်းတစ်ခုလုံး ချာချာလည်နေပါသည်။ အိတ်ဆိတ်အထီးကျန်မှုထဲမှာ ကယောင်ခြောက်ခြားနှင့် ဝူးဝူးကို သတိရမိပြန်၏။ သူ့တစ်ကိုယ်လုံး လေဟာနယ်ထဲမှာ အချည်အနှောင်မဲ့ မျောလွင့်နေသလို လွင့်ဖိုပေါ့ပါးစွာ ခံစားရလေသည်။

အရာရာကို မေ့ပြီး အိပ်ပျော်ဖို့ ကြိုးစားလိုက်၏။ မျက်ခွံတွေ အိတ်တွဲလေးလံလာသည်။

သူ အရမ်း အိပ်ချင်နေပါပြီလေ။

မိုးသည်းည အိပ်မက်တွေထဲအထိ ဝူးဝူး ဝင်လာနှောင့်ယှက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချွန်ထက်သော အနီရောင် လက်သည်းရှည်တွေနှင့် သူ့အသည်းနှလုံးကို ဆွဲထုတ်ယူငင်ဖို့ သူမ အသည်းအသန် ကြိုးစားနေသည်။ သူ ကြောတ် လန့်တကြား အော်ဟစ် မောင်းထုတ်ပစ်လိုက်ပါ၏။

ငါ အေးအေးဆေးဆေး အိပ်ပါရစေ ဇူးဇူးရယ်...။

ကျေးဇူးပြုပြီး မနှောင့်ယှက်ပါနဲ့။

ရှင်...

မော...

လှ...

ပါ...

ပြီ...

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မင်းခ မင်းခ"

ခေါ်သံနှင့်တကွ ခန္ဓာကိုယ်ကို ခပ်ကြမ်းကြမ်း လှုပ်နှိုးခံရသည်။ အစ်စုံတစ်ယောက် ကိုယ့်ကို နှိုးနေတာမှန်းသိပေမယ့် တုံ့ပြန်မှုပြု၍မရဘဲ မှိန်းနေ၏။

အိပ်မက်လို ဝိုးတဝါး။

"မင်းခ မင်းခ ထ ထ ထစမ်း"

အိပ်စက်ခြင်းနှင့် နိုးထလိုခြင်း လွန်ဆွဲနေရာမှ ရုန်းထွက်လိုက်သည်။

ကျောက်ချထားသလို လေးလံပိကျနေသည့် မျက်ဝန်းတံခါးကို ကြိုးစား၍ ဖွင့်လိုက်၏။ ထိုအခါ ဇာနည်အောင်ကို မြင်ရသည်။

ပြည်ရထားက ရန်ကုန်ကို နံနက်စောစော ဆိုက်ရောက်လေ့ ရှိတာမို့ သိပ်မအံ့ဩမိ။

"မင်း ပြန်ရောက်လာပြီလား။ အေး... အေး... ပြီးရော။ ငါ အရမ်းအိပ်ချင်နေလို့ကွာ။ အိပ်လိုက်ဦးမယ်"

"ဟာ... အိပ်မနေနဲ့. ဟိတ်ကောင်။ အရမ်း အရေးကြီးတယ်"

ဇာနည်အောင်၏ ပျာပျာသလဲ အမူအယာကြောင့် မင်းခ နားလည်ရ



www.burmeseclassic.com

www.burmeseclassic.com



ခတ်သွားသည်။

"ဘာလဲကွာ ဘာဖြစ်လို့လဲ"

"ဇူဇူ ဆုံးပြီကွ"

"ဘာ..."

နံဘေးနားမှာ ဗုံးတစ်လုံး လာရောက်ပေါက်ကွဲသကဲ့သို့ ထင်မှတ်မိ၏။

"ဟုတ် ဟုတ်လို့လား"

"သိပ်သေချာတာပေါ့ကွာ။ မင်းမယုံရင်လိုက်ခဲ့။ အောက်မှာ ဇူဇူ အလောင်းရှိတယ်"

"ဟင်..."

ကြားရသည်က ကျိုးကြောင်းမဆီလျော်သော ပြဇာတ်တစ်ပုဒ်ပမာ။

"ဇူဇူအလောင်းက ဘာကြောင့် ဒီအောက်ရောက်နေတာလဲ"

"အဲ့ဒါတော့ ငါလည်း မသိဘူး။ ငါ ရထားပေါ်က ဆင်းလာပြီး ဒီအောက်ရောက်တော့ ရဲတွေနဲ့လူတွေ စုအုံနေတာကြောင့် ကြည့်တော့ လှေကားခြေရင်းမှာ ဇူဇူအလောင်းကို တွေ့ရတာပဲ။ ညက မိုးတွေအရမ်းရွာနေချိန်မှာ ဒီကိုလာရင်း ခြေချော်ပြီး လှေကားပေါ်က ပြုတ်ကျတာလို့တော့ ယူဆနေကြတာပဲ"

ဘုရား... ဘုရား...

ရှင်တို့တိုက်ခန်းလှေကားတက်ရတာလည်း ဒေါင်လိုက်ထောင်ထားတဲ့ ငါးမန်းစွယ်လွှသွားတွေပေါ် ဖြတ်လျှောက်ရတဲ့အတိုင်းပဲ မသက်သာလိုက်တာ...။

သူမ ညည်းတွားဖူးတာကို ပြန်အမှတ်ရမိ၏။

တုန်လှုပ်ချောက်ချားစွာဖြင့် ဇာနည်အောင်နှင့်အတူ အောက်ဆင်းကြည့်လိုက်သောအခါ...

ရဲအရာရှိတွေ၊ ရပ်ကွက်လူကြီးတွေ၊ လမ်းလူကြီးတွေနှင့်အိမ်နီးချင်း



www.burmeseclassic.com

www.burmeseclassic.com



များကို တွေ့ရ၏။ ရပ်ငေးကြည့်နေသည့် လမ်းသွားလမ်းလာတွေလည်း ရှိသည်။

ထိုလူတွေကြားရှိ သွေးအိုင်ထဲမှာတော့ ခွေခွေကလေး လဲလျောင်း ငြိမ်သက်နေသော ကောင်မလေး။

အို... ချစ်သူ။

ရင်မှာ ဆစ်ခနဲ နာကျင်သွားသည်။

ညကတောင် သူမ သူ့ဆီလာသည်ဟု အိပ်မက်သေး၏။ အခုတော့ သူမ ဆုံးပြီတဲ့။

ဒါလည်း အိပ်မက်ပဲလား။

သူ့အသားသူ လက်သည်းနှင့် ကုတ်ဆိတ်ကြည့်လိုက်သည်။ ကျွတ် ဘာလို့နာရတာလဲ...။

အမှန်တကယ်လည်း ညက သူမသည် သူ့ထံ ဖြေရှင်းတောင်းပန်ရန် ရောက်လာပေလိမ့်မည်။ လူတွေဟာ အမှားအယွင်း ကျူးလွန်ပြီးရင် အဲဒီ လူဟာ သူတို့အတွက် ဆက်လက် လိုအပ်သေးတယ်ဆိုရင် ဖြေရှင်း တောင်းပန်ဖို့ ကြိုးစားလေ့ရှိကြတာပဲ မဟုတ်လား။

သူမသည် အိပ်စက်နေသော သူ့ကို ခေါ်မရသဖြင့် စိတ်ပျက်လက်ပျက် နှင့်ပြန်အဆင်းမှာ (ဒါမှမဟုတ်) အပေါ်သို့ တက်အလာမှာပင် ခြေချော် လက်ချော်ဖြစ်ပြီး ပြုတ်ကျသွားတာဖြစ်ရမည်။

ငါ လွမ်းချင်းတေးတစ်ပုဒ် သီဆိုညည်းနေရမှာလား...။ ဝမ်းသာပီတိ ဖြစ်နေရမှာလား...။

ဒီအဖြစ်ကို ဝတ္ထုရေးရင်ကော ဘယ်လိုနေမလဲ။ ပရိသတ် စိတ်ဝင် စားနိုင်ပါ့မလား။ စိတ်ဝင်စားဖို့ထက် အကျိုးရှိဖို့က ပိုအရေးကြီးတယ် လေ။ စိတ်မဝင်စားရင် သူတို့ ဘယ်လှည့်ကြည့်မလဲ။ အဲ့ဒါဆို ငါ ပြောချင် တာ ဘယ်သိတော့မှာလဲ။ အကျိုးလည်းရှိအောင် စိတ်ဝင်စားမှုလည်း ရှိအောင် ရေးရင်ကော။ ငါ စွမ်းဆောင်နိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင် ငါဘာတွေ တွေးနေပါလိမ့်။ လူတစ်ယောက်လုံး ပိုးစိုးပက်စက်ကြီး သေထားတာ။ ပြီးတော့ အဲဒီလူက ငါ့ချစ်သူလေ။ ဟင့်အင်း သူက ငါ့ချစ်သူ မဟုတ်ပါဘူး။ သူ့ကို ငါ ချစ်သူအဖြစ် မသတ်မှတ်နိုင်ဘူး။ အို ဘာပဲဖြစ်ဖြစ် ရေးစရာရှိတာတော့ ရေးရမှာပဲ။

မင်းခ တစ်ယောက်တည်း အတွေးတွေနှင့် ယောက်ယက်ခတ်လုံးချာ လည် ရှုပ်ထွေးနေသည်။ အရေးထဲမှာ စာရေးဖို့ စဉ်းစားနေနိုင်သေး၏။ ဒါကြောင့်လည်း စာရေးဆရာတွေဟာ လူတစ်မျိုးတွေလို့ ပြောကြတာထင်ပါရဲ့။

ထိုစဉ်မှာပင် ရဲအရာရှိတစ်ဦးက-

"ဒီအတိုင်းဆို ဒီကောင်မလေးက ကျုပ်တို့ရှာနေတဲ့ လူသတ်တရားခံမိန်းကလေးပဲဗျ။ ညက ဂျပန်ကြီးဆိုတဲ့ လူတစ်ယောက်ကို ကတ်ကြေးနဲ့ ထိုးသတ်ပြီး ထွက်ပြေးသွားတယ်လို့ သေဆုံးသူနဲ့ ပတ်သတ်တဲ့ ကောင်လေးတစ်ယောက်က စခန်းမှာ လာတိုင်ချက် ဖွင့်သွားတာကြောင့် တစ်ညလုံး ကျုပ်တို့အဖွဲ့တွေ လိုက်ရှာနေတာ။ အခုတော့ တရားခံက ဒီမှာ လာသေဆုံးနေတာ တွေ့ရတယ်။ ကြံကြံဖန်ဖန်ဗျာ"

သူ့နားထဲ သံရည်ပူတွေ စီးကျလာသည်။ သူမ လူသတ်သတဲ့လား။

"ဒီသေဆုံးမှုဟာ မတော်တဆဖြစ်နိုင်သလို တစ်ယောက်ယောက်က မကျေနပ်ချက်နဲ့ ပြန်လုပ်ကြံတာလည်း ဖြစ်နိုင်တယ်"

ရဲအရာရှိ၏ မှတ်ချက်ချသံကြောင့် မင်းခ သွေးကြောတွေ ဖျဉ်းခနဲတုန်ခါသွား၏။

တာဝန်ရှိသူတွေက ဆက်လက်ဆောင်ရွက်နေကြသည်။ အနီးပတ်ဝန်းကျင်ရှိ လူများကို စစ်ဆေးမေးမြန်းရာ ညက လေတွေမိုးတွေ တိုက်ခတ်ရွာသွန်းနေသဖြင့် ဘာသံမှ မကြားရဟုသာ ဖြေကြသည်။ ဝိနည်းလွတ်ပေါ့...။

ခဏကြာတော့ ဆေးရုံကားရောက်လာသည်။ အလောင်းကို စင်



www.burmeseclassic.com

www.burmeseclassic.com



ဆေးဖို့ ဆေးရုံပို့ရန် စီစဉ်ကြသည်။ တာဝန်ရှိသူမှအပ အလောင်းနားသို့ အခြားလူများ ထိကပ်ခွင့်မရသဖြင့် မင်းခ အဝေးမှသာ ငေးကြည့်နေရသည်။

နောင်ဖြစ်လေရာ ဘဝတွေမှာ မင်းတစ်ယောက် ဖြူစင်သန့်ရှင်းပါစေဟုတော့ ဆုတောင်းပေးလိုက်သည်။

ဒီလောက်ပဲပေါ့...။ ဘာတွေများ လုပ်ပြနေရဦးမှာလဲ...။

ဆေးရုံကား ထွက်ခွာသွားလေပြီ။ ပိတ်ဖြူဖုံးအုပ်ခံလျက် သူမခန္ဓာပါသွားသည်။ သူမဝိဉာဉ်က ဘယ်ဆီဘယ်ဝယ် မျောလွင့်နေမည်နည်း။

လှျပ်စီးလက်တာ မိုးခြိမ်းတာကိုကြောက်သော ကောင်မလေး တစ်ယောက် မိုးညတစ်ညမှာပဲ မရှုမလှ သေဆုံးသွားခဲ့ရလေပြီ။

ရင်မှာ မွန်းကြပ်ဆို့နင့်သလိုတော့ ဖြစ်၏။ အသက်ရှူရတာလည်း ဝင်ပန်းခက်ခဲနေသည်။ ငါ ဝမ်းနည်းနေတာလား...။

ထိုစဉ်-

"မင်းခ... အေးအေးဆေးဆေး ပြောချင်တာရှိလို့ ရပ်ကွက်ရုံး ခဏလိုက်ခဲ့ပေးပါလား"

"ဪ... ဟုတ်ကဲ့၊ ရပါတယ်"

ရပ်ကွက်လူကြီး ဦးဝင်းကျော်ခေါ်သဖြင့် ဇာနည်အောင်ပါ သူနှင့်အတူ လိုက်လာသည်။ လမ်းလူကြီးအချို့နှင့် ရဲအရာရှိတစ်ယောက်လည်း ပါသည်။ သူ့ကို စစ်ဆေးမေးမြန်းကြဦးမည် ထင်၏။ ပျင်းစရာတော့ ကောင်းဦးမည်။

နှလုံးသားစျာပနအတွက် အသည်းကွဲ လွမ်းဆွေးမှုလေးတောင် အေးအေးဆေးဆေး မပြုလုပ်ရပါလား...။

ရပ်ကွက် သာရေးနာရေးကိစ္စအချို့မှာ ပါဝင်ဆောင်ရွက်ရင်း ရပ်ကွက်လူကြီး လမ်းလူကြီးတွေနှင့် သူက မျက်မှန်းတန်း ရင်းနှီးပြီးသား ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှုံးရောက်တော့ ကိုယ်စီကိုယ်ငှ ထိုင်ကြပြီးနောက် ရပ်ကွက်လူကြီးက-

"အခုသေဆုံးတဲ့ ကောင်မလေးဟာ မင်းခအိမ်ကို ဝင်နေထွက်နေကျ ဆိုတာ ပတ်ဝန်းကျင်က ပြောလို့သိရတယ်"

သူတို့သိတာကို ခေါ်ကြွားတာတော့ မဖြစ်နိုင်ပါဘူးလေဟုတွေးကာ မင်းခ တစ်ချက် သမ်းဝေလိုက်သည်။

"သူက မင်းခနဲ့ ဘယ်လိုပတ်သက်လဲ"

"ကျွန်တော့် သူငယ်ချင်းပါ"

အဲသည်အချိန်မှာ... သူမဟာ ငါ့ချစ်သူဆိုတာ ပြောထွက်ဖို့ ဘာလို့ နှုတ်က မရဲတာပါလိမ့်...။

တစ်ခါတစ်ရံမှာ ဂုဏ်သိက္ခာဆိုတာကြီးအတွက်နှင့် ပျောက်ကွယ်နေသော အမှန်တရားတွေ များစွာရှိပါသည်။ (ရပ်ကွက်လူကြီးကလည်း ထိပ်ပြောင်လိုက်တာ...။ ငယ်ငယ်က ခေါင်း ခဏခဏ ဖြီးတယ် ထင်ပါရဲ့...)

ရဲအရာရှိက တစ်ချက်ပြုံးပြီး-

"သေဆုံးသူကောင်မလေး တိုက်ခန်းလှေကားပေါ် တက်သွားတာကို မြင်လိုက်တဲ့ လူတစ်ယောက်ရှိတယ်"

"ဘယ်သူလဲ"

"အောင်ညွှဘာ"

"ဩော်... အစောင့်ကုလားအဘိုးကြီးကိုး"

မင်းခ နေထိုင်ရာ တိုက်ခန်းနှင့် မျက်စောင်းပျော့ပျော့ထိုးလောက်တွင် စူပါမားကတ်တစ်ခု ရှိ၏။ ထိုစူပါမားကတ်အား ညဘက် စောင့်ကြည့် တာဝန်ယူသူမှာ အောင်ညွှဘာဆိုသော (မြန်မာဆန်ဆန်အမည်နှင့်) ကုလားကြီးဖြစ်သည်။

အိပ်မပျော်သောညတွေမှာ စာရေးဖို့လည်း စိတ်မပါလျှင် ထိုအချိန်

www.burmeseclassic.com



ကြီးနှင့် မင်းခ စကားသွားပြောတတ်၏။ ဦးအောင်ဩဘာက ရည်မှန်းချက်တော့ကြီးသည်။ သူ ဒါရိုက်တာဖြစ်ချင်ကြောင်း မင်းခကို မကြာခဏ ရင်ဖွင့်ဖူး၏။ ရှုတင်ရိုက်ကွင်းတစ်ခုအား တွေ့မြင်ရာမှ သူ ထိုပိုးဝင်သွားကြောင်း ပြောသည်။ တစ်ခါတလေ သူ့ကိုယ်သူ ဒါရိုက်တာ တစ်ယောက်တဲ့သို့ စိတ်ကူးယဉ်ခံစား၍ ရိုက်ကွင်းရိုက်ကွက်များ ရှာဖွေနေတတ်လေသည်။

ညကလည်း ရိုက်ကွင်းရိုက်ကွက်တွေ ရှာဖွေနေရင်း ဇူးဇူးကို တွေ့မြင် သတိပြုမိသွားတာ ဖြစ်လိမ့်မည်။

ရဲအရာရှိက-

"အဲဒီကုလားအဘိုးကြီး ပြောပြချက်အရဆို ကောင်မလေးဟာ ဒီကို ပြေးလာတာ။ သူ တိုက်ခန်းလှေကားပေါ် တက်သွားပြီး မရှေးမနှောင်းမှာပဲ နောက်ကနေ လူတစ်ယောက်ကလည်း အဲဒီတိုက်ခန်း လှေကားပေါက်ထဲ ပြေးဝင်သွားတယ်တဲ့။ သိပ်မကြာဘူး။ အဲဒီလူ ပြန်ထွက်လာတယ်။ ကောင်မလေးကတော့ ပြန်ထွက် မလာတော့ဘူး။ အခုမနက်မှ သေနေမှန်း သူသိရတာတဲ့။ သူက စူပါမားကတ် ရှေ့တံစက်မြိတ် အမိုးအောက်ကနေ လှမ်းကြည့်နေတာဆိုတော့ မိုးကလည်း သည်းသည်းမဲမဲ ရွာနေတာကြောင့် ဘာသံမှ မကြားလိုက်ရသလို လူပုံစံကိုလည်း သဲသဲကွဲကွဲ မမြင်လိုက်ရဘူး။ အဲဒီလူက မိုးကာအင်္ကျီဝတ်ထားပြီး ခေါင်းကို စွပ်ထားတာတော့ သေချာတယ်တဲ့"

"အဲဒီလူက ဇူးဇူးကို သတ်တယ်လို့ ဆိုလိုချင်တာလား"

"အတိအကျ မပြောနိုင်သေးပေမယ့် မသင်္ကာစရာစာရင်းမှာတော့ အဲဒီလူကို ထိပ်ဆုံးက ထည့်ထားရမှာပဲ။ အဲဒီလူ ဘယ်သူလဲဆိုတာသိရင် ရှင်းသိမ်းပဲ။ ဒီသေဆုံးမှုဟာ မတော်တဆလား လုပ်ကြံမှုလားဆိုတာလည်း ရှင်းပြီ"

မင်းခ ဝှဲးခနဲ သမ်းဝေလိုက်သည်။ တက်တက်ကြွကြွပြောနေသော



www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။ ရပ်ကွက်လူကြီး ဦးဝင်းကျော်က အားနာဟန်ဖြင့် မင်းခကို ဝေါက်၏။

"ဒီမှာအရေးတကြီး ဆွေးနွေးနေတာ မင်းက စိတ်မဝင်စားဘူးလား"

"ဟာ... စိတ်ဝင်စားပါတယ်။ ကျွန်တော် အိပ်ချင်နေလို့ပါ။ ဆောရီး ဆောရီး"

မင်းခ ခေါင်းကိုကြည်သွားအောင် ဘယ်ညာခါလိုက်သည်။ အိပ်ချင်စိတ်က အခုထိ မလွင့်ပြယ်သေး။

ရဲအရာရှိက မင်းခကို စိုက်ကြည့်ပြီး-

"မင်းခဟာ စာရေးဆရာတစ်ယောက်လို့လည်း သိထားတယ်။ ဒီက ဦးဝင်းကျော်တို့နဲ့ ရင်းနှီးတယ်လို့လည်း ပြောတယ်။ အဲ့ဒါကြောင့် လူကြားထဲမှာ မစစ်မေးချင်လို့ ဒီကိုခေါ်လာတာပါ။ ပြီးတော့ သေဆုံးသူ ကောင်မလေးနဲ့ မင်းခ ဘယ်လိုအနေအထားမျိုးနဲ့ ပတ်သက်ဆက်နွယ်မှု ရှိတယ်ဆိုတာလည်း ခန့်မှန်းလို့ရပါတယ်။ ဒီထက်ပိုပြောရမယ် ဆိုရင်တော့ အဲဒီကောင်မလေး 'ဘာ'ဆိုတာလည်း သိပြီးပါပြီ"

ဟင်... ဒါဆို ခုနက "ကျွန်တော့်သူငယ်ချင်းပါ"လို့ သူပြောတုန်းက ရဲအရာရှိ ပြုံးတာ ဒါကြောင့်လား...။

မင်းခ ရှက်စိတ်ဝင်ကာ မျက်နှာပြင်တစ်ခုလုံး ထူအမ်းလာသည်။ ရဲအရာရှိက ပစ္စည်းတစ်ခု သူ့အား ကမ်းပေး၏။

ဠူဠူရဲ့ MP-3 လေးပါလား။

"သေဆုံးသူအနီးမှာ သဲလွန်စရှာရင်း တွေ့ခဲ့တာပါ။ မင်းခ နားထောင်ကြည့်လိုက်ပါ။ ဒါကို ဖွင့်ပြချင်လို့ မင်းခကို ဒီခေါ်လာတာလည်း ပါတယ်။ သေဆုံးသူရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးရာလည်း ရောက်အောင် လို့ပါ"

ဒီအတိုင်းဆို ရဲအရာရှိက နားထောင်ပြီးလောက်ပြီထင်သည်။ လူသေအလောင်းကောင်ကြီးအနားမှာ ရဲအရာရှိတစ်ယောက်က MP-3 နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေသည့်အဖြစ်က အဘယ်မျှ ကြောင်လိုက်မည်နည်း)

ဇဝေဇဝါနှင့်ပဲ MP-3 လေးကိုယူပြီး (တွဲလျက်ပါရှိသော) နားကြပ်နှစ်ဖက်ကို နားမှာတပ်ကာ ခလုပ်နှိပ်ဖွင့်၍ မင်းခ နားထောင်ကြည့်လိုက်၏။

ထိုအခါ-

တစ်ခါက သူမ အသံသွင်းထားသော ရယ်စရာ ပြဇာတ်တစ်ပုဒ်ကို ကြားရ၏။ သူ မရယ်နိုင်ပါ။ အတိတ်ကအကြောင်း ပုံရိပ်ဟောင်းတွေကိုသာ စိတ်မှာ ပြန်မြင်လာသည်။ ရုတ်တရက် ပြင်းပြင်းထန်ထန် လွမ်းဆွတ်ဘျဉ်ခဲစွာ သူမကို တောင့်တောင့်တတ သတိရလိုက်မိ၏။

ခဏအကြာမှာ-

နှလုံးသားအား သဲ့ခနဲ ဆွဲခါလိုက်သလို အားငယ်တုန်လှုပ်နေဟန် အသံလေးကို ကြားလိုက်ရ၏။

□



www.burmeseclassic.com

www.burmeseclassic.com

"ကို ရှူးကြောက်တယ်။ အခုအချိန် ကိုသာ ရှူးအနားမှာရှိရင် သိပ် ကောင်းမှာပဲ။ ရှူးလေ ဂျပန်ကြီးဆိုတဲ့လူကို ကတ်ကြေးနဲ့ ထိုးလိုက်မိတယ်။ သူသေသွားပြီလား မသိဘူး။

ကိုထွက်သွားတော့ ဂျပန်ကြီးက ရှူးကို သူတို့နဲ့ လိုက်ခဲ့ဖို့ အတင်း ဆွဲခေါ်တယ်။ ရှူးအသက်သာ အသေခံလိုက်မယ်။ အဲဒီအလုပ်ကို ဘယ် တော့မှ ပြန်မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတာ။ အဲ့ဒါကြောင့် စိတ်မထိန်း နိုင်ဘဲ အိတ်ထဲမှာ ဆောင်ထားနေကျ ကတ်ကြေးနဲ့ ဂျပန်ကြီးကို ထိုးလိုက် မိတာ။ သွေးတွေအများကြီးနဲ့ ဂျပန်ကြီး လဲကျသွားချိန်မှာ ရှူးလည်း ထွက် ပြေးလာခဲ့တယ်။ သူတို့လူစုက ရှူးအကြောင်း ကောင်းကောင်း သိတာမို့ အဆောင်ကိုလည်း မပြန်ရဲဘူး။ နောက်ကနေ သူ့အဖော် နှစ်ယောက် လိုက်လာရင် မိမှာစိုးတာကြောင့် ထွက်ပြေးရင်း...

အခု ဘုရားစောင်းတန်းတစ်ခုမှာ ရောက်နေတယ်။

ရှူး သိပါတယ်။ ရှူးရဲ့အပြစ်အတွက် ရှူး ခံရမှာ။

အခုအချိန်ဆို ပြည့်တန်ဆာကို ရှုံရှာပြီး မာယာကို မလိုလားတဲ့ ကို ရှူးကို မုန်းတီးစက်ဆုပ်နေရောပေါ့နော်။ ကို့ကို ရှူး အပြစ်မတင်ရက်ပါဘူး ရှူးကိုရှူးပဲ အပြစ်မြင်မိတယ်။ ဒါပေမယ့် ရှူး ဘာကြောင့် အခုလို ဖြစ်ရသလဲ ဆိုတာတော့ ကိုသိအောင် ပြောပြချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအလုပ်ကို ဖူး ဝါသနာပါလို့ ပျော်လို့ လုပ်ခဲ့တာမဟုတ်ပါဘူး ကိုရယ်။

ဖူးအဖေဟာ ဖူး ငယ်ငယ်လေးထဲက ဆုံးပါးသွားခဲ့တာပါ။ ဒါကြောင့် ဖူးအမေဟာ အားကိုးရာမဲ့အနေနဲ့ နောက်အိမ်ထောင်ပြုတယ်။ ဒါပေမယ့် အားကိုးစရာ ဖြစ်မလာဘဲ ကြိုဟ်ဆိုးကို ဖိတ်ခေါ်မိသလိုပါပဲ။ အဲဒီပထွေးဟာ ဘာအလုပ်မှ မလုပ်ဘဲ နေ့ရှိသရွေ့ အရက်ပဲသောက်တယ်။ ဖူးတို့က အရမ်းဆင်းရဲပါတယ် ကိုရယ်။ ကျပန်းအလုပ်လုပ်တဲ့ ဖူးအမေဟာ လူပိုတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ကျွေးထားရသလိုပါပဲ။

တစ်နေ့ အမေအပြင်ထွက်အလုပ်လုပ်နေချိန်မှာ ပထွေးက ဖူးကို အဓမ္မကျင့်ကြံ စော်ကားတယ်။ အဲဒီနေ့က မိုးတွေရွာတာ ဆူညံမှောင်မဲနေတာပဲ။ အဲဒါကြောင့် လျှပ်စီးလက်တာနဲ့ မိုးခြိမ်းသံတွေကြားရင် ဖူး ကြောက်တာ။

ပထွေးကို ဖူး သတ်ပစ်ချင်လောက်အောင် နာကြည်းမိပေမယ့် သတ်လိုက်ရင် ဖူး ထောင်ထဲဝင်ရမှာလေ။ အဲ့ဒါဆို အပြင်လောကမှာ အမေတစ်ယောက်တည်း ဒုက္ခတွေနဲ့ ကျန်ခဲ့ရမှာ။ အမေ့ကို သနားတာ ကြောင့် အဲဒီလူကြီးကို မသတ်ဖြစ်ခဲ့သလို အမေ စိတ်မကောင်းဖြစ်မှာ စိုးတာကြောင့် အဖြစ်မှန်ကိုလည်း ဖွင့်မပြောဖြစ်ခဲ့ဘူး။ အဲ့ဒါကြောင့် အလို တူဘဲ သူ့ရဲ့ စော်ကားမှုကို အကြိမ်ကြိမ် ခံခဲ့ရတယ်။

အလုပ်တွေ ပင်ပင်ပန်းပန်းလုပ်ရတဲ့ အမေဟာ အသက်အရွယ် ထောက်လာတော့ ကျန်းမာရေးချူချာလာတယ်။ အရင်ကတည်းက မပြေ လည်တဲ့ စီးပွားရေးဟာ ပိုပြီး ကြပ်တည်းလာခဲ့တယ်။

တစ်နေ့မှာ ပထွေးက အလုပ်လုပ်ဖို့ဆိုပြီး ဖူးကို မိန်းမကြီး တစ်ယောက်လက်ထဲ ထည့်လိုက်တယ်။ အဲဒီမိန်းမကြီးက ဖူးကို ရန်ကုန် ခေါ်လာတာ။ ဖူးလည်း ပထွေးနဲ့ဝေးရင် ပြီးရော။ အမေ့ကိုလည်း ငွေရှာ ပေးချင်တာကြောင့် ကျေကျေနပ်နပ် လိုက်လာခဲ့တယ်။ ဒါပေမယ့် ကိုရယ်



www.burmeseclassic.com

www.burmeseclassic.com



ဖူး ရန်ကုန်ရောက်မှ သိလိုက်ရတာ။

ပထွေးက ဖူးကို ငွေနဲ့ ရောင်းစားလိုက်တာတဲ့။

ဖူးထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားပေမယ့် မသွားတတ် မလာတတ်နဲ့မို့ သူတို့လက်က မလွတ်ခဲ့ဘူး။ သူတို့က သူတို့ခိုင်းသလို မလုပ်ရင်လည်း ဖူးကို နှိပ်စက်တယ်။ နောက်ဆုံးတော့ ဖူးလည်း မထူးဇာတ်ခင်းပြီး အမေ့အတွက် ဆေးဖိုးရအောင် သူတို့ခိုင်းသလို လုပ်ခဲ့တယ်။ သူတို့လက်က လွတ်မြောက်တော့လည်း လပြည့်ဆိုတဲ့နာမည်နဲ့ ငွေရလွယ်တဲ့ အဲဒီဘဝမှာပဲ ကျင်လည်ခဲ့တယ်။ အမေ့ကိုတော့ တစ်မျိုးလိမ်ထားရတာပေါ့။

ကိုပြောသလို လောကမှာ ကောင်းရောင်းကောင်းဝယ်အလုပ်တွေ အများကြီးရှိတယ်ဆိုပေမယ့် ငွေအရင်းအနှီးလည်းမရှိ၊ ပညာလည်း မတတ်တဲ့ ဖူးအတွက်တော့ လုပ်စရာအလုပ်က ရှားပါးလွန်းပါတယ်။ ဖူး ပင်ပင်ပန်းပန်း မလုပ်ချင်တဲ့ မိုက်ပြစ်တွေလည်း ပါတာပေါ့လေ။

ဖူးက ကျောင်းကောင်းကောင်း မနေခဲ့ရပါဘူး။ အဲ့ဒါကြောင့် ကိုရဲ့ စာမူစာရွက်တွေကို မီးရှို့ပစ်မိတုန်းက "မင်း စာမတတ်ဘူးလား၊ ပညာ မတတ်ဘူးလား"လို့ ကို အော်တော့ ဖူး အရမ်းဝမ်းနည်းမိတယ်။

ကိုနဲ့ စတွေ့တဲ့နေ့က ဖူးအမေဆုံးလို့ ရက်လည်ဆွမ်းသွတ်ပြီး ပြန်လာတဲ့နေ့ပါ။ ပထွေးနဲ့ မနေချင်လို့ အိမ်က ထွက်လာခဲ့ပေမယ့် ဘဝကို ဘယ်လိုရှေ့ဆက်ရမှန်း မသိတော့ဘူး။ အမေ့ဆေးဖိုးအတွက်ကြောင့်သာ ဒီအလုပ်ကို လုပ်ခဲ့တာမို့ အမေမရှိတဲ့နောက် ဆက်လုပ်ချင်စိတ် မရှိတော့ဘူး။ အဲ့ဒါကြောင့် ဖူးလည်း အမေ့နောက်ကိုပဲ လိုက်သွားမယ်ဆိုပြီး ရေကန်ထဲ ခုန်ချခဲ့တာ။

ကိုပြောတဲ့ 'စိတ်ထွက်ပေါက်'ဆိုတဲ့စကားဟာ ဖူးကို တွေဝေစေခဲ့တယ်။ ဒီဌေးနဲ့ တဏှာက တွန်းပို့လို့ မိမိကိုယ်မိမိ သေကြောင်းကြံမိရင် ကောင်းမလွဲ အပါယ်ငရဲကျလိမ့်မယ် ဆိုတဲ့စကားကလည်း နောက်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှုးကိုယ်ရှုး သတ်သေဖို့ တွန်းဆုတ်စေခဲ့တယ်။

ကို့စကားတွေကြောင့် ရှုးဟာ လူသစ်စိတ်သစ်နဲ့ ဘဝသစ်ကို မြန်စဖို့ ဆုံးဖြတ်လိုက်တာ။ ဒါပေမယ့် ညစ်နွမ်းပြီးသား ခန္ဓာကြီးကတော့ မြန်သစ် မလာတော့ပါဘူး ကိုရယ်။

ရှုး ဘယ်သွားသွား ဘယ်လာလာ အရင်က ပတ်သက်ဖူးသူတွေနဲ့ မြန်တွေ့မှာ အရမ်းကြောက်တာပဲ။ အဲ့ဒါကြောင့် ဘယ်နေရာရောက်ရောက် ဝတ်ဝန်းကျင်ကို အထိတ်ထိတ်တလန့်လန့် ကြည့်နေမိတာ။ အရင်က အရိပ်မည်းကြီးက ရှုးနောက်မှာ ကပ်ပါလာတယ်။ ရှုး ပုံစံပြောင်းထားပေ မယ့် ဂျပန်ကြီးတို့ လူစုလို ရှုးကို မှတ်မိတဲ့လူတွေနဲ့ မကြာမကြာတွေ့တယ်။ အဲဒီအခါတွေမှာဆို ပြဿနာဖြစ်တိုင်း မစင်ကြယ်တဲ့ ဘဝကို တွေးပြီး ရှုး ငိုမိတယ်။

တခြား မိန်းကလေးတွေကိုလည်း ရှုးလိုဖြစ်မှာစိုးတာကြောင့် အတတ်နိုင်ဆုံး ကာကွယ်ပေးခဲ့တယ်။ ပြီးတော့ ယောကျ်ားပေါင်းများစွာနဲ့ ဆက်ဆံခဲ့တဲ့ ရှုးကိုယ်ရှုး မသင်္ကာဘူး။ အေအိုင်ဒီအက်စ်ရောဂါများ ဖြစ် လေားဆိုပြီး ရင်တထိတ်ထိတ်နဲ့ တွေးကြောက်နေရတာ။ အဲ့ဒါကြောင့် ကို့ကို "လူတွေဟာ ကိုယ်သေမယ့်အချိန်ကို ကြိုသိရရင် ကောင်းမှာ"လို့ ပြောခဲ့ တာပေါ့။

ကိုရယ်...

ကိုနဲ့ ရှုးဘဝဟာ အစစအရာရာ ကွာခြားလွန်းပါတယ်။ ကို့ကို ရှုး အကြောင်းတွေဖွင့်ပြောလိုက်ရင် ကို ရှုးကို မုန်းသွားမှာ သေချာတာကြောင့် မပြောခဲ့တာ။ ကိုမုန်းတာကို ရှုး ခံနိုင်ရည်မရှိဘူး။ ကို့ကို ရှုး ဖုံးကွယ် ထားမိတာတွေ ရှိပေမယ့် ကို့ကို ရှုး ချစ်တာကတော့ လိမ်ညာမှုမပါတဲ့ အမှန်တရားစစ်စစ်ပါ။

ဒီဘဝမှာတော့ ရှုးကို လက်မခံမှာ သေချာတာမို့...။

နောင်ဘဝဆိုတာများရှိရင် ရှုးဟာ ဖြူစင်သန့်ရှင်းတဲ့ မိန်းမသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ပြီး ကို့ချစ်သူအဖြစ်နဲ့ ဖြစ်လေရာဘဝတိုင်းမှာ ပျော်ပျော်ရွှင်ရွှင် ငြိမ်းငြိမ်းချမ်းချမ်း ပေါင်းဖက်ခွင့်ရပါစေလို့ ဋူး ဆုတောင်းလိုက်ပါတယ်။

နှုတ်ဆက်ခဲ့တယ် ကိုရေ။ ခွင့်လွှတ်ပါလို့တော့ မတောင်းဆိုဝံ့လို့ မတောင်းဆိုတော့ပါဘူး။ တစ်ခုတော့ ပြောပါရစေ။

ကို့ကို ဋူး အရမ်းချစ်တယ်"

□

www.burmeseclassic.com

www.burmeseclassic.com

အသိစိတ်နယ်ပယ်မှာ ယူကျုံးမရခြင်း၊ နှမြောတသခြင်းတွေ အရှိန်အဟုန်ပြင်းပြင်း ဖိတ်အံ စီးဆင်းနေသည်။

ဇူးဇူးအသံလေး ပြတ်တောက်ကာ အဆွေးသီချင်းတစ်ပုဒ် ပေါ်ထွက်လာ၏။ MP-3 ခလုတ်ကိုနှိပ်၍ မင်းခ စက်ပိတ်ပစ်လိုက်သည်။ အလွမ်းအဆွေးတွေ ခေတ်စားလှချည်လားကွယ်...။

လောကခံ၏ ရိုက်ပုတ်ချက်မှာ အနာတရ နွမ်းကြေခဲ့သည့် ပန်းကလေးတစ်ပွင့်။

အသိပညာနည်းပါးမှုကြောင့် ပထွေး၏ အကြိမ်ကြိမ် စော်ကားဖျက်ဆီးမှုကို လည်စင်းခံခဲ့ရသည်။ စီးပွားရေးကြပ်တည်းမှုကြောင့် မိန်းမသားတစ်ယောက်၏ အမွန်မြတ်ဆုံးတန်ဖိုးကို ရောင်းစားခံခဲ့ရသည်။

ကိုယ်ဖို့သာကြည့်တဲ့လူတွေကြောင့် ဘဝနစ်မွန်းသွားတဲ့ မိန်းမသားတွေ ဘယ်လောက်များပြီလဲ။

ကိုယ့်အမေ ကိုယ့်နှမဆိုရင်ကော သူတို့ ဒီလိုလုပ်ကြမှာလား။ ကိုယ်ချင်းစာတရားလေးတော့ ထားရှိသင့်ပါသည်။

လူတွေရဲ့ ဖော်ဖြေမှုတွေထဲမှာ လူတွေကိုယ်တိုင် အသုံးချခံပြန်ဖြစ်နေတာကတော့ တော်တော်ကြေကွဲဖို့ ကောင်းတာပဲ...။

တစ်ချိန်က ဇူးဇူး ပြောခဲ့ဖူးသောစကားကို အမှတ်ရကြားယောင်မိပြန်သည်။ အခုအချိန်ကျမှ သူမ ဘယ်လို ခံစားချက်၊ ဘယ်လို နာကြည်း



www.burmeseclassic.com

www.burmeseclassic.com



ချက်မျိုးနှင့်ပြောမှန်း စာနာနားလည်နိုင်တော့၏။

ပူဆွေးစွတ်စိုမှုနှင့်အတူ သူ့အမြင်တွေ ဝေဝါးလာလေသည်။

ဘုရား ဘုရား... ငါ မျက်ရည်တွေ ကျနေပါလား...။

မျက်ရည်တွေကို လက်ဖဝါးနှင့် သုတ်ပစ်လိုက်သည်။ ပြီးနောက် ရဲ အရာရှိကိုကြည့်၍ သူ့နှုတ်မှစကားတွေ အထစ်ထစ် အငေါ့ငေါ့ ဖိတ်လျှံ ကျဆင်းလာလေသည်။

"သူ သူက... ကျွန်တော့်ချစ်သူပါ..."

အခုဆို သူမကို "ချစ်သူ"ဟူ၍ သူ့နှုတ်မှ ရဲရဲဝံ့ဝံ့ ပြောထွက်ပြီဖြစ်၏။

"စောစောက ဝန်ခံရမှာရှက်လို့၊ ကျွန်တော်မပြောတာပါ။ သူ့ကို ကြေးစားတစ်ယောက်မှန်း သိလိုက်ရချိန်မှာ ကျွန်တော် အရမ်း အထင်သေး ရွံရှာမိတယ်။ ဒါပေမယ့်... ဂျပန်ကြီးကို သတ်လိုက်တဲ့အကြောင်းရင်းနဲ့ သူ့ရဲ့ ဘဝဖြစ်စဉ်ကို သိလိုက်ရတော့..."

စကားမဆက်နိုင်ဘဲ မင်းခ မျက်ရည်တွေ စီးကျလာပြန်သည်။ ရင်ထဲမှ အစိုင်အခဲတွေ ကျေပျောက်တော့ (အသိစိတ်ဖြင့် ထိန်းချုပ်ခြင်းခံထားရ သော မသိစိတ်မှာ ကိန်းအောင်းဖြစ်တည်နေသည့်) ဝေဒနာတွေ လွတ်လပ်စွာ အရည်ပျော်ကြလေပြီ။

ရဲအရာရှိက မင်းခကို စာနာနားလည်ဟန်ဖြင့် ကြည့်ကာ-

"ဒီကောင်မလေးအဖြစ်က တော်တော်သနားဖို့ကောင်းပါတယ်။ သဲလွန်စ ရလို့ရှာဖွေ ဖွင့်နားထောင်ကြည့်ရင်း သိလိုက်ရတာ။ ငါလည်း မင်းလိုပဲ ပြည့်တန်ဆာဆိုရင် ရွံမိတယ်။ ဒါပေမယ့် အခုတော့ ဘဝအေး မကောင်းလို့ ဖြစ်ရတာပါလားဆိုပြီး ကရုဏာသက်မိတယ်ကွာ..."

ရှုရှု သေဆုံးတာ သူ့အပြစ်မကင်းသလို မင်းခ ခံစားနေရသည်။ ရှုရှုသည် သူမကိုယ်တိုင် ဖြေရှင်းပြောဆိုလျှင် သူ လက်ခံနားထောင်မည် မဟုတ်သဖြင့် MP-3 ထဲမှာ အသံသွင်းထားတာ ဖြစ်ရမည်။ နောက်မှ တစ်ယောက်ယောက်နှင့် တစ်ဆင့်ပေးခိုင်းမည်ဟု ရည်ရွယ်ထားပုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ကြောက်ရွံ့အားငယ်နေချိန်လည်းဖြစ်၍ ထို MP-3 လေးတို ကိုင်ဆောင်ပြီး မိုးသည်းထဲမှာ အားကိုးတကြီးနှင့် သူမ သူ့ထံ ပြေးလာပေလိမ့်မည်။ ထိုအချိန် သူမနောက်မှာ အန္တရာယ်တစ်ခု ထပ်ကြပ်မကွာ တစ်ပါလာနိုင်သည်။ လျှပ်စီးလက်တာ မိုးခြိမ်းတာကိုကြောက်သော တောင်မလေးတစ်ယောက်တည်း မိုးသည်းညသန်းခေါင်ယံမှာ စိုစို့ရွှဲရွှဲနဲ့ ဘယ်လောက်အောင် ဒုက္ခတွေ များနေလိုက်မလဲ...။

တိုက်ခန်းလှေကားတွေဆီ အလောတကြီး ပြေးဝင်လာသော သူမသည် သူ့အခန်းဝသို့ပင် မရောက်ဘဲ အသက်ပျောက်ခဲ့ရတာလည်း ဖြစ်နိုင်သည်။

သူမသာ သူ့အခန်းဝသို့ ရောက်ခဲ့မည်ဆိုလျှင်-

သူ့အမည်ကို တတွတ်တွတ် ရွတ်ခေါ်နေနိုင်သည်။ လူခေါ်ဘဲလ်ခလုတ်ကို အတွင်တွင်နှိပ်၍ (သို့မဟုတ်) အခန်းတံခါးကို တရစပ် ခေါက်တောင်းခေါက်ပေလိမ့်မည်။ ထိုသုံးမျိုးစလုံးကို မနားတမ်း တရစပ် တစ်ပြိုင်နက်တည်းလည်း အသည်းအသန် ပြုလုပ်နေနိုင်၏။ သူသာ အိပ်ဆေးတွေနှင့် အရက်တွေသောက်သုံးပြီး မူးမူးရူးရူးနှင့် အလွန်အကျွံ အိပ်ပျော်နေဘူးဆိုလျှင် သူမ အခုလို ဖြစ်ချင်မှ ဖြစ်လိမ့်မည်။

အခါလွန်နောင်တတွေနှင့် ရဲအရာရှိမျက်နှာကို စေ့စေ့ကြည့်တာ ချက်ရည်တွေနှင့် မင်းခ အံကြိတ်ပြောလိုက်ပါ၏။

"ဖူးဖူးကိစ္စ အမှုမှန်ပေါ်အောင် ကျွန်တော် အစွမ်းကုန် ကြိုးစားမယ်။ တစ်ယောက်ယောက်က လုပ်ကြံတာဆိုရင်လည်း အဲဒီကောင်ကို ဂုတ်ဆွဲပြီး ကျွန်တော် ခေါ်လာခဲ့မယ်"

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နူးညံ့သော သူ့နှလုံးသားသည် မာကြောဖို့ လိုအပ်လာခဲ့ပြီ။

သူမနှင့် သူ၏အဖြစ်သည် ကလီရှေးဟုခေါ်သည့် သမားရိုးကျ ဖော်စပ်နည်းနှင့် အများကြိုက်ဖြစ်အောင် ဖန်တီးထားသော ဇာတ်လမ်း တွေလို အဆုံးသတ်မှာ အပျော်နှင့်သာ ဇာတ်သိမ်းလိမ့်မည်ဟု မှတ်ထင် ခဲ့သော်လည်း လက်တွေ့မှာတော့မူ တက်တက်စင်အောင် လွဲ၏။

သူမ၏ ဈာပနအား သူ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးခဲ့၏။ သူမ သေဆုံးသွားခဲ့ပြီဖြစ်သော်လည်း သူ့ရင်မှာ အရာရာ လှုပ်ခတ်ကျန်နေဆဲ ဖြစ်လေသည်။ သူမကိစ္စ အမှုမှန်ပေါ်ပေါက် ရေးအတွက် သူ အပူတပြင်း လိုက်လံစုံစမ်းနေမိ၏။ ဒါဟာ ကျန်ရစ်သူ တစ်ယောက်အနေနှင့် အကောင်းဆုံးလုပ်ဆောင်မှုဟု ခံယူသတ်မှတ်ထား သောကြောင့် ဖြစ်ပါသည်။ (သူမနှင့်သူ၏ ပတ်သက်မှုသည် ဆုံးခန်းတိုင် ရပ်ဆိုင်းသွားပြီဟု ယူဆခဲ့သော်လည်း သူ့ဘဝနိဂုံးပိုင်းအထိ တမျှ တစ်ကောင်သဖွယ် သူမ စွမ်းစွမ်းတမံ ပါဝင်ကပြခဲ့သည်)

အောင်ညြဘာဆိုသော ကုလားအဘိုးကြီးထံ သွားရောက်စုံစမ်းသော် လည်း ဘာမှ ပိုမထူးခြား။ ညွတ်ကွေးထားသော ညာတံတောင်ဆစ်ထိပ်မှာ

www.burmeseclassic.com



ဘယ်လက်ညှိုးနှင့် လက်မကို ဝိုင်း၍ကပ်ကာ (ဗီဒီယိုရိုက်စက် ကင်မရာ တဲ့သို့ပြုလုပ်၍) ဒါရိုက်တာတစ်ယောက်ပမာ ဟန်နှင့်မာန်နှင့် ရှင်းပြတာ တွေက ရဲအရာရှိထံမှ တစ်ဆင့် ကြားသိရသလောက်ပင်။

ဖူးဖူးနှင့် ပြဿနာဖြစ်သည့်ညက ဂျပန်ကြီးတို့သုံးယောက်။ ဂျပန်ကြီး သေဆုံးတော့ တစ်ယောက်ကပဲ စခန်းမှာ လာတိုင်ချက်ဖွင့်သည်။ ဒီတော့ ကျန်တစ်ယောက် ပျောက်နေ၏။ အဲသည်တစ်ယောက်က ဖူးဖူးနောက်မှာ တပ်ပါလာသည့် မိုးကာအင်္ကျီဝတ် ပုဂ္ဂိုလ်ပဲလား။

ရဲအရာရှိထံမှ စုံစမ်းတော့ စခန်းတွင် လာတိုင်ချက်ဖွင့်သူမှာ 'ထွန်းနု' ဟု သိရသည်။ လိပ်စာမေးပြီး အဲသည်ငနဲသားနှင့် သူ သွားတွေ့သည်။ လူချင်း တွေ့တွေ့ချင်း အိတ်ထဲမှ ကတ်တစ်ကတ်ကို မသိမသာ ထုတ်ပြ လိုက်၏။

ငနဲသား အကြီးအကျယ် မျက်နှာပျက်နေသည်။ သူပြော၍ သိရတာ ကျန်တစ်ယောက်မှာ 'ရဲလှိုင်ဘွား'ဟု မှတ်ပုံတင်အမည်စာရင်း ပေါက်သည်။

"အဲဒီညက ဂျပန်ကြီး ကတ်ကြေးနဲ့ အထိုးခံရပြီး သေမှန်းသိတာနဲ့ ကိုကောင်မနောက်ကို သူ ပြေးလိုက်သွားတာပဲ။ ရဲလှိုင်ဘွားနဲ့ ဂျပန်ကြီးက အင်မယားလို နေတဲ့ကောင်တွေ။ အခုထိလည်း သူနဲ့ အဆက်အသွယ် မရဘူး"

"အဲဒီကောင် ဘယ်မှာနေလဲ"

"အတည်တကျ မရှိဘူးဆရာ။ အိမ်ပေါ်က နှင်ချခံထားရလို့ ဘော်ဒါ တွေဆီ လှည့်ပတ်နေတာ"

"အဲဒီကောင်ကို ဘယ်မှာရှာရင် ရနိုင်မလဲ"

"သူ ပုံမှန်ကြက်စားတတ်တာက..."

ကလပ်တစ်ခု၏ အမည်ပြောပြသည်။ အိမ်လိပ်စာပါ မေး၍ မှတ်ပြီး စခန်းမှ ထွက်လာခဲ့၏။ ငနဲသား ထွန်းနုတော့ တော်တော်ကြောက်သွားလို့ နေပုံပါပဲ။ သူ တစ်ဝက်တစ်ပျက် ထုတ်ပြလိုက်တာ ယာဉ်မောင်းလိုင်စင်



www.burmeseclassic.com

www.burmeseclassic.com



တတ်ဆိုတာတော့ ငနဲသား သိပုံမရ။

ရဲလှိုင်ဘွားဧ၏အိမ်ကို သွားစုံစမ်းတော့ အိမ်ပြန်မလာတာ ကြာပြီ ဖြစ်ကြောင်း ကောင်မလေးတစ်ယောက်က ပြောသည်။ ရဲလှိုင်ဘွားဧ၏ ညီမ ဖြစ်ပုံရ၏။ တော်တော်လှတာတော့ သတိပြုမိသည်။

ငြိမ်းချမ်းလိုသော သူ အခုဆို ပူလောင်နေရပေပြီ။

ညဘက်ဆို မင်းခသည် လူသေကို စောင့်မျှော်သော လင်းတငှက် တဲ့သို့ ဇွဲမာန်ကြီးကြီးနှင့် ရဲလှိုင်ဘွားရောက်အလာကို ကလပ်ရှေ့ မှောင်ရိပ် ထဲမှ စိတ်ရှည်စွာ စောင့်မျှော်နေမိ၏။ အမဲလာရှာသူအမှတ်နှင့် သူ့ကို ပစ္စည်းပြ ဈေးဆွယ်သူတွေနှင့်လည်း တွေ့ရ၏။ ကလပ်ဖြုတ်သိမ်းချိန်တွေ အထိ သူ ရှိနေတတ်ပေမယ့် ရဲလှိုင်ဘွားကိုတော့ မတွေ့မြင်ရချေ။

ဒီညတော့ ကလပ်အတွင်း သူဝင်လာခဲ့၏။ လုံခြုံရေးအစောင့်တွေ သူ့ခန္ဓာကိုယ်အနှံ့ စစ်ဆေးကြသည်။ ပြီးမှ သွားခွင့်ပြု၏။ မင်းခ ပြုံးလိုက် ပါသည်။ သူ ဝတ်ဆင်ထားသော အနက်ရောင်သားရေဂျာကင်အကျီဆိမ္မ တစ်စုံတစ်ရာကြောင့် ဖြစ်လေသည်။

ဒစ်စကိုစလိုက်မီးရောင်စုံတွေကြားမှာ လူအများ အပြတ်ပျော်တာ တသောက်ကနင်း ကကြိုးဆင်နေသည်။ ဒီဂျေမှ ပေါ်ထွက်နေသော အနောက်တိုင်းမြူးဇစ် အစား မြန်မာသံ အဆိုကျော် ဟသ်ာတထွန်းရင်၏ 'မယားအတွက် စိန်နားကပ်၊ အမေ့အတွက် ပဲကြီးလှော်'ဆိုသော သီချင်း အား သူ လဲလှယ်ဖွင့်ပြချင်နေမိ၏။ အဲသည်လိုဆိုပါက အကြောဆွဲသလို မာတ်လိုက်ခံနေရသလို ရှုပိုးထိုးဖြစ်ပျက်နေသူတွေထဲမှ အချို့တစ်ဝက် သံဝေဂရကောင်း ရသွားကြလိမ့်မည်ထင်သည်။

"ဟင်..."

အသားစိုင် အများအပြား ပေါ်ထွက်စေသည့်ပိတ်စအား ကိုယ်မှာ ကပ်ထားသော ကောင်မလေးတစ်ယောက်နှင့် ထုပ်စီးတိုးနေသလို ဖြစ်မှာ ချင်းဆိုင် ဘယ်တိမ်းညာယိမ်းလိုက်၊ နှစ်ပေါင်းများစွာ ကွဲခွာနေသော



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှင့် အခုမှ ပြန်ဆုံတွေ့သလိုမျိုး အားပါးတရ ပြေးဖက်လိုက်၊ ရန်သူနပမ်းသမားနှစ်ယောက် ကြိုးဝိုင်းအပြင်မှာ ချိန်းချသလို စည်းကမ်းမဲ့ လုံးထွေးကိုက်ဖဲ့လိုက်နှင့် ဖျတ်ဖျတ်လူး အားကြိုးမာန်တက် ဆောင်ရွက်နေသော လူငယ်မှာ ရဲလှိုင်ဘွားနှင့်တူ၏။

ဖြူနီပြာဝါ အလင်းရောင်စုံတွေကြားမှာမို့ မြင်ကွင်းက မပြတ်သား၊ လှုပ်ရှားယိမ်းထိုးနေသော လူတွေကြားမှ မသိမသာ ရွေ့တိုးလိုက်သည်။ တစ်ခါသာ မြင်ဖူးတာမို့ မှတ်ဉာဏ်တွေကို စစ်ဆေးပြီး မင်းခ သေချာအောင် ကြည့်လိုက်၏။

ဟုတ်ပါသည်။ ရဲလှိုင်ဘွားမှ ရဲလှိုင်ဘွားအစစ်။

အသာနောက်ဆုတ်၍ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်လိုက်သည်။ ပြိုင်ပွဲတစ်ခုမှာ အနိုင်ရဖို့ဆိုတာ ကိုယ်ပိုင်စွမ်းရည်နှင့် သက်ဆိုင်သလို ဗျူဟာကလည်း အရေးကြီးသည်။ လူဆိုတာ ကိုယ့်အားသာချက်ကို သိဖို့လိုအပ်သလို ကိုယ့်အားနည်းချက်ကိုသိဖို့လည်း လိုအပ်သည်။ အလော တကြီးပြုမှုကြောင့် အဆုံးအရှုံးတွေ ကြုံတတ်ကြောင်း ဘဝသင်ခန်းစာများ အရ သူ သိရှိပြီးဖြစ်၏။ အခွင့်အရေးရပါလျက် ထိရောက်စွာ အသုံးမချ တတ်လျှင်လည်း အကျိုးမဲ့ နစ်နာတတ်ကြောင်း သူ ကြုံဖူးပေါင်းများပြီ။ ကိုယ့်ကိုကိုယ် သတိရှိဖို့ အသိပေးလိုက်သည်။

နန့်ရတာများတော့ မောသွားပုံရသော ရဲလှိုင်ဘွားက ကပွဲစည်းဝိုင်း ထဲမှထွက်ပြီး ထောင့်ကျကျဝိုင်းတစ်ဝိုင်းမှာ တစ်ယောက်တည်း အဖျော် ယမကာ သောက်နေလေသည်။ ခဏကြာသည်အထိ တခြားဘယ်သူမှ ထပ်ရောက်မလာ။ အနီးဝိုင်းတွေမှာလည်း လူရှင်းသဖြင့် ရဲလှိုင်ဘွား အနောက်သို့ မင်းခ မှောင်ရိပ်ခို ကပ်သွားလိုက်သည်။

"ဟိတ်ကောင်"

"ဟာ... ခင်ဗျား"

ရဲလှိုင်ဘွား သွက်သည်။ သူ့ကိုတွေ့တာနဲ့ ရိပ်ခနဲလှုပ်ရှားဖို့ ပြင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းခလက်က ဆတ်ခနဲ လှုပ်ရှားပြီးသား။ သူ့ဂျာကင်အင်္ကျီဆီမှ တစ်စုံတစ်ရာက မှန်သားခင်းထားသော စားပွဲခုံပေါ်တွင် ရှိနေသည့် ရဲလှိုင်ဘွား လက်ခုံတည့်တည့်ဆီသို့။

"အား..."

ဆူညံပွက်လောရိုက်နေသော ဒီဂျေတွန်သံကြောင့် ထောင့်ကျတ ဝိုင်းတစ်ဝိုင်းမှ ညည်းတွားသံကို မည်သူမှ ဂရုမပြုမိကြချေ။

"ငြိမ်ငြိမ်နေလိုက်တော့ ရဲလှိုင်ဘွား။ မနှစ်က အာဆီယံတိုက်ကွမ်းခို ပြိုင်ပွဲမှာ ဘယ်သူ ရွှေတံဆိပ်ဆုရခဲ့တယ်ဆိုတာ မင်း သိလား"

ရဲလှိုင်ဘွားက သူ့လက်ခုံမှာ စိုက်ဝင်နေသော လက်နက်ကို အံ့ဩ သလို အထိတ်ထိတ် အလန့်လန့်ကြည့်ရင်း-

"မ... မသိပါဘူး"

မင်းခ အေးစက်စွာ ပြုံးလိုက်သည်။

"ဒီလောက်ဆို မင်း သဘောပေါက်မှာပါ"

ကျန်လက်တစ်ဖက်ဖြင့် ဂျာကင်အင်္ကျီအိတ်ထဲမှ ယာဉ်မောင်းလိုင်စင် ကတ်ကို နှိုက်၍ တစ်စွန်းတစ်စ ထုတ်ပြလိုက်သည်။ ရဲလှိုင်ဘွားက မျက်နှာ ကို ရှုံ့မဲ့ညည်းတွားရင်း သေချာပင် မကြည့်တော့ဘဲ-

"ထွန်းနုပြောလို့ ဆရာ ဘာကောင်လဲဆိုတာ ကျွန်တော် သိပြီးပါပြီ ပြဿနာဖြစ်တဲ့ညက ဆရာ့ကို အရာရှိတစ်ယောက်မှန်းမသိလို့ မရိုမသေ ဆက်ဆံမိတာ ခွင့်လွှတ်ပါဆရာ"

ယာဉ်မောင်းလိုင်စင်ကတ်ကို မင်းခ အင်္ကျီအိတ်ထဲ ပြန်ထည့်လိုက် သည်။ အလင်းအားနည်းလွန်းသော ကလပ်၏ရှိုးရာကို ကျေးဇူးတင် သွား၏။

မျက်နှာထားတင်းတင်းနှင့် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲ ကြည့် လိုက်ပြီး-

"အခု ဒီမှာရှိနေတဲ့ လူအများစုဟာ ဘယ်ကရောက်လာကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့လူတွေလဲဆိုတာတော့ ငါ အထွေအထူး မပြောချင်တော့ဘူး"

"ဟုတ် ဟုတ်ကဲ့ပါဆရာ။ ဆရာမပြောလည်း ကျွန်တော် သဘော ပေါက်နေပါပြီ"

"အေး အဲ့လိုပဲဖြစ်နေရမယ်။ အဲ့ဒါဆို ဝန်ခံလိုက်တော့"

"ဘာ ဘာကိုဝန်ခံရမှာလဲ ဆရာ"

ရဲလှိုင်ဘွားနရင်းကို ဖျောင်းခနဲ ဖျောင်းခနဲ အားရှိပါးရှိ နှစ်ချက် ဆင့်ရိုက်လိုက်ပြီးမှ-

"ဖူးဖူးကို မင်းသတ်တာကို ပြောနေတာကွ။ ရှင်းပလား ရှင်းပလား"

"ဗျာ..."

ရဲလှိုင်ဘွား မျက်လုံးလေး ပြာကလွတ် ပြာကလွတ် ဖြစ်နေသည်။ တော်သား သိပ်လန့်နေပုံရ၏။

"မျက်မြင်သက်သေတွေရဲ့ ထွက်ဆိုချက်တွေ အခိုင်အမာ ရှိတယ်။ ငြင်းဖို့ မကြိုးစားပါနဲ့တော့။ မိုးကာအင်္ကျီဝတ် ခေါင်းစွပ်စွပ်ပြီး ဖူးဖူးကို ချချင်းပြီးသေအောင် လုပ်ကြံတာ မင်းဆိုတာ သိပြီးပြီ"

"ဆရာ ဘာ... ဘာတွေပြောနေတာလဲဟင်"

"ဖူးဖူးဆိုလို့ မင်း မသိဘူးထင်တယ်။ မင်းတို့အခေါ် လပြည့်ပေါ် ဗွာ။ ဂျပန်ကြီးရှောသွားမှန်း သိတာနဲ့ သူ့နောက်ကို မင်း ပြေးလိုက်သွား တာလေ။ တိုက်ခန်းတစ်ခုထဲ ဝင်အသွားမှာ ပြန်တွေ့ပြီး မိုးတလည်း ဆဲကြီးမဲကြီးရွာနေတာကြောင့် အပိုင်ပဲဆိုပြီး သူငယ်ချင်းအတွက် မင်း လက်စား ပြန်ချေလိုက်တာ ငါမသိဘူး မှတ်နေလား"

"မ... မဟုတ်သေးဘူး ဆရာ"

"ဘာမဟုတ်တာလဲ ရှုတ်ရှုတ်သဲသဲတော့ မလုပ်နဲ့နော်။ မနှစ်က အာဆီယံတိုက်ကွမ်ဒိုပြိုင်ပွဲမှာ ဘယ်သူ ရွှေတံဆိပ်ရခဲ့တယ်ဆိုတာရယ်၊ မိုးအင်္ကျီအိတ်ထဲက ဓာတ်ရယ်၊ ဒီပတ်ဝန်းကျင်မှာ ရှိနေတဲ့လူတွေရယ်၊ အားလုံးပေါင်းစပ်ပြီး တွေးကြည့်လိုက်ရင် မင်း အခြေအနေ မင်းနားလည်



www.burmeseclassic.com

www.burmeseclassic.com



သင့်ပြီ"

ပဲ့စပ်ကနေ ဖြိမ်းခြောက်သလို လက်တွေ့သတိပေးသည့်အနေနှင့် ရဲလှိုင်ဘွား လက်ခုံမှာ စိုက်ဝင်နေသော လက်နက်ကို ပိုအားစိုက်ဖိချလိုက်ရာ ငတိသား ထွန့်ထွန့်လူးသွား၏။

"မ... မလုပ်ပါနဲ့ ဆရာ... လပြည့်ကို ကျွန်တော် မသတ်ပါဘူး။ အဲဒီညက ရုတ်တရက်သွေးဆူပြီး သူ့ကို လိုက်ရှာပေမယ့် မတွေ့တာကြောင့် နီးရာသူငယ်ချင်းအိမ်မှာပဲ ကျွန်တော် ဝင်အိပ်နေလိုက်တာ။ ဆရာ မယုံရင် အဲဒီသူငယ်ချင်းအိမ်ကို သွားစုံစမ်းလို့ရပါတယ်။ လပြည့် ဆုံးတာတောင် ထွန်းနုပြောမှ ကျွန်တော် သိရတာ"

"အဲဒီကောင်နဲ့ မင်းက အဆက်အသွယ် ရှိတယ်ပေါ့လေ"

"ဒီညမှ သူ့ဆီ ကျွန်တော် ဖုန်းဆက်လို့ ကွန်တက်ရတာ"

"ဒါဆို ငါ့ကိုမြင်တော့ မင်း လှုပ်ရှားဖို့ပြင်တာ ဘာ့ကြောင့်လဲ"

"အဲ့ဒါက ဟိုညက ဆရာ့ကို ရှိုင်းရှိုင်းစိုင်းစိုင်းပြောထားလို့ ကျွန်တော့်ကို သမတော့မယ် ထင်လို့ပါ"

"ဒီကလပ်ရှေ့မှာ မင်းကိုငါ ညဘက်တွေ စောင့်ကြည့်နေတာကြာပြီ။ ဒီညလည်း အစောကြီးထဲက ငါရောက်နေတာ။ မင်းအထဲဝင်သွားတာကို တော့ မမြင်လိုက်ရပါလား"

"ဂျပန်ကြီးဆုံးတာနဲ့ပတ်သက်ပြီး သူ့အိမ်က ကျွန်တော့်ကို ကွိုင်ရှာမှာ စိုးတာကြောင့် ဒီရက်ပိုင်း ကျွန်တော် အပြင်မထွက်ဘူး။ ဒီကလပ်မှာပဲ နေ့ရောညပါ အောင်းနေတာ။ ဒီကလပ်ပိုင်ရှင် ကျော်ကြီးက ကျွန်တော့် ဘော်ဒါလေ"

ဟင်... လက်စသတ်တော့ ငါက သူတို့ပိုင်နက်ထဲ ရောက်နေတာပါ လား...။

မင်းခ အကြောအချဉ်တွေ တောင့်တင်းသွားသည်။ သို့သော် 'ထန် ကိုယ်ဖို့'ဆိုသည့်စကားအတိုင်း ဟန်သာ ကိုယ်ဖို့ရှိတာမို့ တင်းသားသော

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြောကို တစ်ချက်မှ လျှော့မပစ်ဘဲ-

"မင်း လူမသတ်တာ သေချာတယ်နော်"

"သေချာပါတယ်ဆရာရယ်။ လူသတ်ဖို့နေနေသာသာ ဝက်ပေါ်ရင် တောင် ကျွန်တော် မကြည့်ရဲပါဘူး။ ဘုရားပေးပေး ကျမ်းပေးပေးပါ။ လပြည့်ကို တကယ် မသတ်ပါဘူး"

ရှိုးမတတ် တောင်းပန်ပြောဆိုနေသော ရဲလှိုင်ဘွားကိုကြည့်တာ ဒီ တစ်ခါ သူ ဖောတာရောင်တာ များသွားပြီဖြစ်ကြောင်း မင်းခ သိလိုက် သည်။ဒါကြောင့် ရဲလှိုင်ဘွားလက်ခုံမှာ စိုက်ဝင်နေသော လက်နက်ကို ပြန်ဆွဲနုတ်လိုက်ပြီး-

"မသေချာသေးလို့ အခုလောလောဆယ် မင်းကိုငါ လွတ်ငြိမ်းချမ်းသာ ခွင့် ပေးထားလိုက်မယ်"

"ကျေး ကျေးဇူးတင်ပါတယ် ဆရာရယ်"

"မသက်ာတာနဲ့ ချက်ချင်းပြန်လာစစ်မှာနော်။ မင်းကို တွေ့ဖို့ဆိုတာ ငါ့အတွက် အပ်ပုံထဲက ကောက်ရိုးရှာရသလိုပဲ သိပ်လွယ်ကူတယ်"

နောက်ဆုံးအကြိမ် ဖောရောင်ပြီးတာနှင့် ထိုနေရာမှ မင်းခ အသွက်လက် ဆုံး သုတ်ခြေတင်လာခဲ့တော့၏။ ကလပ်မှထွက်ခါနီးမှာ ညဥ့်ငှက်တေလေ လေးတွေ သူ့အား ညှုတုတု လာလုပ်နေသေးသည်။ အရေးထဲ သူတို့တ မှောင့်။ ယာဉ်မောင်းလိုင်စင်ကတ်ကို ဇွဲ့ရမ်းပြပြီး ဟောက်လိုက်မှ တီတီ အမူအယာတွေ ပျောက်ပြီး နောက်ဆုတ်သွားကြလေသည်။

ရှုရှုကို သတိရမိပြန်၏။ သူမသည် ပိုးဖလံမျိုးမို့ မီးကို တိုးသူ ဘူတ်။ ဘဝပေးအရ မီးပုံထဲမှာသာ ကခုန်ခွင့်ရခဲ့သူ ဖြစ်လေသည်။

တစ်ခါက သူ စာရေးဖို့ ဈာန်သွင်းနေချိန်မှာ သူမ ရောက်လာသည်။ ဘူးတောစဉ်းစားရင်း လက်ချောင်းတွေကြားမှာ ဘော့လ်ပင်လေးကို ကြာလို လှည့်ပတ်ဆော့ကစားနေသောသူ့ကို သူမကြည့်ကာ-

"ရှုကိုလည်း အဲ့လို လှည့်တတ်အောင် သင်ပေး"



www.burmeseclassic.com

www.burmeseclassic.com



သူမ တတ်မြောက်အောင် ရက်အတော်ကြာ သူ သင်ပေးခဲ့ရ၏။ သူမ လက်ချောင်းကလေးတွေနှင့် အကြိမ်ကြိမ်အဖန်ဖန် ထိတွေ့ခဲ့ဖူးသည့် အနက်ရောင် ဘောလ်ပင်လေးက အခုတော့ လက်နက်တစ်ခုပမာ ဖြစ်ခဲ့ရ လေပြီ။

ဟုတ်ပါသည်။ ရဲလှိုင်ဘွားလက်ခုံကို သူ ထိုးစိုက်ခဲ့သောလက်နက်မှာ အနက်ရောင်ဘောလ်ပင်လေးတစ်ချောင်းသာ ဖြစ်ပါ၏။

ဦးချိုရှိသူတွေက ဦးချိုကို အားကိုးတယ်။ အစွယ်ရှိသူတွေက အစွယ်ကို အားကိုးတယ်။ အဲဒီလိုပဲပေါ့...။ စာရေးဆရာတစ်ယောက်ဟာ လိုအပ် တဲ့အခါမှာ တန်ဖိုးပွတ္တိဉာဏ် အသုံးပြုပြီး ကလောင်တံကို လက်နက်အဖြစ် အသုံးချတာ တရားတယ်မလား...။

ဖြေလှည့်ပါဦး။

အိုဘယ့်... မီးလျှံ ကချေသည်...။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ကျေးလက်တောရွာလေးတစ်ရွာသို့ မင်းခ ထွက်လာခဲ့၏။

လွင့်မျောနေသော စီးကရက်မီးခိုးငွေ့တွေကိုကြည့်ကာ သူ့ကိုယ်သူ တောလေဆန်နေပြီဟုလည်း မှတ်ထင်ခံစားနေရသည်။ စမိမှတော့ ခရီးကို အဆုံးထိရောက်အောင် သွားရပေတော့မည်။ သူ့လုပ်ရပ်သူ မှန်သည်ဟု ထင်မိသောကြောင့်လည်း ဖြစ်၏။

ဝါအေးပြောသော စကားတွေကို ပြန်သုံးသပ်ကြည့်မိ၏။

"အဲဒီနေ့ နေ့လယ်ပိုင်းက ဖူးဖူးပထွေး အဆောင်ရောက်လာတယ်။ ဖူးဖူးကို ရွာပြန်လိုက်ခဲ့ဖို့ အတင်းပြန်လာခေါ်တာ။ ဖူးဖူးက မလိုက်ဘူး။ အဆောင်ရှေ့မှာ သူတို့နှစ်ယောက် စကားများပြီးတော့ ဖူးဖူးရဲ့ ပထွေး ဒေါနဲ့မောနဲ့ ပြန်ထွက်သွားတယ်။ အဲဒီညက ဝါအေး အဆောင်ပြန်ရောက်မှ အဆောင်ကလူတွေ ပြောလို့သိရတာ။ ဖူးဖူးရဲ့ ပထွေး အရက်တွေမူးပြီး ညဘက်ကြီး အဆောင်ထပ်ရောက်လာသေးတယ်တဲ့...။ ဖူးဖူးကို မေးတော့ ဖူးဖူးက မရှိဘူးလေ။ ဝါအေးကို ကြိုဖို့ထွက်သွားပြီ။ အဲ့ဒါကြောင့် အဆောင်ကလူတွေက ဝါအေးသိချင်းဆိုတဲ့ ဆိုင်လိပ်စာ အဲဒီလူကိုပေး လိုက်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီလူကို ဝါအေး သေချာမြင်ဖူးလား”

“မြင်ဖူးတယ်။ အသားညိုညို အရပ်ပုပြတ်ပြတ် ဆံပင်က လိမ်ကောက်ကောက်နဲ့။ နာမည်က တင့်နိုင်ဝင်းတဲ့။ ဖူးဖူး အမေဆုံးတုန်းတလည်း သူပဲ လာပြောတာ။ ဖူးဖူးနဲ့အတူ အသုဘကိုတောင် ဝါအေး လိုက်သွားသေးတယ်”

“သူတို့ နေတာက...”

ဝါအေးထံမှ သိလိုသော အချက်အလက်တွေ မေးမြန်းပြီး သူ ထွက်လာခဲ့ခြင်း ဖြစ်၏။

ဆေးရုံစစ်ချက်အရ ဦးခေါင်းခွံ ကွဲအက်ပြီး ဖူးဖူး သေဆုံးကြောင်း သိရသည်။ လှေကားထစ်တွေပေါ်မှ လိမ့်ကျ၍ ရသည်ဟု ယူဆကြသည့် ဒဏ်ရာဒဏ်ချက်တွေမှအပ အခြားထိခိုက်မှုမျိုး မတွေ့ရှိသဖြင့် ‘မတော်တဆ လူသေမှု’ဟုသာ သတ်မှတ်ကာ အမှုကိုပင် ပိတ်လိုက်ကြပြီဖြစ်သည်။

ရဲဘက်မှ လက်လျှော့လိုက်ကြပြီဖြစ်သော်လည်း မင်းခကတော့ စိတ် မလျှော့ချင်သေး။ မည်သို့ပြုလုပ်ရမည်မှန်း မသိဖြစ်နေချိန်မှာပဲ ဝါအေးထံမှ ကြားရသောသတင်းက သူ့အာရုံတွေကို အလင်းပွင့်သွားစေခဲ့၏။ (မသေချာ မရေရာစွာ ထွက်လာခဲ့ခြင်းဖြစ်သော်လည်း ပြဿနာအားလုံး၏ အရှုပ်အထွေးသည် ဤခရီးစဉ်ကြောင့် အကျည်းတန်စွာ အဆုံးသတ်မည် ဆိုတာ ကြိုသိပါလျှင် သူ ဤမျှလောက် တက်ကြွချင်မှ တက်ကြွပေလိမ့် မည်။)

ကားတစ်လှည့်၊ ဆိုင်ကယ်ကယ်ရီတစ်လှည့်နှင့်ပင် သူသွားချင်သော ခရီးဆုံးကို ရောက်ရှိခဲ့ပြီဖြစ်၏။ မိုးဦးကာလဖြစ်သဖြင့် လယ်ကွင်းပြင်မှာ စိမ်းလန်းစိုနေသော ပျိုးပင်ပျိုတို့ကို တွေ့မြင်ရ၏။ ကျေးလက်လေ့သည် ရိုးသားအေးဆေးသော အငွေ့အသက်တို့နှင့် လတ်ဆတ်သောလေပြည်မှာ မြေသင်းရနံ့ ကြိုင်လှိုင်နေသည်။

မိုးဦးကာလ၏ ကျေးလက်အလှက မက်လောက်စရာ သတ်ရှိ ပန်းချီ

www.burmeseclassic.com



ကားတစ်ချပ်ပါပဲ။ နွံ့ဗွက်တွေတော့ ရှိတာပေါ့လေ။ ရေနဲ့ကြာ လနဲ့ညပမာ ဒါလည်း အတွဲအစပ် တစ်မျိုးသာ။ ထိုရွှံ့နွံတွေကို ရှုတ်ချပစ်ပယ်ချင်လို့ မရ။ သူတို့ရှိလို့သာ အသက်ရှင်ရပ်တည်နေထိုင်ရေးအတွက် အရေးကြီးသည့် ဆန်ရေစပါးနှင့် ကောက်ပဲသီးနှံတွေ ဖြစ်ထွန်းနေကြတာ မဟုတ်လား။

"ဦးတင့်နိုင်ဝင်းအိမ်က ဘယ်နားမလဲဗျ"

တာရိုးပေါ်မှာတွေ့သော ပုဆိုးစလွယ်သိုင်းနှင့် ပေါက်တူးကိုင်ထားသူတစ်ယောက်အား မေးလိုက်သည်။ ထိုလူက ဇဝေဇဝါနှင့်-

"ဘယ်က တင့်နိုင်ဝင်းလဲဗျ"

"ဟိုရှေးခေါ် ပူစူးမရဲ့အမေ မကြာခင်လပိုင်းလောက်ကမှ ဆုံးသွားတဲ့ ဒေါ်သန်းစိန် ခေါ် ဒေါ်ညွှပ်စိရဲ့ ယောက်ျားလေ"

ထိုလူက ဘုတ်သိုက်နှင့်တူသော ခေါင်းကို တဗျင်းဗျင်းကုတ်ပြီး-

"ကျုပ် မသိဘူးဗျ။ အောင်ဘုရေ ဟေး အောင်ဘု လာစမ်းပါဦးဟ"

မလှမ်းမကမ်းမှာ မြက်ထမ်းခြင်း ဘေးချပြီး တံဇဉ်တစ်လက်နှင့် မြက်ရိတ်နေသူ အနားရောက်လာ၏။ ပေါက်တူးကိုင်ထားသူက အကျိုးအကြောင်း ရှင်းပြလိုက်တော့-

"ဒေါ်ညွှပ်စိမှာက လင်နှစ်ယောက်ရှိတာလေကွာ ချက်စူရ။ ပထမလင်က မင်းအမေ ဒေါ်စာဥရဲ့သူငယ်ချင်း လက်သည်ဒေါ်တုတ်ရဲ့ မောင် ဦးတောက်ထိန်။ အဲဒီဦးတောက်ထိန် ပိုးထိပြီးဆုံးသွားတော့ နောက်လင်ထပ်ယူတာ"

"ဟာ... ဟုတ်တယ် ဟုတ်တယ် အဲဒီနောက်လင်ကို ပြောတာ"

မင်းခ ဝမ်းသာအားရ ထောက်ခံလိုက်မှ တံဇဉ်ကိုင်ထားသူက-

"ဟာ... အဲ့ဒါဆို ဘကြီးကို ပြောတာပေါ့"

"ဟင် ကျွန်တော်က ဦးတင့်နိုင်ဝင်းကို မေးတာလေ"

"ဟုတ်ပါတယ် တင့်နိုင်ဝင်းဆိုတာက နာမည်အရင်း၊ ဘကြီးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တ ရပ်ထဲရွာထဲက ခေါ်တာ။ အဲဒီလူက အကြွေးတွေယူပြီး ပြန်မဆပ်လို့ သူ့ကို ဘကြီးလို့ နာမည်ပေးထားကြတာ"

ဒီတော့မှ မင်းခ ဇာတ်ရည်လည်သွားပြီး-

"သူ့အိမ်က ဘယ်နားမလဲဗျ"

"သူနဲ့ တွေ့ချင်လို့လား"

"ဟုတ်ကဲ့"

တံဇဉ်ကိုင်ထားသူက ကောင်းကင်ကို မော့ကြည့်ပြီး-

"ဩော်... အချိန်တောင် အတော်လင့်နေပြီပဲ။ ဒီအချိန်ဆို အိမ်သွားလည်း အပိုပဲ ငါ့လူရ။ ဘကြီး ရွာထိပ်က အရက်ဆိုင်မှာ မိုးအေးအေးနဲ့ ဘောဖွင့်နေလောက်ပြီ။ အဲဒီသာ လိုက်သွားဗျာ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

"သတိတော့ ထားနော်။ ဘကြီးက မူးရင် သွေးဆိုးတယ်..."

နောက်တစ်ကြိမ် ကျေးဇူးတင်စကား ထပ်ပြောပြီး အောင်ဘုနှင့် ချက်စူကို နှုတ်ဆက်ကာ မင်းခ ထွက်လာခဲ့၏။ ရပ်ဓလေ့ ရွာဓလေ့၏ ချစ်စဖွယ် သဘာဝကိုလည်း စိတ်မှာ သိမ်းမှတ်လိုက်မိ၏။

နွားတစ်ရှဉ်းကို ထွန်တုံးတင်၍ လယ်ခွင်ဆင်းနေတာ မြင်ရသည်။

ရှင်က... ပါးစပ်ကသာ ကျမ်းဂန်တွေနဲ့ ကြီးကြီးကျယ်ကျယ်တွေ လေပေါနေတာနော်...၊ ရှင်နေတဲ့အခန်းကျတော့လည်း ရွာက နွား တင်းကုတ်တွေထက်တောင် ရှုပ်ပွနေပါလား...။

ဖူးဖူး စကားသံကို ပြန်လည်ကြားယောင်မိသလို လောကနီတိ ပကိဏ္ဏက ကဏ္ဍမှ စာနှစ်ပိုဒ်ကိုလည်း ပြေးမြင်မိ၏။

(ဂေါဏာ- နွားတို့သည်၊ သဗ္ဗဂိဟီနံ- ခပ်သိမ်းသောလူတို့အား၊ ဟိ ယသ္မာ- အကြင်ကြောင့်။ ပေါသကာ- မွေးကျွေးတတ်ကုန်၏။ ဘောဂ- ဒါယကာ၊ စည်းစိမ်ကို ပေးတတ်ကုန်၏၊ တသ္မာ ဟိ- တသ္မာ ဧဝ- ထို့ ကြောင့်သာလျှင်၊ မာတာပိတူဝ- အမိအဖတို့ကဲ့သို့၊ တေ- ထိုနွားတို့ကို



www.burmeseclassic.com

www.burmeseclassic.com



မာနယေ- မြတ်နိုးရာ၏။ သက္ကရေယျစ- အရိုအသေလည်း ပြုရာ၏။

ယေစ- အကြင်သူတို့လည်း၊ ဝေါမံသံ- နွားတို့၏ အသားကို၊ ခါဒန္တိ- စားကုန်၏။ တေ- ထိုသူတို့သည်၊ မာတု မံသံဝ- အမိ၏ အသားကို သာလျှင်၊ ခါဒရေ- စားသည်မည်ကုန်၏၊ တေသု- ထိုနွားတို့သည်၊ မတေသု- သေကုန်သည်ရှိသော်၊ ဂိဇ္ဈာနံ- လင်းတတို့အား၊ ဒဒေ- ပေးရာ၏၊ သောတေ စ- ရေအလျဉ်၌သော်လည်း၊ ဝါဟယေ- မျှောရာ၏။)

ရွာထိပ်ရောက်သောအခါ ယမကာဆိုင်ကို အဝေးမှပင် လှမ်းမြင်ရသည်။ ခွက်ပုန်းဆိုင်မျိုးဟုသာ သူ ထင်ခဲ့သော်လည်း လက်တွေ့မှာတော့မူ အတော်ခမ်းနားသော လိုင်စင်ရဆိုင်ကြီးဖြစ်၏။ အရက်အမျိုးမျိုး၊ ဘီယာအမျိုးမျိုး၊ အမြည်းအမျိုးမျိုးတို့၏အမည်ကို ဆိုင်ရှေ့ဆိုင်းဘုတ်မှာ ရေးသား ချိတ်ဆွဲ၍ ကြော်ငြာထားတာ တွေ့ရသည်။

ဪ... ကျေးလက်တောရွာတွေတောင် မြို့ပြနှင့်အပြိုင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်နေပြီပဲ။

ဒီရွာကလေးမှာ ငူငူ မွေးဖွားကြီးပြင်းလာခဲ့သည်ဆိုသောအသိတရင်ကို လောင်မြိုက်စေ၏။ ကြည်နူးသလိုလို ဝမ်းနည်းသလို လွမ်းမောသလိုလို ဆွတ်ပျံ့မှုတွေကို အစုံအလင် အပြည့်အသိပ် ခံစားလာရသည်။

"ဟော့ ဘေကြီးကို ဘာထင်နေလဲ။ အရပ်ပုပေမယ့် ဇမပုဘူးနော်။ ဗလက ဖုနေတာ အာဂလူကွ။ အကြွေးအကြောင်း လာမပြောနဲ့ လူကြားထဲ အော်မတောင်းနဲ့။ လာချယူ ငါ့အိမ်ကို"

ဪ... ဘာများလဲလို့...။ သွေးဆိုးတယ်ဆိုတာ ဒါ ထင်ပါရဲ့...။

"အခုဆို မိန်းမကလည်း သေပြီ။ သမီးကလည်း မြို့မှာ။ အိမ်ဝိုင်းတငါ့အပိုင်ပဲ။ ငါလုပ်ချင်သလိုလုပ်လို့ရတယ်"

"သမီးလို့ မပြောစမ်းပါနဲ့ ကိုဘေကြီးရယ်၊ အိမ်နောက်ဖေး ဈေးဆိုင်တည်ဆိုသလို ခင်ဗျားဆာရင် အချိန်မရွေး ခူးခပ်စားဖို့ အသင့်ပြင်ထားတဲ့ ထင်းစားလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဟင်းစားက အခု ဟင်းခါးဖြစ်နေပြီကွ။ ငါရွာပြန်ခေါ်တာကို မလိုက်ဘူးလေ။ အဲ့ဒါကြောင့် အဲ... အမြည်းလေးလုပ်စမ်းပါဦး"

မင်းခ ဆိုင်ထဲဝင်လာတာနဲ့ စကားကို ဟောင်ဖွာဟောင်ဖွာပြောနေသော (ဝါအေးပြောသလို)အရပ်ပုပြတ်ပြတ် ဆံပင်လိမ်ကောက်ကောက် အသားညိုညိုနှင့် မီးဖုတ်ခံထားရသော ခရမ်းချဉ်သီးပုပ်တစ်လုံးလို ကျက်သရေကင်းမဲ့သည့် လူတစ်ဦးအား တွေ့မြင်လိုက်ရသည်။

အဲသည်လောက် ရုပ်အဆင်းအင်္ဂါ နုံချာစုတ်ပြတ်သူလက်ထဲမှာ ဖူးဖူး ရေတိမ်နစ်ခဲ့ရတာပါလားဟု တွေးမိပြန်တော့ ရင်နာရသည်။ ပန်းကောင်း အညွန့်ချိုးသလို ဖူးဖူး၏ဘဝနှင့် အနာဂတ်ကြီးတစ်ခုလုံး ပွဲကြွေသွားအောင် ချေမွဖျက်ဆီးပစ်လိုက်တာ ဒီလူပဲဆိုသောအသိက မင်းခ သွေးကြောတွေကို ဖျဉ်းခနဲ တုန်ခါသွားစေ၏။

"ဟိတ်ကောင်... ဘကြီး မင်း ငါ့ဆီလာစမ်း"

မာထန်ထန်ခေါ်သံကြောင့် ဘကြီး လှည့်ကြည့်သည်။ မင်းခတို့ မြင်သောအခါ အံ့ဩသွားပြီး-

"ငါ့ကိုခေါ်တာလား"

"ဟုတ်တယ် မင်းကို ငါခေါ်နေတာ။ ဒီကိုလာစမ်း"

"အောင်မာ... ငါမွေးမှ ငါ့သားလောက်ရှိတဲ့ကောင်ကများ ရာရာစစ။ မင်း ရှိုင်းစိုင်းလှချည်လား"

"ငါက ရိုင်းစိုင်းရင် ရိုင်းစိုင်းလိမ့်မယ်။ ဒါပေမယ့် မယုတ်မာဘူးကွ။ ငါလေးစားရင် ကလေးသူငယ်တောင် ဂါရဝပြုဖို့ ဝန်မလေးပေမယ့် ငါ အထင်သေးပြီဟေ့ဆိုရင်တော့ သချိုင်းကုန်းကို ခြေတစ်ဖက်လှမ်းနေရင်တောင်မှ ခေါင်းငုံ့ဦးညွတ်မှာမဟုတ်ဘူး အဲဒါ ငါ့ဗီဇပဲ။ မင်းလို သူများ သမီးပျိုကို ဖျက်ဆီးပြီး လူမဆန်ဘဲ ရောင်းစားတဲ့ကောင်ကို ငါ ယဉ်ယဉ် ကျေးကျေးဆက်ဆံဖို့ ထုံးစံမရှိဘူး"

"ဟာ ဒီမလောက်လေး မလောက်စားကောင်တော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဘောကြီး ဒေါသတကြီး လက်သီးကိုဝင့်၍ ပြေးလာသည်။ မင်းခ သတိနှင့်ရပ်နေတာမို့ ရှေ့ခြေတစ်လှမ်းတိုးပြီး ဆီးကြိုကာ ခန္ဓာကိုယ်နဲ့ယိမ်း၍ ဘောကြီးမျက်နှာကို ညာလက်သီးနှင့် အားကုန် ထိုးချလိုက်၏။

ခွပ်ခနဲ။

သူ့လက်ပင် တော်တော်နာသွားတာမို့ ဘောကြီးမျက်နှာဆို ဆိုဖွယ်ရာမရှိ။ အမူးသမားတွေနှင့် ရန်ဖြစ်ရတာ ကိုယ့်ဘက်က တစ်ကွက်သာသည် မင်းခ မှတ်ထားလိုက်မိသည်။

ထိုစဉ်-

"ဟာ..."

ပက်ခနဲ နောက်လန်သွားသော ဘောကြီးက သူ့ခါးကြားမှ တစ်စုံတစ်ရာကို ဆွဲထုတ်သည်။ ဓားမြှောင်တစ်လက်။ ဓားအိမ်မှ ချွတ်ပြီးတာနဲ့ ဘောကြီးက သွက်လက်စွာ လူချင်းပူးကာ မင်းခကို အသေကပ်ထိုးသည်။

ရာဇဝင်ထဲမှ လူစွမ်းကောင်းမဟုတ်သလို ကိုယ်လုံးပညာလည်း ထောက်မြောက်သည့် မင်းခ၊ အနီးကပ်ထိုးချက်ကို မရှောင်နိုင်ပါ။

ဖွေးလက်သော ဓားသွားက ဂျာကင်အင်္ကျီကိုဖောက်၍ နှလုံးရှိရာ ဘယ်ဘက်ရင်အုံတည့်တည့်သို့ တိုးဝင်သွားသည်။ ကိုယ့်ကို ခွင့်လွှတ်တော့ ဖူးဖူးရေ...။ ကိုယ် တာဝန်မကျေနိုင်တော့ဘူး...။

ဒုတ်ခနဲမြည်သံနှင့် ဓားဦးချွန်က သူ့အသားမျှင်တွေကို ထိုးခွဲလို့ဖြတ်သွားသလို မင်းခ ခံစားလိုက်ရ၏။ ဆစ်ခနဲ နာကျင်မှုနှင့်အတူ အားခနဲအော်မြည်သံ ထွက်သွားသည်။

မျက်လုံးတွေ ပြာဝေကျိန်းစပ်နေ၏။

ငါ ငါ မသေသေးပါလား...။ မသေသေးတာလား...။ ဒါ... ဒါဆိုကိုလူကြီးကိုပါ ငါနဲ့အတူ သေရွာကို ခေါ်သွားရမယ်...။

စိတ်စွမ်းအင်မြင့်မားမှု။ ငြိမ်းသေခါနီး မီးစာ အစွမ်းကုန် တောက်လောင်ခြင်းမျိုးပေလား။ မင်းခ ရိပ်ခနဲ ရိပ်ခနဲ သွက်လက်စွာ ထွေးရှားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အနီးရှိ စားပွဲဝိုင်းပေါ်မှ လေးထောင့်ပုံ အရက်ပုလင်းက ဘေကြီး ဦးခေါင်းဆီသို့….။

ခွမ်းခနဲ ခွမ်းခနဲ။

ပုလင်းကွဲအက်ကျိုးကြေမှုနှင့် ဘေကြီးခေါင်းမှ သွေးတို့ ဖြာထွက်လာသည်။ ဒေးကြောင် ငြိမ်သက်နေသူတွေ လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

"ဟာ… ဘယ်ကကောင်လဲ။ ငါတို့ရွာမှာ တစ်ယောက်တည်း လူစွာလာလုပ်နေတယ်"

"ဝိုင်းဖွဲ့ကွာ"

ပုဆိုးတိုတိုတွေ ပြင်ဝတ်ကာ အုပ်စုလိုက် တက်လာသည်။ ပုလင်းကွဲထက်ပိုင်းပြတ်ကိုကိုင်လျက် မင်းခ တောင့်တောင့်ကြီး ရပ်နေ၏။

အသိပညာနည်းပါးမှုကြောင့် ဒီရွာကကောင်မလေးတစ်ယောက် ဘဝပျက်ခဲ့ရပြီးပြီ။ အခုလည်း ဆင်ခြင်မှုနည်းပါးစွာ ဒီရွာမှာပဲ လူတစ်ယောက်ကို အမဲလို ဝိုင်းဖျက်ကြဦးမည်။

ရွာ… အေးချမ်းမှုနှင့် ပူလောင်မှု။ ရိုးသားမှုနှင့် ရိုးအ,မှု။ တိုးတက်မှုနှင့် ဆုတ်ယုတ်မှု။ ဘယ်အရာမဆို အစွန်းနှစ်ဖက် ရှိနေပါ့လား…။

ငါ… ငြိမ်ခံရမှာလား…။ တုံ့ပြန်ရမှာလား…။

□



www.burmeseclassic.com

www.burmeseclassic.com

"မင်းခ… သူငယ်ချင်း…"

မထင်မှတ်သော လူနှစ်ယောက်ကို တွေ့မြင်လိုက်ရခြင်းဖြစ်သည်။ စာနည်အောင်နှင့် ကိုဝေမှူးကြီး။ မင်းခ အားတက်သွားသလို ခံစားရသည်။ စာနည်အောင်က ပုလင်းလွတ်တစ်လုံး ဆွဲယူပြီး မင်းခရှေ့မှာ ဝင်ရပ်သည်။ ထိုအပ်မှ သိရသည့် သူငယ်ချင်း၏ တန်ဖိုးဆိုတာ ဒါလား…။

"ခင်ဗျားတို့ အများနဲ့တစ်ယောက် မတရားမလုပ်နဲ့နော်"

"မင်းကောင်က ငါတို့ရွာသားကို လာစော်ကားတာကွ"

"ဘယ်လိုဖြစ်ကြတာလဲ၊ အေးအေးဆေးဆေး ရှင်းပါဗျာ"

ကိုဝေမှူးကြီးက သွေးအေးစွာ လူကြီးဆန်ဆန် ဝင်ရှင်းမှ တစ်ယောက်တစ်ပေါက်ပြောဆိုရင်း အခြေအနေက ငြိမ်သက်သွားသည်။ မင်းခ ပုလင်းနှင့်ရိုက်သလို ဘေကြီးကလည်း ဓားနှင့်ထိုးတာမို့ အငြိုးအမှတ်မထားဘဲ ဈေးအေးဖို့ ကိုဝေမှူးကြီးက တောင်းဆိုလိုက်သည်။ ပြီးတာနှင့် မင်းခကို ဆွဲခေါ်ကာ ဆိုင်ထဲမှ ထွက်လာခဲ့၏။

မင်းခကတော့ ဒေါမာန်ကြီးစွာ ရှန်းကန်နေဆဲ။

"ကျွန်တော် မလိုက်ဘူး။ ဒီလူကြီးနဲ့ အပြတ်စာရင်းရှင်းရမယ်။ ငှုရှု ကို သူသတ်တာ ဟုတ်,မဟုတ် တစ်ခါတည်း မေးရမယ်။ ကျွန်တော့်ရွာ ဘာတဲ့ ရည်ရွယ်ချက်က အဲ့ဒါ။ အဲ့ဒါကို မသိရဘဲ ကျွန်တော် မပြန်နိုင်ဘူး"

၁၆

www.burmeseclassic.com



"အဲဒီအတွက်ဆိုရင်တော့ မင်းပြန်သာလိုက်ခဲ့ပါ ညီလေး။ အဲဒီကိစ္စက အဖြေပေါ်နေပါပြီ"

ကိုဝေမှူးကြီးစကားကြောင့် မင်းခ ခဏတာ ရှောခ်ရသွားသည်။

"ကိုကြီး... ခင်ဗျားတကယ်ပြောနေတာလား။ အဲ့ဒါဆို ဖူးဖူးဆုံးတာ မတော်တဆလား။ လုပ်ကြံမှုလား။ လုပ်ကြံမှုဆိုရင် ဖူးဖူးကို သတ်တာ ဘယ်သူလဲ"

"ရန်ကုန်ရောက်မှ အေးအေးဆေးဆေး ရှင်းပြပါ့မယ်ကွာ။ အခုတော့ ငါတို့နဲ့ မင်းပြန်လိုက်ခဲ့ပါ။ မင်း ဒီရွာ ထွက်သွားတယ်ဆိုတာ ဝါအေးဆီက သိလို့ မဖြစ်သင့်တာတွေ မဖြစ်ရအောင်ဆိုပြီး ကားစီးလုံးငှားပြီး ငါတို့ လိုက်လာခဲ့တာ။ တော်သေးတာပေါ့ကွာ အချိန်မီတယ်ဆိုရုံလေးပဲ"

ရွာလမ်းပေါ်မှာ ရပ်ထားသော အငှားယာဉ်တစ်စင်းကို တွေ့မြင်ရသည်။ ဇာနည်အောင်နှင့် ကိုဝေမှူးကြီးက မင်းခကို ကားဆီ ဆွဲခေါ်လာခဲ့၏။ ကားထဲရောက်သောအခါ ဇာနည်အောင်က အပေါ်ထပ် ဂျာကင် အကျီချွတ်ပေးပြီး မင်းခ ဒဏ်ရာကို စစ်ဆေးသည်။

ရှုပ်ထိရုံလေး...။

မင်းခ နားမလည်နိုင် ဖြစ်သွားသည်။ ဆေးလိပ်သောက်နေသော ကိုဝေမှူးကြီးကိုကြည့်ကာ စိတ်လှုပ်ရှားမှုကြောင့် နီကိုဒင်းဓာတ် သုံးစွဲချင်လာသည်။ ဒီတော့မှ အခြေအနေမှန်ကို မင်းခ တွက်ဆသိရှိလိုက်တော့၏။ ဂျာကင်အကျီ၏ အပေါ်ပိုင်း ဘယ်ဘက်အိတ်ကပ်ထဲမှ စတီးလ်ရောင် ပြောင်လက်နေသော မီးခြစ်အပြားပါးပါးလေးကို ကျေးဇူးတင်စွာ ထုတ်ယူကြည့်လိုက်မိ၏။

ငါ့ရဲ့အသက်ဓာတ်ကို မင်း ကယ်တင်လိုက်တာပါ ဖူးဖူးရယ်...။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ကိုကြီး ပြောတော့ဗျာ။ တစ်လမ်းလုံးလည်း ကျွန်တော်မေးတာတို ခင်ဗျားတို့နှစ်ယောက်က မဖြေဘူး။ တော်တော်ဈေးကိုင်တာပဲ"

ရန်ကုန်ရှိ တိုက်ခန်းထဲ ရောက်ရောက်ချင်း မင်းခ အလောတကြီး မေးပြန်တော့ ဇာနည်အောင်နှင့် ကိုဝေမှူးကြီးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေသည်။

"ပြောကြလေဗျာ။ ဘာတွေဝေနေကြတာလဲ"

ထပ်မေးလိုက်မှ ကိုဝေမှူးကြီးက မင်းခကို စိုက်ကြည့်ပြီး သက်ပြင်း ချကာ-

"ညီလေး မင်း တကယ်မသိတာလား"

"ဘာလဲ ကျွန်တော်က ဘာကိုသိရမှာလဲ"

"မင်းကြားချင်ရင် ငါ ပြောပြပါ့မယ်။ ဇူးဇူးကို သတ်တာ တခြားလူ မဟုတ်ဘူး"

မင်းခ သွေးခုန်နှုန်းတွေ တရိပ်ရိပ် လျှင်မြန်လာသည်။

"အဲ့ဒီလူက ...xxx..."

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး မဟုတ်ဘူး မဖြစ်နိုင်ဘူးဟု မင်းခ ပြန်အော်လိုက်မိသည်။ သူ သွေးပျက်ရှုသွပ်မတတ် တုန်လှုပ်ချောက်ချားသွားမိ၏။ အဲဒီလူက မင်းပဲ... ဆိုသောစကားမှာ နားကြားမှားတာပဲ ဖြစ်မှာပါ။

ဇာနည်အောင်ကို ကြည့်လိုက်တော့ ခေါင်းငုံ့နေသည်။ ကိုဝေမူးကြီး တလည်း တစ်ဖက်သို့ မျက်နှာလွှဲပြီး-

"အဲဒီညက မိုးအေးအေးနဲ့ ငါ ပျင်းတာကြောင့် မင်းဆီမှာ သောက်ရင်း အိပ်မယ်ဆိုပြီးတော့ အရက်ပုလင်းယူပြီး ထွက်လာခဲ့တာ။ မင်းတို့ မသင်္ကာဖြစ်ကြတဲ့ မိုးကာအင်္ကျီဝတ် ခေါင်းစွပ်စွပ်ထားတဲ့လူဆိုတာ ငါပဲ။ မိုးတွေ အရမ်းသည်းနေတာကြောင့် ငါပြေးလာခဲ့တာ။ ဒီအောက်နား ရောက်တော့ ကောင်မလေးတစ်ယောက် ထီးမပါ မိုးကာမပါနဲ့ ဒီအထဲ ပြေးဝင်သွားတာ တွေ့လိုက်တယ်။ သူလည်း မိုးအရမ်းရွာနေလို့သာ ပြေးလာတာဖြစ်မှာပါ။ ငါလည်း အပေါ်တက်လာရင်း မင်းအခန်းရှိတဲ့ အထပ်နား ရောက်ခါနီးတော့ စောစောက ငါ့အရင် အပေါ်တက်သွားတဲ့ ကောင်မလေးက မင်းအခန်းတံခါးကို ခေါက်နေတာတွေ့တယ်။ ငါက တစ်မျိုးတစ်မြည်ထင်လို့ ချောင်းမယ်ဆိုပြီး အမှောင်ထဲကနေ အသာ ရပ်ကြည့်နေတာ။ ခဏကြာတော့ အခန်းတံခါးပွင့်ပြီး မင်း ထွက်လာ တယ်။ အဲဒီကောင်မလေးကိုမြင်တော့ 'ရှုရှု မင်းထွက်သွား ငါ့ဆီ လာစရာမလိုဘူး။ မင်းကိုငါရွံတယ်။ အခု ငါ အရမ်း အိပ်ချင်နေတယ်။ မနှောင့်ယှက်ပါနဲ့'ဆိုပြီး အော်ဟစ်မောင်းထုတ်တယ်။ ဒီတော့မှ အဲဒီ ကောင်မလေးဟာ ရှုရှုဆိုတာ ငါ သေချာသိလိုက်တာ။ ကောင်မလေးက အရမ်းချမ်းနေပုံလည်းရတယ်။ မင်းကို တဖွဖွ ငိုယိုတောင်းပန်ပြီး အထဲဝင် မယ်လုပ်တော့ မင်းက လက်မခံဘဲ အတင်းတွန်း ထုတ်တယ်။ အဲဒီမှာပဲ ရှန်းရင်းဆန်ခတ်ဖြစ်ရင်း မင်းတွန်းလိုက်မိလို့ ရှုရှု တောက်လျှောက် အောက်ပြုတ်ကျသွားတာ။ ရှုရှုပြုတ်ကျတာကိုတောင် မင်းက သိချင်မှ သိမယ်။ ရှုရှုကို ဆောင့်တွန်းပြီးတာနဲ့ နောက်လှည့် မကြည့်ဘဲ အထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး အခန်းတံခါးကို ဝုန်းခနဲ ပိတ်ပစ်လိုက်တာ။ ငါ လည်း ကောင်မလေး တို့ အောက်ဆင်းကြည့်တော့ ခွေခွေလေးလဲနေပြီ။ အခြေအနေ မတန် တာကြောင့် ငါလည်း မထိရဲ မကိုင်ရဲဘူး။ အမှုပတ်မှာ စိုးတာကြောင့် ပြန်ထွက်လာခဲ့တာ"

ကိုဝေမူးကြီး စကားတွေကြောင့် သူ့ဝိညာဉ်သည် ခန္ဓာကိုယ်မှ လွင့်ကွာ သွားသလို မှတ်ထင်ခံစားရ၏။

အစိမ်းလိုက် ဆွဲဖြုတ်ခံရသည့်ပမာ နှလုံးသားသည် တဆတ်ဆတ် တုန်ယင်သွေးပျက်နေ၏။ အသက်လိပ်ပြာတစ်ခုနှင့် ရုပ်ခန္ဓာကင်းကွာမှု၌ သူဟာ တကယ်ပဲ ဆောင်ရွက်သူတစ်ယောက် ဖြစ်ခဲ့ပြီလား...။

(သူအရမ်းသိချင်နေသော ပုစ္ဆာ၏အဖြေမှာ သူ မလိုလားသောအရာ ဖြစ်နေပါသည်။)

"လမ်းမှာ မင်းကိုမပြောတာက ကားမောင်းတဲ့လူ ရှိနေလို့ပါ။ ဇာနည် အောင်ကတော့ ငါပြောပြထားလို့ ဒီအကြောင်းတွေကို သိနေပြီ။ မင်းလည်း သိလိမ့်မယ်လို့ပဲ ငါထင်ခဲ့တာ။ လူသတ်တရားခံကို မင်း အသည်းအသန် စုံစမ်းနေတော့လည်း အမှုကို ထိန်ချန်ချင်လို့ တမင်ဖြ လျှောက်လုပ်နေတာ လို့ပဲ ငါယူဆခဲ့တာ။ ဇူဇူရဲ့ပထွေးရှိတဲ့ ရွာအထိ တောင် မင်းလိုက်သွား တယ်ဆိုတာသိရတော့၊ ဒီကိစ္စမှာ တစ်ခုခုလွဲနေပြီ ဆိုပြီးတော့ ဇာနည်အောင်နဲ့ ငါ တိုင်ပင်ပြီး လိုက်လာခဲ့တာ။ အဲဒီရွာမှာ မင်းဖြစ်ပျက်တာတွေနဲ့ ပေါင်းစပ်လိုက်ရင် ဒီကိစ္စကို မင်းမသိဘူးဆိုတာ တော့ ငါ ယုံပါတယ်။ ဒါပေမယ့် ဘာကြောင့် မသိရတာလဲဆိုတာတော့ စဉ်းစားလို့မရဘူး"

ဟုတ်တယ်...။ ဘာကြောင့်မသိတာလဲ...။ ငါ့မှတ်ဉာဏ်မှာ ဒီကိစ္စ ဘာကြောင့် မရှိရတာလဲ...။ ကိုဝေမူးကြီးကပဲ ငါ့ကို ညာပြောနေ တာလား...။

မင်းခ အသည်းအသန် စဉ်းစားသည်၊ သို့သော် အဖြေမရ။



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ဆိုတာ အတင်းအကြပ် အလုပ်ပေးစေခိုင်း၍မရကြောင်း တွေးမိလိုက်သည်။ ထို့ကြောင့် စဉ်းစားခြင်းကိုရပ်၍ အာရုံကြောတွေကို လျှော့ချ ပစ်လိုက်သည်။ ကိုဝေမှူးကြီးထံမှ စီးကရက်ဘူးကို တောင်းယူပြီး တစ်လိပ် ထုတ်၍ မီးညှိကာ ရှိုက်ဖွာလိုက်ပါသည်။

စတီးလ်ရောင်ပြောင်လက်နေသော မီးခြစ်ကလေးကို ဝမ်းနည်းစွာ ကြည့်မိ၏။ ဖူးဖူးပေးခဲ့သော မီးခြစ်ကလေးက သူ့အသက်ကို ကယ်တင် ခဲ့သည်။ သူကတော့ ဖူးဖူး မရှုမလှ သေပွဲဝင်အောင် ဆောင်ရွက်ခဲ့သတဲ့။

ထိုညက ဖူးဖူး သူ့ဆီလာသည်ဟုတော့ အိပ်မက်သဖွယ် ခံစားရသည်။ ဝိုးတဝါး။ အိပ်မက်ထဲမှာ ဖူးဖူးကို သူ အော်ဟစ်မောင်းထုတ်လိုက်တာ လည်း အမှတ်ရသည်။ ဒါဟာ အိပ်မက်မဟုတ်ဘဲ တကယ်လား။ (မခိုင်း စေရပါဘဲ ဦးနှောက်က သူ့ဘာသာ အလုပ်လုပ်နေလေသည်)

ထိုညက သူ အရမ်းအိပ်ချင်နေခဲ့၏။ အိပ်ချင်ရသည်က-

"ဟာ... ဟုတ်ပြီ ကျွန်တော်သိပြီ"

လက်ဖျောက်တီး၍ မင်းခ ထအော်တော့ ဇာနည်အောင်နှင့် ကိုဝေမှူး ကြီးက လှည့်ကြည့်သည်။

"အဲဒီညက ကျွန်တော် စိတ်ညစ်ညစ်နဲ့ အိပ်ပျော်ချင်လို့ ဆရာဝန် ပေးလိုက်တဲ့ အာရုံကြောအားဆေးတွေနဲ့ တွဲသောက်ရမယ့် Diazepan အိပ်ဆေးပြားတွေကို အများကြီး သောက်လိုက်မိတယ်။ Diazepan အိပ်ဆေး ပြားတွေက မူးယစ်ဆေးပါတာကြောင့် အလွန်အကျွံသောက်ရင် အန္တရာယ် များတယ်။ Date လည်း ပျောက်တတ်တယ်။ ပြီးတော့ အဲဒီညက ကျွန်တော် အရက်လည်း သောက်မိတယ်။ အဲ့ဒါကြောင့် အိပ်ဆေးမှာပါတဲ့ မူးယစ်ဆေး နဲ့ အရက်မှာပါတဲ့ အယ်လ်ကိုဟော ရောပြီး အခုလို ဖြစ်သွား တာ။ ဟာ ဖူး... ဖူးဖူး... ငါ... ငါ မှားပြီ"

လောကတွင် အမိုက်မဲဆုံး အပြစ်အကြီးဆုံး အရူးနှမ်းဆုံး အတ္တဝါ တစ်ကောင်အဖြစ် မင်းခ ကိုယ့်ကိုကိုယ် မှတ်ထင်ခံစားလိုက်ရသည်။ အနေ



www.burmeseclassic.com

www.burmeseclassic.com



ပညာဖန်တီးမှု၏ စစ်သည်တော်တွေဟု သူ ကြွေးကြော်ဂုဏ်ယူခဲ့သည့် လက်ချောင်းတွေက ချစ်သူဝိညာဉ်ကို အညှာအတာမဲ့ ခြွေချခဲ့သည့် အပေါ်စား သေမင်းတမန်လက်နက်တွေ ဖြစ်ခဲ့ရပေပြီ။

ဒီအချိန်မျိုးမှာ သူ မျက်ရည်မကျချင်ပါ။ ရိုးသားသော မျက်ရည်စက်တွေနှင့် မထိုက်တန်လောက်အောင်ကို သူက စျေးပေါလွန်းပါသည်။

"ခဏ..."

ဇာနည်အောင်နှင့် ကိုဝေမူးကြီးကို လက်ကာပြပြီး သူ ရေချိုးခန်းဝင်လိုက်သည်။ လူ့ဘဝမှာ ရေ ဝဝလင်လင် ချိုးဖို့လည်း လိုအပ်တယ်မဟုတ်လား။

ရေထိတော့ လတ်လတ်ဆတ်ဆတ် ဒဏ်ရာက စပ်နာ နာသည်။ ဒါ ဘာဖြစ်လောက်လို့လဲ။ ချစ်သူ ရက်ရက်စက်စက်တွန်းချလို့ ပက်ခနဲ နောက်လန် ကျောက်သားလှေကားထစ်တွေပေါ် ကနေ အရှိန်နဲ့ တစ်လိမ့်ပြီးတစ်လိမ့် ပြုတ်ကျ။ အင်္ဂတေနဲ့ ဦးခေါင်းခွဲ ကွဲအက်ကြောင်းအောင် ဆောင့်မိတာမှ မဟုတ်တာ။

အများကြီး ဖြေသာပါတယ်...။ လူမိုက်ရယ်...။

ရေချိုးခန်းထဲမှ ထွက်တော့ ထမင်းဆိုင်ကောင်းကောင်းမှာ ထမင်းဝင်စားရန်လည်း စဉ်းစားလိုက်မိသည်။ ကြိုက်လွန်းတာကြောင့် နှမြောသဖြင့် ထုတ်မဝတ်ဘဲ သိမ်းထားသည့် ဝတ်စုံတစ်စုံကို ဘီရိုထဲမှ ထုတ်ယူဝတ်ဆင်လိုက်သည်။ ပြီးသောအခါ နံရံကပ် ကိုယ်လုံးပေါ်မှန်ထဲ သွားကြည့်လိုက်၏။

ထင်တဲ့အတိုင်း ငါနဲ့ တော်တော်လိုက်တာပဲ...။ အမှန်ဆို နေ့စဉ်နေ့တိုင်း အပြင်ထွက်ရင် ဒီလိုမျိုး သားသားနားနား သပ်သပ်ရပ်ရပ် ဝတ်ဆင်ရမှာ။ စာရေးဖို့အတွက်သာ ခေါင်းထဲထည့်ပြီး စဉ်းစားရ လေ့လာရ ရေးသားရ ပြင်ဆင်ရနဲ့ ငါ့ကိုယ်ငါတော့ မပြင်ဆင်ဖြစ်တာတော် နှစ်အတော်ကြာပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဇာနည်အောင် အနားရောက်လာပြီး သူ့ကို တအံ့တသြကြည့်တာ

"မင်းခ မင်းဘယ်သွားမလို့လဲ"

"ငါ့ရဲ့အပြစ်အတွက် တရားဥပဒေကပေးမယ့် အပြစ်ဒဏ်ကို သွားခံမလို့လေ"

အေးအေးဆေးဆေးပဲ ပြောလိုက်ပါသည်။ ပြီးတော့ တေးသွားတစ်ပုဒ်ကို လေချွန်နေလိုက်၏။ အင်း ငါ လေမချွန်ဖြစ်တာလည်း ကြာပြီ။ နောက်ဆို လေတောင်မှ လွတ်လွတ်လပ်လပ် ချွန်ရမှာ မဟုတ်တော့။

နှုတ်ခမ်းဖျားတွေ ပါးပေါက်မတတ် အားပါးတရ ကျယ်လောင်စွာ လေချွန်သံကို အရှိန်အဟုန်မြှင့်တင်ပစ်လိုက်သည်။ ဇာနည်အောင်က အလန့်တကြားပုံစံဖြင့်-

"ဟိတ်ကောင် ဒီကိစ္စ တခြား ဘယ်သူမှ သိတာ မဟုတ်ဘူးလေ။ ငါတို့ပဲသိတာ။ ငါတို့မပြောရင် ဘာမှမဖြစ်ဘူး"

သူကတော့ လေသာချွန်နေလိုက်သည်။ ကိုဝေမှူးကြီးကလည်း အနား ရောက်လာပြီး-

"ဟုတ်တယ်မင်းခ ရဲဘက်ကတောင် မတော်တဆလူသေမှုအဖြစ်နဲ့ အမှုကို ပိတ်လိုက်ပြီပဲ။ မင်းက ဘာလို့သွားဖော်မှာလဲ။ ငါ့ကိုလည်း စိတ်ချပါ။ တခြား ဘယ်သူမှ ထပ်မသိစေရဘူး။ ကတိပေးတယ်ကွာ။ ဒီလို ဖြစ်ပါ စေဆိုတဲ့စိတ်နဲ့ မင်း တမင်ရည်ရွယ်ပြီး လုပ်လိုက်တာမှ မဟုတ်တာ။ အညွန့်တလူလူနဲ့ မင်းဘဝကို အဆုံးမခံပါနဲ့ကွာ"

သူကတော့ ခေါင်းယမ်းပြီး လေကိုသာ အားပါးတရ ဆက်ချွန်နေလိုက်သည်။ မိတ်ဆွေသူငယ်ချင်းတွေ၏ စေတနာနှင့် မေတ္တာကို နားလည်ပါသည်။ သို့သော် အသက်ကို မပြောနှင့် မရည်ရွယ်ပါဘူးဆိုပြီး တစ်စုံတစ်ယောက်ကြောင့် ကိုယ့်လက်ချောင်းလေးတစ်ချောင်း ပြတ်သွားရင်တောင် ကျေနပ်မလား။

အညွန့်တလူလူနဲ့ ငါ့ဘဝဆိုပါလား...။ ဖူးဖူးကရော အညွန့်

www.burmeseclassic.com

www.burmeseclassic.com



တလူလူ ဖြစ်မလာဘူးလို့ ဘယ်သူ အတပ်ပြောရဲလဲ။ မကောင်းတဲ့ ဘ၀ ပောင်းကိုစွန့်ပြီး ဘ၀သစ်မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစား နေတာ လေ။

လေချွန်၍ ကျေနပ်အားရမှုရှိမှ-

"တခြားလူတွေ မသိဘူးဆိုရင်တောင် ကိုယ့်အပြစ်ကို သိနေတယ်လေ။ တိုယ့်လိပ်ပြာ ကိုယ်လုံချင်လို့ပါ။ မဟုတ်ရင် ကျွန်တော် အိပ်ရေး၀မှာ မဟုတ်ဘူး။ အသက်ရှင်ရတာလည်း ချောက်ချားနေလိမ့်မယ်"

ကိုယ့်လိပ်ပြာ ကိုယ်မလုံသူတစ်ယောက်ဟာ စိတ်အေးချမ်းစွာဖြင့် အိပ်ရေး၀၀ အိပ်စက်နိုင်မှာမဟုတ်သလို ချောက်ချားမှုကင်းမဲ့စွာ အသက် ဆက် ရှင်သန်နိုင်မှာလည်း မဟုတ်ဘူးဟု သူထင်သည်။

လောကမှာ ကိုယ့်လိပ်ပြာ ကိုယ်မလုံဘဲ အိပ်ရေးမ၀တ၀ အိပ်စက် တာ ချောက်ချားမှုဖြင့် အသက်ဆက်, ရှင်သန်နေသူတွေ မြောက်မြားစွာ ရှိနေမှာ သေချာပါသည်။ ထိုကဲ့သို့သော လူစားမျိုးတွေကို သူကတော့ 'သတ္တိကြောင်သူ'အဖြစ် သတ်မှတ်၏။

ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ အပြစ်က ကျူးလွန် သွားခဲ့ပြီ။ ပြင်မရတော့။ သို့သော် သူ 'သတ္တိကြောင်သူ'ထပ်မဖြစ်လိုပါ။

ဘုရားကျောင်းဆောင်ရှေ့သွား၍ မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကို ရိုသေစွာ ရှိခိုးကန်တော့လိုက်သည်။ (ဖိနပ်စင်ဟူသော အခေါ်အဝေါ်ကို သတိပြုမိကတည်းက 'ဘုရားစင်'ဟု မသုံးစွဲတော့ပါ)

ပြီးတော့ မိဘနှစ်ပါးပုံ။

သားကို ခွင့်လွှတ်ပါ ဖေဖေနဲ့ မေမေရယ်။ သားအတွက်ဆို အစဉ် အမြဲ မရှိ ရှိတာကိုရှာပြီး ကြံဖန်ဂုဏ်ယူကျေနပ်နေကျ ဖေဖေနဲ့ မေမေ ဒီတစ်ခါလည်း သားအတွက် ကြံဖန်ဂုဏ်ယူ ကျေနပ်လိုက်ကြပါ။

ရှိခိုးကန်တော့ပြီးနောက် ထိုင်ရာမှထလိုက်ကာ သူ့အနားမှာ အနိုလို လိုက်ကပ်နေသော ဇာနည်အောင်၏ ပခုံးကိုဖျစ်၍-



www.burmeseclassic.com

www.burmeseclassic.com



"လူတွေမှာ ခုခံကာကွယ်ပိုင်ခွင့်ဆိုတဲ့ ဥပဒေရှိတယ်။ ဒါကြောင့် အား နည်းသူ မိန်းမသားတစ်ယောက်လည်းဖြစ်တဲ့ ဖူးဖူးရဲ့အမှုကို အသက်ညှာ ဆုံးဖြစ်အောင် မင်းအကောင်းဆုံး ဆောင်ရွက်ပေးလိုက်ပါ။ သူ့စိတ်ညည်လေး လွတ်လပ်ပါစေကွာ။ ငွေလိုရင် ငါ့ထုတ်ဝေသူဆီမှာ သွားယူ။ သူ့ဆီမှာ မထုတ်ရသေးတဲ့ ငါ့စာအုပ်တွေအတွက် ရစရာတွေ ရှိတယ်။ ပြီးတော့ ဖူးဖူးအတွက် ကောင်းမှုကုသိုလ်တွေ များများလုပ်ပေးလိုက်ပါ။ ငါ့မိဘ တွေကိုလည်း ပြောလိုက်ပါကွာ။ ငါစိတ်ချမ်းသာပါတယ်လို့..."

မှာစရာရှိတာတွေ မှာပြီးပြီမို့-

"ကိုကြီး ဆေးလိပ်တစ်လိပ် ထပ်ယူဦးမယ်နော် အဟဲ"

ကိုဝေမူးကြီး၏ စီးကရက်ဘူးထဲမှ တစ်လိပ်ဆွဲယူပြီး ဖူးဖူးပေးခဲ့သော မီးခြစ်ကလေးနှင့်ပဲ မီးညှိလိုက်သည်။ ပြီးနောက် မီးခြစ်ကလေးကို နောက်ဆုံးအကြိမ်အဖြစ် ကြာရှည်စွာ တစ်ချက်ကြည့်ပြီး သူ၏ စာရေးဘော့လ်ပင်လေးနှင့်အတူ ယှဉ်တွဲကာ သူမြတ်နိုးသော စာရေးစားပွဲပေါ်မှာ တင်ထားရစ်ခဲ့လိုက်ပါသည်။

အခန်းထဲမှ သူလှမ်းထွက်တော့-

"မင်းခ သူငယ်ချင်း မင်း မသွားပါနဲ့ကွာ"

ဇာနည်အောင်က ငိုသံပါကြီးနှင့် သူ့ကို ဆွဲထားသည်။ ဇာနည်အောင်၏လက်ထဲမှ သူရုန်းထွက်လိုက်ပြီး-

"ငါ့ကို မတားပါနဲ့ကွာ။ ငါ ဗိုက်အရမ်းဆာနေလို့ပါ။ မင်းက ဟင်းကောင်းကောင်းနဲ့ ဝအောင်ချက်မကျွေးတဲ့အတူတူ ဟိုမှာပဲ သွားစားတော့မယ်"

"ဟင်..."

ဇာနည်အောင် ငေးကြောင်သွားသည်။ ထိုစဉ်မှာပဲ သူ သွက်လက်စွာ ထွက်လာခဲ့တော့၏။

ဟုတ်သည်။ သူ ဗိုက်အရမ်းဆာနေပြီ။ ခြေလှမ်းတွေကို အမင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆီ ဦးတည်လိုက်၏။ အခုလတ်တလောမှာ အရေးကြီးဆုံးက ထမင်းဝဝ စားထားဖို့ပဲ မဟုတ်လား။

စီးကရက်မီးက တငွေ့ငွေ့ ကျွမ်းလောင်နေသည်။ မဖွာရှိုက်ရက်ဘဲ အလိုအလျောက် ငြိမ်းသေသည်အထိ စောင့်ကြည့်ဖို့ သူ ဆုံးဖြတ်ထားပါ သည်။

□

၁၆

www.burmeseclassic.com

www.burmeseclassic.com

လူအများဟာ

ကိုယ့်ကိုကိုယ် အင်မတန် သတ္တိကောင်းတယ်လို့ ထင်ကြလေ့ ရှိပါတယ်။

သင်ကော... အမှန်တကယ် သတ္တိကောင်းပါသလား?

၁

သင်သတ်မှတ်တဲ့ သတ္တိဆိုတာ
ဘယ်လိုမျိုးပါလိမ့်... ???

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

တရားရုံး။

တရားသူကြီးနှင့် ရှေ့နေများ။

ကျမ်းစာထုပ်နှင့် အသိသက်သေတွေ။

အရက်တွင်ပါသော အယ်လ်ကိုဟောနှင့် အိပ်ဆေးတွင်ပါသော မူးယစ်ဆေးတို့ ပေါင်းစပ်ကာ ချစ်သူကို တိုက်ခန်းလှေကားပေါ်မှ သတိမဲ့ တွန်းချခဲ့သူတစ်ဦး၏ အမှု။

ထူးခြားချက်က-

တရားလိုနှင့် တရားခံမှာ တစ်ယောက်တည်း ဖြစ်နေခြင်းပင်။

အမှုမှန်ပေါ်သည့်အတွက် သူ တကယ် ကျေနပ်ပါသည်။ ထွက်ဆို ချက်တိုင်းတွင် သူမကို 'ချစ်သူ'ဟူ၍သာ သူ သုံးစွဲခဲ့၏။

ချစ်သူ မင်း ဝိညဉ် လွတ်ငြိမ်းချမ်းသာခွင့် ရပါစေ...

ရဲအရာရှိကိုတွေ့တော့ သူ အကြည်စင်ဆုံး ပြုံးပြခဲ့သည်။ သူ ဝင်ဆွဲ ခေါ်လာခဲ့မယ်ဟု ကြွေးကြော်ခဲ့သည့် တရားခံက သူကိုယ်တိုင် ဖြစ်နေ တော့ ရဲအရာရှိ အံ့အားသင့်နေပုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တာဝန်ကျေတယ်မလား"ဟု သူမေးလိုက်တော့-

ရဲအရာရှိက သူ လိုချင်သော မျက်ဝန်းအကြည့်တွေနှင့် သူ့ကို ကြည့်သည်။ ပြီးတော့ သူ့ကို လှိုက်လှိုက်လှဲလှဲ ပွေ့ဖက်သည်။

"တာဝန်ကျေလွန်းပါတယ်ကွာ"

မကြာမီ သူ့ကို အမိန့်ချမှတ်တော့မည်။ ဖော်ကောင်ဖြစ်သော သူ မတုန်လှုပ်တော့ပါ။ ကိုယ်လုပ်ဆောင်မှုအတွက် ကိုယ်ပြန်ခံရမှာပဲလေ။ ဘာတွေ သွေးပျက်နေရမှာလဲ။

ဖတ်ဖူးသော အနောက်တိုင်းဟာသလေးနှစ်ခုကို တွဲစပ်ကာ ဇာတ်တစ်ပုဒ်အဖြစ် ဖန်တီး၍ပင် သူ တွေးနေမိသေး၏။

ဩော်... စာရေးဆရာတွေများနော်...

□



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်...

နယူးယောက်ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်လာသည်။

ဆိုင်မန်နေဂျာကို-

"ဒီဆိုင်မှာ ရှယ်လီဆိုတဲ့ အမျိုးသမီး အလုပ်လုပ်တယ်ဆို"

"ဟုတ်ပါတယ်ခင်ဗျ"

"သူနဲ့တွေ့ချင်လို့ပါ"

မန်နေဂျာက ဘားကောင်တာမှ ကောင်မလေးတစ်ယောက်ကို ညွှန်ပြသည်။ လူစိမ်းက ဘားကောင်တာဆီသွားကာ ကောင်မလေးကို သေချာကြည့်၏။

ပြီးသောအခါ-

"မင်းဟာ အင်မတန်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ပါလား။ မင်းသာ ငါနဲ့အတူ လိုက်ခဲ့မယ်ဆိုရင် ဒေါ်လာနှစ်ရာ ပေးမယ်လေ။ ဘယ်လိုလဲ"

ကောင်မလေးက သဘောတူလိုက်သည်။

နောက်တစ်နေ့တွင် ထိုလူစိမ်း ထပ်မံရောက်လာပြီး ကောင်မလေးကို ဒေါ်လာနှစ်ရာနှင့် ကမ်းလှမ်းပြန်သည်။ ကောင်မလေး သဘောတူပြန်၏။

တတိယနေ့တွင်လည်း လူစိမ်းရောက်လာပြီး ဒေါ်လာနှစ်ရာနှင့်ပင် ကမ်းလှမ်း၏။ ကောင်မလေးကလည်း သဘောတူပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ခန်းတွင် ကောင်မလေးက လူစိမ်းအား-

"ကိုကြီးက ပိုက်ဆံသိပ်ပေါတာပဲနော်။ ဘယ်ကလာတာလဲ"

"မော်စကိုက"

"ဟင် ဟုတ်လား။ ကျွန်မရဲ့ဒေါ်လေး အဲဒီမှာနေတာရှင့်"

"ငါ သိပါတယ်"

"ကိုကြီးက ဘယ်လိုသိလဲ"

"မင်းကို ဒေါ်လာခြောက်ရာ ပေးပေးပါလို့ သူပဲ လှူကြုပ်လိုက်တာလေ"

"ဟင်..."

ကောင်မလေး မျက်နှာပျက်သွားသည်။

"ဒါဆို ကျွန်မ... ကျွန်မကိုပေးတဲ့ ပိုက်ဆံတွေက..."

"မင်းပိုက်ဆံတွေပေါ့ကွာ"

လူစိမ်းက ပြိတီတီ ပြုံး၏။ အရင်းမစိုက်ဘဲ အမြတ်ထုတ်လိုက်ရသဖြင့် ကျေနပ်နေဟန် ရှိသည်။

ကောင်မလေးက သက်ပြင်းလှိုင်လှိုင်ချကာ-

"စကားမစပ် မေးရဦးမယ်"

"မေးလေ မေးပေါ့"

"ကိုကြီးမှာ အေအိုင်ဒီအက်စ်ရောဂါ ကင်းရှင်းကြောင်း ဆေးလက်မှတ်ရှိလားဟင်"

"သိပ်ရှိတာပေါ့၊ ဘာလို့မေးတာလဲ။ လူကို မသက်ာလို့လား"

"မဟုတ်ပါဘူးရှင်။ ကျွန်မနဲ့ သုံးညတောင် အတူတူအိပ်ပြီးပြီဆိုတော့ အဲဒီဆေးလက်မှတ်ကို လွှင့်ပစ်ချင်ရင် လွှင့်ပစ်လို့ရတယ်လို့ ပြောမလို့ပါ"

"ဘာ..."

လူစိမ်းမျက်နှာ သွေးဆုပ်ဖြူရော်သွားလေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုပါပဲ...။

လူအများဟာ ကိုယ်ကျူးလွန်ချိန်မှာ ပြုံးရွှင်နေလေ့ရှိပြီး ကိုယ်ခံရမည့် အလှည့်ကျတော့ ကြောက်ရွံ့သွေးပျက်တတ်ကြသည်။

တကယ်တော့ လူဆိုတာ ဘယ်လိုအခြေအနေ အရပ်ရပ်မှာပဲဖြစ်စေ ပြုံးပြုံးကလေးနေနိုင်ဖို့ အရေးကြီးပါသည်။

ထို့ကြောင့် အမိန့်ချမှတ်ခါနီးဆဲဆဲမှာလည်း သူပြုံးနေလိုက်၏။ (ခံနိုင်ရည်တစ်ခု တည်ဆောက်ထားပြီးသား ဖြစ်၏)

အဘိဓာန်တစ်ခုထဲတွင် တွေ့ဖူးသည်။

Maiden (မေဒဲန်) ဆိုသော အင်္ဂလိပ်ဝေါဟာရနှင့် ပတ်သက်၍ ဖြစ်သည်။ Maiden ဆိုသည်မှာ 'အပျိုစင်'ဟု အဓိပ္ပာယ်ရသလို 'ရှေးခေါင်းဖြတ်စက်မျိုး'ဟုလည်း အဓိပ္ပာယ်ရသည်။

ဒါဆိုရင် အပျိုစင်ဆိုတာ ခေါင်းဖြတ်စက်တစ်မျိုးပေါ့။ ဘုရား ဘုရား ထိုစဉ်-

"အမိန့်"

"..."

သူမသည် အပျိုစင်တစ်ယောက် မဟုတ်တာကိုပင် ကျေးဇူးတင်နေရသလို ဖြစ်နေ၏။

□



www.burmeseclassic.com

www.burmeseclassic.com

နေမင်းကို ကျောဖြင့်သာလျှင် ကပ်ရာ၏။
မီးကို ဝမ်းဖြင့်သာလျှင် ကပ်ရာ၏။
တမလွန်ဘဝကိုကား
မမိုက်သဖြင့်သာလျှင် ကပ်ရာ၏။

လောကနီတိ (ရာဇကဏ္ဍ)

www.burmeseclassic.com

www.burmeseclassic.com

နီဂုံး (သို့မဟုတ်) နိဒါန်းသစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

သူ... လွတ်မြောက်ပြီ...။

စိတ်သည် အထူးပင် သွက်လက်ပေါ့ပါးနေချေ၏။

ဥစ္စံတွင်းမှ ဆွဲချုတ်ခြင်းခံလိုက်ရသော အရွယ်ရောက် ငှက်သား ပေါက်တစ်ကောင်၏ စိတ်ခံစားချက်မျိုးနှင့် ခပ်ဆင်ဆင်တူလိမ့်မည် ထင်သည်။ ကိုယ့်ကိုကိုယ်လည်း ရှင်းသန့်စင်ကြယ်သွားသယောင် ခံစား သိမြင်မိ၏။

အတွေ့အကြုံတွေလည်း ပိုမိုစုံလင်ခဲ့ပြီ။ လူအများနှင့် မနေတတ် သော၊ လူစိမ်းနံ့မခံနိုင်သော၊ ဆူညံမှုကို မလိုလားသော၊ တသီးတသန့် နေလိုသောသူသည် အခုဆို အနံ့ဆိုးများ စုအောင်းနေသည့်အခန်းထဲမှာ စရိုက်စုံသော လူအများနှင့် အရောရောအနှောနှော ကျဉ်းကျဉ်းကြပ်ကြပ် နေထိုင်ခဲ့ရပြီး ဖြစ်၏။ ပဋိပက္ခများစွာနှင့်လည်း ရင်ဆိုင်ခဲ့ရ၏။ သူ မြတ်နိုး ကိုးကွယ်သော အနုပညာကို လွတ်လပ်စွာ ဖန်တီးခံစားခွင့် မရရှိခဲ့သလို အနုပညာဖန်တီးလေ့လာဖို့အတွက်သာ ဖြစ်ပေါ်လာသည်ဟု အထင်ရှိခဲ့ သည့် သူ၏ လက်ချောင်းတွေလည်း အမာရွတ် ဗရပွနှင့် အကြိမ်ကြိမ် အသားမာတက်ခဲ့ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



(ဒါသည်ပင် ရွေ့လျားပြောင်းလဲမှုသဘောရှိသည့် ဘဝဆိုသည်ပဲလား)

လိုရာခရီးနှင်နိုင်ပြီဖြစ်သော ခြေထောက်တွေကို အင်းလျားကန်ဘောင်ပေါ်မှာ စိတ်တိုင်းကျ မောင်းနှင်လိုက်သည်။ လတ်ဆတ်သော လေညင်းနှင့် ကန်ရေပြင်ထက်မှ လှိုင်းကြက်ခွပ်ကလေးတွေက သူ့ကို ဖော်ရွေစွာ ခရီးဦးကြိုပြုကြ၏။ သူ လန်းဆန်းသွားလေသည်။

လွတ်လပ်မှုဆိုတာ...

လျှာဖျားနှင့် မတို့ထိရပေမယ့် လောကမှာ အရသာအရှိဆုံးအရာ တစ်ခုပဲ မဟုတ်လား။

နေညိုချိန်သည် တိမ်ရောင်စုံဖြင့် မှုန်ရီလှပစွာ ကကြိုးဆင်နေသည်။ တစ်ခေတ်တစ်ခါဆီက မီးလျှံထဲမှ ကချေသည်ကလေးကို သတိရမိပြန်၏။ သူနှင့် သူမ စတင်ဆုံတွေ့ကြတာလည်း ကုန်လွန်ခဲ့သော နှစ်များဆီမှ ဤအင်းလျားကန်ဘောင်မှာပဲဖြစ်သည်။ လွမ်းသည်...။

အရာရာသည် ခေတ်စနစ်နှင့်အတူ ပြောင်းလဲခဲ့ပြီ။ အင်းလျားသည် လူထုအုံကြွမှုနှင့် ပိုမိုစည်ကားကာ ပိုမိုချစ်စရာကောင်းနေ၏။ သူမနှင့် ဆုံစည်းခဲ့သည့် နေရာဆီရောက်တော့ မြင်ကွင်းကြောင့် သူ့ရင်ခုန်သံတွေ ဆထက်ကဲ လျှင်မြန်လှုပ်ရှားသွားရလေသည်။

ရေစပ်မှာ မိန်းမသားတစ်ဦး ခြေစုံရပ်နေသည်။ ရွှေအိုရောင်ဆံနွယ် အတွန့်အခွေတွေက လေစီးမှာ တသုန်သုန် တောင်ပံခတ်နေပါသည်။ ကပိုကရိုဝတ်စုံကလည်း လေပြည်အတိုးအဝှေ့မှာ တဖျတ်ဖျတ် လွင့်ခါလျှက် ရှိ၏။ ဆည်းဆာနေဝင် အရိပ်ထင်နေသော ကန်ရေပြင်နောက်ခံနှင့် အချိုးအဆစ်လှပလွန်းသော သူမကိုယ်ဟန်ကို မြင်တွေ့လိုက်ရသည်မှာ သူ့အတွက် တစ္ဆေအခြောက်ခံလိုက်ရသလိုပါပဲ။

အနီးအပါးသို့ သူ တိုးကပ်သွားလိုက်သည်။ စူးခနဲ... ရေမွှေးနံ့ ပျံ့လွင့်လာသည်။ ခြေသံကြောင့် ဒါမှမဟုတ် အာရုံသိကြောင့် ဖြစ်ထိန့်



www.burmeseclassic.com

www.burmeseclassic.com



မည်။ ထိုမိန်းမသားက လှည့်ကြည့်၏။ မျက်နှာကို မြင်လိုက်ရသည်။ ယစ်မူးဖွယ်...။ သူ့ရင်မှာ ဟာခနဲ ဖြစ်သွားသည်။

ဆိုးဆေးအနီတွေ လိမ်းကျံထားသော နှုတ်ခမ်းဖျားမှ အပြုံးက ချိုအီလွန်းနေသည်။ မျက်လုံးဝိုင်းဝိုင်းတွေကို ညို့စာတ်ပါစွာ လှုပ်ခတ်၍ ဆော့တစားပြုသည်။ ရွှေအိုရောင်ဆံနွယ်မျှင်တွေကို ဆေးရောင်စုံ ရောစပ် လိမ်းခြယ်ထားသော လက်သည်းချွန်တွေပါရှိသော လက်ချောင်းသွယ်သွယ်တွေနှင့် ကိုင်တွယ်၍ ထူအမ်းသော နှုတ်ခမ်းနီရဲရဲနှင့် ပွတ်သပ် ကိုက်ခဲပြသည်။ အမှုပိုနွဲ့ခွေစွာ...။ ဒါအထာဆို... သူ ပျော်သလိုလို ခံစားလိုက်ရသည်။

အိုဘယ့်... မိုးလျှံကချေသည်...။

❐



www.burmeseclassic.com

www.burmeseclassic.com

"ရှင်က သိပ်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ"

သူမ၏မှတ်ချက်ကို သူ မည်သို့မျှ မတုံ့ပြန်ပါ။ သူမက ချွတ်ခွာထားသော အပေါ်လွှာဝတ်ရုံကို ပြန်လည်ဝတ်ဆင်သည်။ ပြီးနောက် လျှော့တိလျှော့ရဲဟန်နှင့်ပဲ သန့်စင်ခန်း ဝင်သွား၏။ နည်းနည်းတော့ကြာသည်။ သန့်စင်ခန်းထဲမှ ပြန်ထွက်လာတော့ ခုတင်ထောင့် အိပ်ရာခင်းဖြူဖြူပေါ်မှာ သူတင်ထားသော ငွေစက္ကူအထပ်လိုက်ကို ထပ်ကာထပ်ကာ ရေတွက်၍ယူသည်။

သူပြုံးလိုက်သည်။ သူမ မလုံမလဲ ဖြစ်သွားဟန်ရှိ၏။

"ရှင်က ဘာပြုံးတာလဲ"

သူ မဖြေ...။ သူမ၏ လှုပ်ရှားမှုများကိုသာ မလွတ်တမ်း ဇေးစိုက်ကြည့်နေလိုက်၏။ သူမ အနေခက်လာပုံပါပဲ။

"ကျွန်မ ပြန်တော့မယ်နော်"

သူ ခေါင်းညိတ်ပြလိုက်သည်။ ထို့အတူ-

"ကျေးဇူးတင်ပါတယ်"

"အဲ့ဒါ ကျွန်မပြောရမယ့် စကားပါ။ ရှင့်ကိုတော့ ကျွန်မ တကယ်နားမလည်နိုင်ဘူး။ ကျွန်မကို ခေါ်လာတယ်။ လိုတာထက် ပိုလျှံပြီးတော့လည်း ပေးတယ်။ ဒါပေမယ့် တစ်ညလုံး စကားပဲ ထိုင်ပြောတယ်။ ကျွန်မဘဝအကြောင်းတွေကို ရှင်မေးတယ်။ ကျွန်မကိုလည်း အရမ်းကြည့်တာပဲ တစ်ချက်တစ်ချက် ရှင် အကြာကြီး ငိုင်တွေသွားတယ်။ အဲ့ဒါ ဘာသဘောလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရှိခနဲ… သူ လေချွန်လိုက်သည်။ တိတ်ဆိတ်မှုထဲမှာမို့ မျက်ဝန်းညိုလေးတွေ ဝိုင်းစက်ကာ သူမ လန့်သွားဟန်ရှိ၏။ သူမ အမူအရာကြောင့် သူ လေချွန်တာကို ရပ်၍ ပြုံးဖြစ်သွားကာ-

"စိတ်ထွက်ပေါက်ပေါ့ကွာ"

ထိုစကားကို သူမ နားမလည်မှာ သေချာပါသည်။ သို့သော် အကျယ် တဝင့် ရှင်းမပြတော့ပါ။ ဆံပင်ကောက်ကောက်တွေကို ရမ်းခါပြီး လက်ကိုင် အိတ်ကလေးကို သူမ ဆွဲယူသည်။ ငွေစက္ကူတွေကို လက်ကိုင် အိတ်ထဲ ထည့်ပြီး သူ့ကို တာ့တာလုပ်ပြသည်။ ပြီးနောက် ပျော်ရွှင်နေသလို တန်နှင့် ဟိုတယ်ခန်းအတွင်းမှ သူမ လှမ်းထွက်သွားလေသည်။

သူ့ကို တော်တော်ကြောင်တဲ့နေဟု သူမ မှတ်ယူသွားနိုင်သည်။ ဟိုတယ် ဝန်ထမ်းတွေကကော သူနှင့် သူမကို ဘယ်လိုထင်မလဲ။ အထင်တွေကို သူ ဂရုမစိုက်ချင်တော့ပါ။ အထင်နှင့် ပကတိအရှိတရားသည် အလှမ်းကွာ တတ်ကြောင်း သူ သိခဲ့ပြီ။ တစ်ခါတစ်ရံမှာ အာသီသရှိမှုတစ်ခုကို လုပ် ဆောင်လိုက်ရတာကပဲ လွတ်လပ်ခြင်း၏ တန်ဖိုးအရသာတစ်ခု ဖြစ်၏။ အခုဆို ချစ်သူ၏ အငွေ့အသက်တွေကို တစ်ကျော့ပြန် ရရှိလိုက်လေပြီ။

ခန်းစီးလိုက်ကာကို လှပ်ကြည့်တော့ ပြင်ပတွင် အရုဏ်ဦးလင်းရောင် ခြည်တို့ လဲ့ဖြာဖိတ်ယိုကျနေပြီ။ ကားငှားနေသော ကောင်မလေးကို လှမ်း မြင်ရ၏။ သူမ ဘဝဇာတ်ကြောင်းကို ဝတ္ထုရေးဖို့ သူ တွေးနေတာသိလျှင် သူမ ဘယ်လို ခံစားရမလဲ။

အချို့သောလူတွေက ကိုယ့်အကြောင်းကို ဇာတ်လမ်းရေးဖို့ အရမ်းပဲ လိုလားတတ်ကြပြီး အချို့သောလူတွေကတော့ ကိုယ့်အကြောင်းကို ဇာတ်လမ်းလုပ်မှာ သိပ်ကြောက်တတ်ကြသည် မဟုတ်လား…။

□

www.burmeseclassic.com

www.burmeseclassic.com

ခန်းစီးလိုက်ကာကို ပိတ်၍ သန့်စင်သောအိပ်ရာပေါ်သို့ သူ လှဲချ လိုက်သည်။ အိပ်ရေးဝဝ မအိပ်ရတာ ကြာပြီပဲ။

လူ့ဘဝမှာ နှစ်ခြိုက်စွာ အိပ်စက်အနားယူဖို့လည်း လိုအပ်သည် မဟုတ်လား...။

အိပ်ရာခင်းဖြူဖြူဆီမှ ရေမွှေးနံ့ရသည်။ မျက်ဝန်းအစုံကို တံခါးပိတ် လိုက်တော့ ဖူးဖူးပုံရိပ်က အာရုံမှာ ကြောက်လန့်တကြား ဖြစ်ပေါ်လာ လေသည်။

အေးအေးဆေးဆေး အိပ်ပါရစေ ဖူးဖူးရယ်...။

ကျေးဇူးပြုပြီး မနှောင့်ယှက်ပါနဲ့...။

ငါ...

ရင်...

မော...

လှ...

ပါ...

ပြီ...



www.burmeseclassic.com

www.burmeseclassic.com

အချို့သော အတိတ်တွေဟာ
စိတ်ကို အရိပ်လို လိုက်လံခြောက်လှန့်နေတတ်တဲ့
မကောင်းဆိုးဝါး တစ္ဆေတွေပါပဲ !!!

လင်းညို့သွေး
Facebook: Linn Nyout Thway
E-mail: linnnyoutthway@gmail.com

www.burmeseclassic.com

www.burmeseclassic.com

(အချပ်ပို- သတင်း)

AIDS ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်သလို ကာကွယ်ဆေး အဖြစ်ပါ အသုံးပြုနိုင်မည့် ဆေးသစ်တစ်မျိုး စမ်းသပ်ဆောင်မြင်။

ပေါးစ်ဘိုရို၊ မေ ၁၂၊ ၂၀၁၁။

စမ်းသပ်ဆဲ ဆေးတစ်မျိုးသည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (AIDS) ရှိသော မျောက်များကို ရောဂါမှ နိုင်နင်းစွာ ထိန်းချုပ်နိုင်ရန် ကူညီနိုင်ကြောင်း၊ ထိုမှတစ်ဆင့် လူသားများအတွက် HIV ပိုး ကာကွယ် ဆေးနှင့် ကုသဆေးအထိ ဖော်စပ်နိုင်ရန် လမ်းပွင့်သွားခဲ့ပြီ ဖြစ်ကြောင်း အမေရိကန် ဆေးပညာရှင်များက Daily Mail သတင်းဌာနမှတစ်ဆင့် ကမ္ဘာသို့ မေလ ၁၂ ရက်နေ့က ကြေညာခဲ့သည်။

ရေယုန်ရောဂါ အပါအဝင် ရောဂါအချို့ ဖြစ်ပွားစေသော Herpes ဗိုင်းရပ်စ်မျိုးနွယ်စုဝင် Cytomegalovirus ခေါ် CMV ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇပါဝင်သော အဆိုပါ ဆေးဝါးသည် မျောက်များ၏ ကိုယ်ထဲသို့ HIV ဗိုင်းရပ်စ် ပထမဆုံးအကြိမ် ကူးစက်ဝင်ရောက်လာပါက လျင်မြန်စွာ တိုက်ထုတ် ချေမှုန်းနိုင်ရေး ပြင်ဆင်ထားရန် ခုခံအားစနစ်အား အချက်ပေးနိုင်စွမ်းရှိကြောင်း တွေ့ရသည်။ အဆိုပါ ကာကွယ်ဆေးကို လူသားများ၌ စမ်းသပ်အသုံးပြုနိုင်ရန် သုံးနှစ်အတွင်း အဆင်သင့်ဖြစ်မည်ဟု သူ ထင်ကြောင်း ဤလေ့လာမှုကို ဦးဆောင်ခဲ့သူ အိုရေဂွန်ပြည်နယ် အမျိုး

www.burmeseclassic.com

www.burmeseclassic.com

သား ညာဏ်ရည်မြင့် နို့တိုက်သတ္တဝါများ သုတေသနစင်တာ (Oregon National Primate Research Centre) မှ ဒေါက်တာ လူးဝစ်ပစ်ကာက ပြောကြားသည်။

CMV ဗိုင်းရပ်စ်သည် HIV ပိုးနှင့်ပတ်သက်၍ ဆက်တိုက် တစ်သမတ် နှိုးကြားနေမှုကို ကိုယ်တွင်း၌ ဖြစ်ပေါ်နေစေကြောင်း၊ လူသားများတွင် ကူးစက်နိုင်သော HIV ပိုးနှင့် တစ်မျိုးစိတ်တည်းဖြစ်သည့် မျောက်များတွင် ကူးစက်သော ခုခံအားကျဆင်းမှု ဗိုင်းရပ်စ် (Simian Immunodeficiency Virus, SIV) နှင့် စမ်းသပ်ရာတွင် အထူးကျေနပ်ဖွယ်ရာ ရလဒ်ကို ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ကမ္ဘာတစ်ဝန်း၌ လက်ရှိ အသုံးပြုနေဆဲ သာမန် HIV ပိုးသတ်ကုထုံးများ (Conventional Antiretroviral Therapies) သည် HIV ပိုး ပွံ့ပွားခြင်းကို ထိန်းချုပ်နိုင်ရုံသာ တတ်နိုင်ပြီး သွေးဖြူဥဆဲလ်များအတွင်း၌ တွယ်တပ် ပုန်းအောင်းနေသော ပိုးများကို အပြီးသတ် ရှင်းထုတ်သုတ်သင်နိုင်စွမ်း မရှိသေးပေ။

သို့သော် အဆိုပါ စမ်းသပ်ဆဲ ဆေးဝါးဖြင့် ကုသအပြီး၌ အစမ်းသပ်ခံမျောက်များ၏ တစ်ဝက်ကျော်သည် အနည်းဆုံး ပိုးပမာဏအထိ အာရုံ အခံနိုင်ဆုံး စမ်းသပ်မှုများဖြင့်ပင် SIV ဗိုင်းရပ်စ် ကိုယ်ထဲ၌ လုံးဝ မတွေ့ရတော့ကြောင်း သိရသည်။ ထို့အပြင် ထိုမျောက်များ၏ အများစုသည် အဆိုပါ ခုခံအားကျရောဂါပိုးကို တစ်နှစ်ကျော်အထိ ခံနိုင်ရည်ရှိပြီး တဖြည်းဖြည်းနှင့် ၎င်းတို့သည် ဗိုင်းရပ်စ်ကူးစက်ခံရမှု ခံရဖူးသော လက္ခဏာများပင် ပျောက်ကွယ်သွားသည်ကို တွေ့ရသလို လုံးဝ ကာကွယ်ဆေးထိုးမထားသော မျောက်များသည် ကိုယ်ခံအားစနစ် ပျောက်ယွင်းကာ AIDS ရောဂါ ဆက်လက်ခံစားရကြောင်း တွေ့ရသဖြင့် ဆေး၏ အာနိသင်ကို လက်တွေ့ အတည်ပြုနိုင်ပြီဖြစ်ကြောင်း ဤအစွမ်းသည် လူသားခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com

အတွင်းမှ HIV ပိုးကို ဖယ်ရှားပစ်နိုင်ရန် လုံလောက်သော အတိုင်းအတာ ဖြစ်သောကြောင့် ကာကွယ်ဆေးအဖြစ်သာမက ကုသဆေးအဖြစ်ပါ သုံးနိုင်မည်ဟု သုတေသနစာတမ်း၌ ဖော်ပြပါရှိသည်။

ဒီဆေးရဲ့ တိုးတက်မှု နောက်ခြေတစ်လှမ်းကတော့ လူသားတွေမှာ ဆေးသုတေသန စမ်းသပ်ချက်လုပ်ဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် လူမှာ စမ်းမယ်ဆိုရင် CMV ဗိုင်းရပ်စ်ဟာ ရောဂါပေးနိုင်လောက်တဲ့အထိ အစွမ်း မရှိတာမျိုးပဲ သုံးမှာပါ။ ဒါပေမယ့် ဆေးရဲ့ HIV ပိုးကို ကာကွယ်တိုက်ခိုက် နိုင်စွမ်းကတော့ ကျသွားမှာ မဟုတ်ပါဘူး။ ရောဂါပေးနိုင်စွမ်း အရမ်းနိမ့်တဲ့ CMV ပိုးရဲ့ မျိုးရိုးဗီဇ ဒီဇိုင်းကို ပထမဆုံး လုပ်ငန်းစဉ်အနေနဲ့ ကျွန်တော် တို့ ဖန်တီးနေကြပါပြီ"ဟု ဒေါက်တာပစ်ကာက ရှင်းပြသည်။

ထို့အတူ ယခု သုတေသနကို ရန်ပုံငွေ ထောက်ပံ့ပေးခဲ့သူ နိုင်ငံ တကာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ဆေး ဦးဆောင်ရှာဖွေရေး အဖွဲ့ (IAVI) ၏ သိပ္ပံအရာရှိချုပ် ဒေါက်တာဂိန်းကော့ဖ်ကလည်း 'တိရစ္ဆာန်တွေမှာရှိတဲ့ HIV ပိုးကို တိုက်နိုင်တဲ့ ဒီဆေးသာ လူသားတွေ ကိုယ်မှာ တူညီတဲ့ အာနိသင် ပထမဆုံးအဖြစ် ပြနိုင်ခဲ့ရင်ဆိုတဲ့ မျှော်လင့် ချက်ဟာ အရမ်းစိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ လူသားရဲ့ ကိုယ်ခံအား စနစ်ဟာ HIV ပိုးကို ပြီးသွားတဲ့ အနေအထားမျိုး ရောက်လာဖို့ ဖြစ်နိုင်ခြေ တွေ အများကြီး တွေ့နေရပါပြီ။ ဒီစမ်းသပ်ချက်တွေကနေ AIDS ရောဂါ ကာကွယ်ကုသဆေးကို ဘယ်လို ဖော်စပ်ရမလဲဆိုတဲ့ အချက်တွေ သိရ တော့မှာ ဖြစ်ပါတယ်'ဟု Daily Mial သတင်းဌာနသို့ ပြောပြခဲ့သည်။

လက်ရှိ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၆၉၀၀ ခန့်တွင် ၃၃.၃ သန်း သည် HIV ပိုး ကူးစက်ခြင်းကြောင့် ဖြစ်ရသော AIDS ခေါ် ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ ခံစားနေရကြောင်းနှင့် ကမ္ဘာတစ်ဝန်း လူပေါင်း ၂၅ သန်း သေဆုံးစေခဲ့ပြီးဖြစ်ကြောင်း ကုလသမဂ္ဂ၏ ကိန်းဂဏန်းများ

www.burmeseclassic.com

www.burmeseclassic.com

အရ သိရသည်။ အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်းမှ အများဆုံး ကူးစက်ပြီး အပ်ဝေမျှသုံးသော မူးယစ်ဆေးစွဲသူများ၊ ရောဂါရှိသူ မိခင်၏ ရင်သွေးများ၊ သွေးနှင့် ခန္ဓာကိုယ် အရည်များမှတစ်ဆင့် ကူးစက်နိုင်စွမ်းများစသဖြင့် ရှိနေပြီး ကာကွယ်နိုင် နည်းလမ်းများ ထိရောက်မှု နည်းနေသောကြောင့် ရောဂါပိုး ရှိသူအရေအတွက် တိုးလာနေသော ယနေ့ကမ္ဘာကြီးတွင် ကာကွယ်ဆေးသည်သာ အကောင်းဆုံး မျှော်လင့်ချက် ဖြစ်သည်ဟု ပညာရှင်များက ဝေဖန်သုံးသပ်ကြသည်။

ကမ္ဘာ့ဆေးကုမ္ပဏီကြီးများနှင့် ဆေးသိပ္ပံပညာရှင်များသည် ဤသုတေသန ရလဒ်မှ HIV ကာကွယ်ဆေး ပေါ်ထွန်းလာရေးအတွက် ပူး ပေါင်းကြိုးစားကြမည်ဟု အင်တာနက်သတင်းများအရ ကြားသိရသည်။

(အင်တာနက်)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**အင်တာနက် သုံးစွဲသူ မိတ်ဆွေများသို့. . .**

ကျွန်တော်၏ စာဖတ်သူ မိတ်ဆွေများနှင့် အွန်လိုင်းပေါ်မှ မိတ်ဆွေများ အချင်းချင်း ခင်မင်ရင်းနှီးမှုရစေရန်၊ တစ်စုတစ်စည်းတည်း အယူအဆများ ဖလှယ်ဆွေးနွေးရင်း ပျော်ရွှင်စေရန် ရည်ရွယ်၍ ကျွန်တော်မှ Facebook မှတစ်ဆင့် 'သံယောဇဉ်ဆုံမှတ်'ဟု အမည်ရသော Group လေးတစ်ခုအား တည်ထောင်ဖွဲ့စည်းထားပါသည်။ ထိုအဖွဲ့လေးတွင် ပါဝင်ပါက သံယောဇဉ်ဆုံမှတ် Post တင်သည့်ဆိုဒ်တွင် ညစ်ညမ်းမှုကင်းစင်သည့် မည်သည့်ပို့စ်မျိုးမဆို ရေးသားတင်သွင်းနိုင်မည်ဖြစ်ပြီး သံယောဇဉ်ဆုံမှတ် Group Chat အား အသုံးပြုလိုပါက လူအများနှင့် တစ်ပြိုင်တည်း Chat နိုင်သည့် Chat Box အား မိတ်ဆွေ၏ Facebook စာမျက်နှာတွင် ချပေးမည် ဖြစ်ပါသည်။ BURMESE CLASSIC

အထူးပြောကြားလိုတာကတော့ သံယောဇဉ်ဆုံမှတ် ပို့စ်တင်သည့် စာမျက်နှာတွင် လာရောက်ဖော်ပြသော ပို့စ်များအား အက်မင် (**Admin**) အဖွဲ့မှ စောင့်ကြည့်အကဲဖြတ်နေမည်ဖြစ်ပြီး စာဖတ်သူများ ကျေနပ်နှစ်သက် လက်ခံနိုင်လောက်သည့် ပို့စ် (ကဗျာ၊ ဝတ္ထု၊ အက်ဆေး၊ ဆောင်းပါး)များကို မှတ်ယူသိမ်းဆည်းပြီး စာမူခ ချီးမြှင့်မှာဖြစ်သလို စာအုပ်အဖြစ်လည်း ထုတ်ဝေပေးသွားမှာ ဖြစ်ပါသည်။ (စကားလုံးအရေအတွက် ပိုင်းခြတ် တန့်ကတ်ချက် မရှိပါ။)

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ဝင်များအား စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သည့် ထိခိုက်နစ်နာစေနိုင်သည့် ပို့စ်မျိုးကို တွေ့ရှိလျှင်တော့ အက်မင်အဖွဲ့က စာမျက်နှာပေါ်မှ ဖယ်ရှားပစ်မှာဖြစ်ကြောင်း၊ ဒါဟာ နိုင်ငံရေးလုပ်နေတာမဟုတ်ဘဲ အွန်လိုင်းမှာ သာယာနေသော လူငယ်တွေ စာပေဘက် စိတ်လည်လာစေလိုသောဆန္ဒဖြင့် မြေစမ်းခရမ်းပျိုးခြင်းသာဖြစ်ကြောင်း၊ အပျော်တမ်းထက် 'နည်းနည်းလေးပဲဖြစ်ဖြစ်' လေးနက်ကြည့်စေလိုသော ဆန္ဒမျှသာဖြစ်ကြောင်း။

ဆန္ဒရှိ၍ အဖွဲ့တွင်းသို့ ဝင်ရောက်လိုပါလျှင်-

kalarlaybarbupar@gmail.com
thetoomaung10@gmail.com
pince.pince.pince.4@gmail.com
athaekwemoe@gmail.com
snowwhite@gmail.com
space.overstep486@gmail.com
တို့ကို အပ်နှံ၍ မေးမြန်းဆက်သွယ် ဝင်ရောက်နိုင်ပါကြောင်း...
ထိုမျှသာ...

သံယောဇဉ်ဖြင့်
လင်းညို့သွေး

www.burmeseclassic.com